# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦးတက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၉၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ နဝမနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားမယ့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး ဇယားနဲ့ ဖတ်ပြပါ့မယ်။

ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်ရေးကိုယ်တာ၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ပြည်ပတာဝန်၊ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး န၀မနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦး၊ ယနေ့ ခွင့်ပြုထားသူ (၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**တီးတိန်မြို့ မြို့တွင်းကတ္တရာလမ်းကို နှစ်လမ်းသွားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့ မြို့တွင်းကတ္တရာလမ်းကို နှစ်လမ်းသွားလမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၀၆။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းတင်ပြမှာကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့ မြို့တွင်းကတ္တရာလမ်းအား နှစ်လမ်းသွားအဖြစ် တိုးချဲ့ခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ တီးတိန်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်(မြောက်ပိုင်း) ဆက်သွယ်သည့် ကလေး-တီးတိန်-တွန်းဇံ-ကျီခါး မှ အိန္ဒိယနိုင်ငံနယ်စပ်အထိ ဆက်သွယ်သော လမ်းမကြီး ဖြတ်သန်းခဲ့သည့် မြို့တစ်မြို့ဖြစ်တဲ့အပြင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးဖြစ်သည့် ကလေး-တီးတိန်-ရိခေါဒါရ် မှ အိန္ဒိယနိုင်ငံအထိ ဆက်သွယ်သော လမ်းမကြီးများ ဖြတ်သန်းခဲ့သည့် မြို့တစ်မြို့ဖြစ်ပါသဖြင့် မြို့တွင်းကတ္တရာလမ်းသည် အထက်ပါ အဝေးပြေးလမ်းများအတွက် အသုံးပြုလျက်ရှိသော မြို့တွင်းလမ်း ဖြစ်ပါတယ်။ တီးတိန်မြို့တွင်းကတ္တရာလမ်းသည် ၁၉၇၈ ခုနှစ်ခန့်က စတင်ပြီး တစ်လမ်းသွားအဖြစ် နိုင်ငံတော်မှ ဆောက်လုပ်ပေးခဲ့ပါတယ်။ ယခုအခါ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာသည် နှင့်အညီ ကျွန်တော်တို့ဒေသမှာလည်း ဖွံ့ဖြိုးတိုးတက်လာပြီး မြို့တွင်း၌ ယာဉ်သွားလာမှု များပြားလာသဖြင့် ကတ္တရာလမ်း အကျယ်သည် လုံလောက်မှုမရှိတော့ဘဲ ယာဉ်တိုက်မှုအန္တရာယ်များ မကြာခဏ ကြုံတွေ့နေရပါတယ်ခင်ဗျား။

တီးတိန်မြို့တွင်းလမ်းသည် အရှည်(၄)မိုင်ခန့်ရှိပြီး ကတ္တရာလမ်းကို နှစ်လမ်းသွားအဖြစ် တိုးချဲ့ဆောက်လုပ်ပေးပါက လမ်းသားမြေသားအကျယ် ချဲ့ရန်မလိုတော့ဘဲ လက်ရှိမြေသားလမ်းပေါ်မှာ ကတ္တရာ တိုးချဲ့ခင်းပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများ၏ လိုလားတောင့်တလျက်ရှိသော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုလာမှာလည်း ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ တီးတိန်မြို့တွင်းကတ္တရာလမ်းကို နှစ်လမ်းသွားအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနဲ့ အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးပါရန် ပြည်သူလူထုများ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကြည့်မြင်တိုင်၊ သီရိမင်္ဂလာဈေးဟောင်းမှ ဗိုလ်တထောင်၊ သန်လျက်စွန်းအထိ တိုးချဲ့သော ကမ်းနားလမ်းမကြီးမှာ အထူးကောင်းမွန်သောကြောင့် သစ်တင်ကားကြီးများ၊ ကွန်တိန်နာကားကြီးများကို ထိုလမ်းပေါ်တွင် ပြေးဆွဲခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က ကြည့်မြင်တိုင်၊ သီရိမင်္ဂလာဈေးဟောင်းမှ ဗိုလ်တထောင်၊ သန်လျက်စွန်းအထိ တိုးချဲ့သော ကမ်းနားလမ်းမကြီးမှာ အထူးကောင်းမွန်သောကြောင့် သစ်တင်ကားကြီးများ၊ ကွန်တိန်နာကားကြီးများကို ထိုလမ်းပေါ်တွင် ပြေးဆွဲခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၀။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကာယသုခ၊ စိတ္တသုခ သုခနှစ်ဖြာဖြင့် ပြီးပြည့်စုံပါစေကြောင်း ဆန္ဒပြုရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ တင်ထားခဲ့တဲ့ နဝမမြောက် မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ရန်ကုန်တိုင်းဒေသကြီးနဲ့လည်း သက်ဆိုင်ပါတယ်။ ဒါကြောင့်

တိုင်းဒေသကြီးမှ ကိုယ်စားလှယ်တော်များကို မေးမြန်းတဲ့အခါ ဒီမေးခွန်း မေးမြန်းခြင်းမရှိကြောင်း သိရတဲ့အတွက် ယနေ့ အမျိုးသားလွှတ်တော်မှာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီမေးမြန်းချက်ဟာ လည်းပဲ နိုင်ငံတော်အတွက်နဲ့ နိုင်ငံတော်သား ပြည်သူများရဲ့အကျိုးကို မျှော်ကိုးပြီးတော့ မေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းရဲ့ အလိုမှာ ကျွန်တော်တို့ ကြည်မြင်တိုင်မြို့နယ်အတွင်းမှာရှိတဲ့ သီရိမင်္ဂလာ ဈေးဟောင်း ကနေပြီးတော့ ဗိုလ်တထောင်၊ သန်လျက်စွန်းအထိ ဆောက်လုပ်ထားတဲ့ B.O.T စနစ်နဲ့ပဲလား၊ Joint Venture စနစ်နဲ့ပဲလားတော့ မသိဘူး။ တော်တော်လေးကို ကောင်းတဲ့ နေပြည်တော်-ရန်ကုန် အဝေးပြေးလမ်းမကြီးကဲ့သို့ ကောင်းတဲ့ လမ်းမကြီးတစ်ခု ဖြစ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကွန်တိန်နာကားကြီးတွေ၊ သစ်တင်ကားကြီး တွေဟာ ကျွန်တော်တို့ တစ်ချိန်တုန်းက ဆံပင်သွားညှပ်တဲ့အချိန်မှာကို မျက်မြင်တွေ့ခဲ့ရတဲ့အတွက် သစ်လုံးကြီးတစ်လုံးဟာ အောက်ကိုပြုတ်ကျသွားတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော် ဒီဥစ္စာဟာ ပြုပြင်မှ ဖြစ်နိုင်မယ်ဆိုတဲ့ အနေအထားမျိုးကို သုံးသပ်မိတဲ့အတွက် ဒီမေးခွန်းကို တင်ဆက်မေးမြန်းရခြင်း ဖြစ်ပါတယ်။ First November မှာတော့ ကြေးမုံရော၊ The News Light of Myanmar မှာပါ ကျွန်တော်တို့ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး၊ လမ်းသားများ ချဲ့ထွင် ဆိုပြီးတော့ ကျွန်တော် တင်ပြခဲ့တဲ့ ဗိုလ်တထောင်ဘုရားလမ်းမှာ ကနေပြီးတော့ သန်လျက်စွန်း အထိ ကျွန်တော်တို့ ချဲ့မယ်ဆိုတဲ့ လမ်းပုံလေးကို ကျွန်တော်တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဝမ်းမြောက်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကတော့ မဟာဗန္ဓုလလမ်းမှာ အလွန်ကြပ်တဲ့ မော်တော်ယာဉ်သွားလာမှုကို ကျွန်တော်တို့ တွေ့နေရပါတယ်။ မော်တော်ယာဉ်တွေ များမှုကတော့ ဘယ်လိုမှ တားလို့မရပါဘူး။ သမ္မတကြီး ကိုယ်တိုင်ကလည်းပဲ လူလတ်ပိုင်းတွေ မော်တော်ယာဉ် စီးနိုင်အောင် စီစဉ်တယ်။ ဒါပေမဲ့ ဖြစ်မလာဘူးဆိုတော့ သမ္မတကြီးရဲ့ စေတနာ အရ မော်တော်ယာဉ်တွေဟာ ကိုယ်ပိုင်မော်တော်ယာဉ် စီးနိုင်တဲ့ အခြေအနေဟာ နောက်ပိုင်းမှာ ပိုပြီးပေးလာဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီ မဟာဗန္ဓုလလမ်းမှာလည်းပဲ ကျွန်တော်တို့ ပြေးနေတဲ့ ခရီးသွား လုပ်သားပြည်သူများအတွက် တင်ဆောင်နေတဲ့ မော်တော်ယာဉ်တွေဟာ ပြွတ်သိပ်ပြီးကြပ်နေ ပါတယ်။ တစ်ခါ လသာမြို့နယ်မှာဆိုရင်လည်းပဲ ကျွန်တော်တို့ စည်ပင်သာယာရဲ့ စည်းကမ်းမဲ့ မှုကြောင့် လမ်းမှာ ညနေ(၃)နာရီလောက် (၂)နာရီခွဲလောက်ကနေ စပြီးတော့ လမ်းမကြီးမှာ၊ မော်တော်ယာဉ်သွားတဲ့ လမ်းမကြီးမှာ ဆိုင်တွေ ခင်းပါတယ်။ ပထမ ဘယ်ဘက်မှာပဲ ရှိပါတယ်။ အခု ညာဘက်မှာပါ ရှိပါတယ်။ ဒါတွေကို လသာမြို့နယ် စည်ပင်သာယာရေးကော်မတီအနေနဲ့ လည်း ထိန်းကွပ်ဖို့ကောင်းပါတယ်။ နောက် တစ်ဖက်မှာ ပွဲတော်ရက်မှာ ခွင့်ပြုတဲ့အတွက်ကတော့ ခြွင်းချက်အနေနဲ့ ထားဖို့သင့်ပါတယ်။ နောက် နေ့ရှိသ၍ ဒီလိုဆိုင်ခန်းတွေကို ပေးရောင်းလိုက်တဲ့ အတွက် မော်တော်ယာဉ်သွားလာမှုဟာ အလွန်ပင်မော်တော်ယာဉ်ပိတ်ဆို့မှုဟာ တော်တော်လေးကို ကြန့်ကြာမှုဖြစ်ပါတယ်ဆိုတာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ မဟာဗန္ဓုလလမ်းဘက်က ပြေးနေတဲ့ မော်တော်ယာဉ် (၂)လိုင်းလောက် ကိုလည်းပဲ ကျွန်တော်တို့ အင်းစိန်ဘက်ကနေလာတဲ့ မော်တော်ယာဉ်များကို ဒီ ကမ်းနားဘက် ကနေပြေးမယ်။ ကွန်တိန်နာနဲ့ သစ်လုံးတင်ကားတွေကို ယခု ပြီးစီးခဲ့ပြီဆိုတဲ့ လမ်းကောင်းကြီး ပေါ်မှာများ ပေးပြေးလိုက်လို့ရှိရင် အန္တရာယ်လည်းကင်းမယ်။ ယာဉ်သွား/ယာဉ်လာလည်း ကောင်းလိမ့်မယ်ဆိုတဲ့ ယူဆချက်နဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်သော ပြည်ထောင်စု ဒုတိယဝန်ကြီးအား ကြည့်မြင်တိုင်၊ သီရိမင်္ဂလာဈေးဟောင်းမှ ဗိုလ်တထောင်၊ သန်လျက်စွန်းအထိ တိုးချဲ့သော ကမ်းနားလမ်းမကြီးမှာ အထူးကောင်းမွန်သော ကြောင့် သစ်တင်ကားကြီးများ၊ ကွန်တိန်နာကားကြီးများကို ထိုလမ်းပေါ်တွင် ပြေးဆွဲခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ ကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့၊ လုံပီးရပ်ကွက်တွင် ခေတ်မီတိုးချဲ့ မြို့ပြစီမံကိန်းကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁ဝး၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့၊ လုံပီးရပ်ကွက်တွင် ခေတ်မီတိုးချဲ့ မြို့ပြစီမံကိန်းကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁ဝး၁၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့၊ လုံပီးရပ်ကွက်တွင် ခေတ်မီတိုးချဲ့ မြို့ပြစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ပေးရန် မေးခွန်း မေးမြန်းခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အခုလက်ရှိမှာ ဒီရန်ကုန်မှာပဲ ကျွန်တော်တို့ နိုင်ငံရဲ့ လူဦးရေအားလုံး (၁၀)ရာခိုင်နှုန်းလောက်က ရှိနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးဖို့ဆိုရင် ကျွန်တော်တို့ နေရာတော်တော်အနှံ့မှာလည်း မြို့ပြစီမံကိန်းတွေကို စနစ်တကျ ရေးဆွဲပြီးတော့ ဖွံ့ဖြိုးအောင်လုပ်ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ ဂျာမဏီရဲ့ အကူအညီဖြင့် ကျွန်တော်တို့နိုင်ငံမှာ (၅၄)မြို့လောက် မြို့ပြစီမံကိန်း ရေးဆွဲပေးဖို့ အစီအစဉ် ရှိတယ်လို့လည်း သိရတယ်။ ဒီစီမံကိန်းတွေမှာရော ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဘယ်နှမြို့လောက် ပါဝင်တယ် ဆိုတာလည်းပဲ သိချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီချင်းပြည်နယ်၊ ဖလမ်းမြို့မှာကတော့ အခုဒီမြေနေရာ လည်း တော်တော်လေး ရှားပါးလာပါတယ်။ ကျွန်တော်တို့လည်း လွှတ်တော်ကိုယ်စားလှယ် (၃)ယောက်ကလည်း ဒီရန်ကုန်မှာပဲ နေပါတယ်။ ဖလမ်းမှာ အိမ်ဆောက်ချင်ပါတယ်။ ကျွန်တော်တို့ မြေနေရာတွေ၊ အိမ်ဆောက်ဖို့ နေရာတွေ သွားရှာပေမယ့် မြေနေရာလည်း တစ်နေရာမှ မရှိတော့ ပါဘူး။ ဒီလိုမျိုးအခြေအနေတွေ ဖြစ်လာပါတယ်။ ပြီးတော့ ကျွန်တော်တို့ဟိုမှာရှိတဲ့ အဆောက်အအုံ တွေကလည်း အနှစ်(၁၀၀)ကျော် အဆောက်အအုံတွေ၊ အင်္ဂလိပ်ခေတ်က အဆောက်အအုံတွေ

ဆိုတော့ အိုမင်းပြီးတော့ ဟောင်းနွမ်းနေပြီလည်း ဖြစ်ပါတယ်။ ဒီ ဖ.ဆ.ပ.လ ခေတ်မှာတော့ ဒီ ဖလမ်းမြို့ကို ခေတ်မီတိုးချဲ့ မြို့ပြစီမံကိန်းလုပ်ဖို့ရန် ရေးဆွဲခဲ့ပါတယ်။ သို့သော် အကြောင်း အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပါဘူး။ အခု ချင်းပြည်နယ်၊ ဖလမ်းမြို့ လုံပီးရပ်ကွက်မှာ ခေတ်မီ တိုးချဲ့ မြို့ပြစီမံကိန်း စနစ်တကျ ရေးဆွဲပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဂျိုးဖြူပိုက်လုံးအနီးရှိ ဆင်စခန်းအုပ်စုနှင့် လိမ္မော်ခြံအုပ်စုများ အတွင်းရှိ ကျေးရွာများအတွက် ဂျိုးဖြူပိုက်လုံးမှ ရေမီတာတပ်ဆင်၍ ရေကန်များ တည်ဆောက်ပြီး ၄င်းအိမ်ထောင်စုများအား သောက်သုံးရေ ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က ဂျိုးဖြူပိုက်လုံးအနီးရှိ ဆင်စခန်းအုပ်စုနှင့် လိမ္မော်ခြံအုပ်စုများအတွင်းရှိ ကျေးရွာများအတွက် ဂျိုးဖြူပိုက်လုံးမှ ရေမီတာတပ်ဆင်၍ ရေကန်များ တည်ဆောက်ပြီး ၄င်း အိမ်ထောင်စုများအား သောက်သုံးရေ ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၁။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါ စေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာ ပါဝင်တဲ့ တိုက်ကြီးမြို့နယ်၊ ကျေးရွာ အုပ်စု (၉၄)အုပ်စုကို ဒီဒေသခံ ပြည်သူများနဲ့ ကွင်းဆင်းထိတွေ့တဲ့ အခါမှာ တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူရေလှောင်ကန် အနီးတစ်ဝိုက်နှင့် ဂျိုးဖြူပိုက်လုံးကြီး ဖြတ်သန်းသွားရာ ကျေးရွာအုပ်စု များဖြစ်ကြတဲ့ ချင်းကုန်းအုပ်စု၊ ဆင်စခန်းအုပ်စု၊ လိမ္မော်ခြံအုပ်စုများ အတွင်းမှာရှိတဲ့ ချင်းကုန်း

အုပ်စုမှာ ကျေးရွာခွဲ(၆)ရွာ၊ ဆင်စခန်းအုပ်စုမှာ ကျေးရွာခွဲ(၅)ရွာ၊ လိမ္မော်ခြံအုပ်စုမှာ ကျေးရွာခွဲ (၆)ရွာ ရှိကြပြီးတော့ အဲဒီ ကျေးရွာများဟာ ဂျိုးဖြူပိုက်လုံးကြီး၏ ဝဲ/ယာမှာ ယခင် ဂျိုးဖြူကန်ကြီး စတင်တည်ဆောက်ခဲ့စဉ်ကတည်းက တည်ရှိခဲ့တဲ့ တောင်ပေါ်၊ တောင်ကုန်းများပေါ်ရှိ ကျေးရွာများ ဖြစ်ကြပါတယ်။

ဂျိုးဖြူကန်ကြီးနှင့် ဂျိုးဖြူပိုက်လုံးအား စတင်ဆောက်လုပ်ခဲ့စဉ်မှ ယနေ့အထိ ခေတ်အဆက်ဆက် လုံခြုံရေးတာဝန်များကို ကျေးရွာနေပြည်သူများဟာ အမှတ်(၁)တိုင်းဗဟို လေ့ကျင့်ရေးကျောင်း တာဝန်ရှိသူများနှင့် ပူးပေါင်းတာဝန်ယူပြီးတော့ ယနေ့တိုင် စောင့်ရှောက်လာခဲ့ရတာ ဖြစ်ပါတယ်။ ၎င်းကျေးရွာများကို သောက်သုံးရေ ရရှိရေးအတွက် မြို့နယ်မှ ခေတ်မီ စက်ကိရိယာများနှင့် ပေပေါင်းများစွာ တူးဖော်ပြီး စက်ရေတွင်းများ ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပါ။ ၎င်းကျေးရွာများသည် ချောင်းရေ၊ စမ်းရေများ နွေအခါ ပိတ်ဆို့တားဆီး သိုလှောင်ပြီးတော့မှ သောက်သုံးနေရတဲ့အတွက် ၄က်ဖျားရောဂါများ တစ်ချိန်က ထူပေါခဲ့တဲ့ ယနေ့အထိ အမြစ်မပြတ်တဲ့ ရောဂါများ ဖြစ်ပေါ်လျက်ရှိနေကြပါတယ်။

ယခုအခါ ချင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ရေအေးစမ်းကျေးရွာတွင် မြို့တော်စည်ပင်သာယာရေးကော်မတီမှ (၄")ပိုက်ဖြင့် ဂျိုးဖြူပိုက်လုံးကြီးမှ အိမ်ထောင်စုများသို့ တိုက်ရိုက် ရေမီတာများ တပ်ဆင်၍ သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိနေပါတယ်။ သို့အတွက် ဂျိုးဖြူပိုက်လုံးအနီးမှာရှိတဲ့ ဆင်စခန်းအုပ်စုနှင့် လိမ္မော်ခြံအုပ်စု များအတွင်းရှိ ကျေးရွာများ ဂျိုးဖြူပိုက်လုံးမှ ရေမီတာများတပ်ဆင်ပြီး ရေကန်များ တည်ဆောက်ပြီးတော့ ၎င်း အိမ်ထောင်စုများအား ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ နှင့် ရှိပါကလည်း မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီးအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်။ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီးအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၃။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်မှာရှိနေတဲ့ အောက်မင်္ဂလာဒုံလမ်းမကြီးကို ပြန်လည်ပြုပြင်ပေးနိုင်မယ့် အခြေအနေနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်မှာရှိနေတဲ့ အင်းစိန်မြို့မှာ အောက်မင်္ဂလာဒုံလမ်းမကြီးဟာဖြင့် ရောင်းဝယ်ဖောက်ကား လူအများတို့ သွားလာပြီး အလွန်စည်ကားတဲ့ လမ်းကြီးတစ်လမ်းဖြစ်နေတဲ့ အတွက်ကြောင့် ဒေသခံပြည်သူများကပင် မြို့ကျက်သရေဆောင် လမ်းမကြီးတစ်ခုအဖြစ်နဲ့ မှတ်ယူတဲ့ လမ်းမကြီးဖြစ်ပါတယ်။ အဲဒီလမ်းမကြီးဟာ ရန်ကုန်မြို့တွင်းကို ဆက်သွယ်သွားလာနေတဲ့ ခရီးသည်တွေတင်တဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ၊ ကုန်တင်ကားတွေ၊ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်တွေ၊ ခြေလျင် သွားတဲ့သူတွေနဲ့ နေ့/ညမပြတ် ဝင်ထွက်သွားလာနေပြီး အင်မတန်စည်ကားတဲ့ လမ်းမကြီးတစ်ခု ဖြစ်နေပါတယ်။ အထူးသဖြင့် ဒီလမ်းမကြီးပေါ်မှာ အောင်ဆန်းဈေး၊ ဖော့ကန်ဈေး စတဲ့ဈေးကြီးတွေ၊ အုတ်လုပ်ငန်းစက်ရုံကြီးတွေ၊ အလုပ်ရုံကြီးတွေ လမ်းမကြီးရဲ့ ဝဲယာနှစ်ဖက်စလုံးမှာ ကုန်စုံဆိုင်တွေ၊ အရောင်းဆိုင်တွေ၊ အလုပ်ရုံတွေနဲ့ အခြေခံပညာသင်ကျောင်းများပါ စည်စည်ကားကား၊ အလွန် အချက်အခြာကျတဲ့ လမ်းမကြီးတစ်ခု ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အများပြည်သူတို့ အလွန်စိတ်ပါဝင်စားအားထားနေတဲ့ ဒီလမ်းမကြီးဟာ ဒညင်းကုန်းလမ်းဆုံကနေ ဂျီတီအိုင်လမ်းဆုံအထိ (၂)မိုင်ခန့်ရှည်တဲ့ လမ်းမကြီးဟာဖြင့် ပြုပြင်မွမ်းမံခဲ့ခြင်းမရှိသည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်ပါတယ်။ လမ်းမကြီးဟာ ပေအကျယ် ပေ(၇၀)လောက် ကျယ်ဝန်းပြီးတော့ ကတ္တရာလမ်းဟောင်းရှိနေပေမယ့် အချို့နေရာများမှာ ကား(၂)စီး ရှောင်သာလောက်အောင်ပင် လမ်းက မကောင်းတော့ဘဲနဲ့ လမ်းတစ်လျှောက်လုံးမှာ ချိုင့်ခွက်တွေ၊ လမ်းပေါက်တွေ၊ လှိုင်းတွန့်တွေ၊ ရေအိုင်တွေနဲ့ နေရာမလပ် အလွန်ပျက်စီးနေတာ ဖြစ်ပါတယ်။ လမ်းကျယ်လမ်းမကြီး တစ်လျှောက်မှာ အလွန်စည်ကားနေသလောက် လမ်းတစ်လျှောက် ခရီးသွားပြည်သူများအတွက် လမ်းဘေးပလက်ဖောင်း ကြီး/ငယ် မယ်မယ်ရရ သတ်မှတ်ဆောင်ရွက်ထားပေးခြင်း မရှိတဲ့အတွက်ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အလွန်စိုးရိမ်ဖွယ်ရာ အခြေအနေလည်း ရှိနေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ၊ သက်ဆိုင်သူများကနေ ဦးစားပေး အစီအစဉ်ဖြင့် အမြန်ဆောင်ရွက် ပြင်ဆင်ပေးနိုင်မည့် နေ့ရက်ကိုသာ ဒေသခံပြည်သူများက အထူးစောင့်စားမျှော်လင့်လျက် ရှိပါကြောင်းလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ပြီးတဲ့ မိုးရာသီ၊ မဲဆန္ဒရှင်နဲ့တွေ့ဆုံရာ ခရီးသွားစဉ်က တွေ့ခဲ့သော မြင်ကွင်းကို ယခု ဖော်ပြတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ စတုတ္ထပုံမှန် အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ ဒီမေးခွန်းဟာ ယခုအခါမှာ ကျွန်တော်မေးမြန်းဖို့အခွင့်ကြုံတာဖြစ်ပြီး၊ အခုအခါမှာ ကျွန်တော် စတုတ္ထပုံမှန်အစည်းအဝေးအပြီး ကွင်းဆင်းပြီးဆောင်ရွက်တဲ့အခါမှာ စတင်ပြင်ဆင်နေပြီဖြစ်ကြောင်းကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဒါကြောင့် ဒေသခံပြည်သူတို့ရဲ့ ဆန္ဒလိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မှာရှိနေတဲ့ အောက်မင်္ဂလာဒုံလမ်းမကြီးကို ပြန်လည်ပြုပြင်နေတဲ့ လက်ရှိအခြေအနေနဲ့ အဲဒီပြုပြင်ဆောင်ရွက်နေတဲ့ အခြေအနေဟာ မည်သည့်ကာလလောက်မှာ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ အခြေအနေအရပ်ရပ်တို့ကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးများစွာတင်ပါတယ်။

**မြိတ်မြို့နှင့် တနင်္သာရီမြို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းအပိုင်းအား အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန် က မြိတ်မြို့နှင့် တနင်္သာရီမြို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းအပိုင်းအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၇။**

**ဦးတင်ရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှိန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြိတ်မြို့မှ တနင်္သာရီမြို့သို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းအပိုင်းအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ ပြီးစီးပါက ထိန်းသိမ်းဆောင်ရွက်သွားမည့် အစီအမံများကို သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ဆိပ်ငယ်ဗောတံတားမှ တနင်္သာရီမြို့တံတားအထိ အရှည်(၅၅)မိုင်ခန့်ရှိတဲ့ ပြည်ထောင်စုလမ်းအပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှာ ဒေသခံပြည်သူများရဲ့ ခရီးသွားလာရေးများ အဆင်ပြေပြီးတော့ လူမှုစီးပွားရေးဘဝ တိုးတက်ကောင်းမွန်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ နှင့် ၂၀၁၁-၂၀၁၂ ခုနှစ် (၂)နှစ်တာကာလအတွင်းမှာ နိုင်ငံတော်က စေတနာနဲ့ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် B.O.T စနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါတယ်။

ယင်း ကားလမ်း အပိုင်းအား တိုးချဲ့ပြုပြင်ဖောက်လုပ်ခဲ့ရာမှာ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲ အမျိုးမျိုးတို့ကြောင့် ဆက်လက်မလုပ်ကိုင်နိုင်တော့သဖြင့် လမ်းမှာ ယာဉ်၊ စက်ယန္တရားများ သွားလာခြင်း၊ လမ်းဘေးချဲ့ထွင်မှုမှ မြေသားများလမ်းပေါ်သို့ ဖုံးလွှမ်းသွားခြင်း၊ မြိတ်မြို့မှ ကော့သောင်းမြို့သို့ သွားလာကြတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်များ အဆင်ပြေသလို

သွားရောက်ကြခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လမ်းအပိုင်းနှင့် လမ်းကိုဖြတ်စီးသော မြောင်းများ ရေပိုမိုစီးဆင်းကြခြင်း၊ အချိန်မီမပြုပြင်နိုင်ခြင်း အစရှိတဲ့ အကြောင်းအမျိုးမျိုးကြောင့် မြိတ်မြို့မှ တနင်္သာရီမြို့သို့ သွားရောက်ကြတဲ့ ခရီးသွားများနှင့် ကုန်စည်စီးဆင်းမှုတွေကို ကားလမ်းကို အသုံးမပြုနိုင်ဘဲနဲ့ ရေကြောင်းလမ်းကို တစ်ဖန်ပြန်လည် အသုံးပြုနေရပါတယ်။

တနင်္သာရီမြစ်ကြောင်းဟာလည်းပဲ ရေယာဉ်တွေ သွားလာခြင်းကို အကန့်အသတ်ဖြင့်သာ သွားလာရသဖြင့် ခရီးသည်များနှင့် ကုန်ပစ္စည်းများကို စွမ်းအားပြည့် သွားလာပို့ဆောင်ခြင်းများ ပြုလုပ်နိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် တနင်္သာရီမြို့မှ မောတောင်နယ်စပ်စခန်းသို့ ဆက်သွယ်တဲ့ ကားလမ်းအပိုင်းကိုလည်းပဲ ပြည်တွင်း အများပိုင်ကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီတို့ ပူးပေါင်းပြီးတော့ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အပြီးဖောက်လုပ်ဆောင်ရွက်သွားမယ်လို့ ကြားသိရပါတယ်။ ဒီအချိန်မှာ မြိတ်မြို့မှ တနင်္သာရီမြို့သို့ ဆက်သွယ်တဲ့ ကားလမ်းဟာလည်းပဲ ပြီးစီးနေမယ်ဆိုရင် မြိတ်မြို့မှ တနင်္သာရီမြို့၊ ၎င်းမှတစ်ဆင့် မောတောင်နယ်စပ် ကုန်သွယ်ရေးစခန်းသို့ ဒေသအတွင်းမှ ကုန်စည်ပစ္စည်းများ ကူးသန်းရောင်းဝယ်ခြင်း၊ ပြည်ပပို့ကုန်/သွင်းကုန်များ အချိန်တိုအတွင်း အပြန်အလှန် လျင်မြန်စွာ ကူးသန်းသွားလာ ပို့ဆောင်ကြပြီးတော့ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးစီးပွားများ လျင်မြန်ကောင်းမွန်စွာ ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ မြိတ်မြို့မှ တနင်္သာရီမြို့သို့ ဆက်သွယ်သည့်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခုပွင့်လင်းရာသီမှာ စပြီးတော့ ပြန်လည်လုပ်ကိုင် ဆောင်ရွက်ပေးသွားမယ်လို့ ကြားသိရပါသဖြင့် ဒေသခံပြည်သူများမှာလည်း အလွန်ဝမ်းမြောက်လျက် ရှိကြပါတယ်။

သို့ဖြစ်ပါ၍ မြိတ်မြို့မှ တနင်္သာရီမြို့သို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းအပိုင်းအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပြီးစီးပါက ထိန်းသိမ်းဆောင်ရွက်သွားမယ့် အစီအမံများကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်။ ၁၀း၃၁။**

**ဦးစိုးတင့် ( ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားထားသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကို တင်ပြမေးမြန်းထားတဲ့ မေးခွန်း(၆)ခုကို ဖြေကြားရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်း(၆)ခုမှာလည်းပဲ ကျွန်တော်တို့ ပြန်ကြည့်ရင် မေးခွန်း(၃)ခုဟာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။ ကျန်(၃)ခုကတော့ ရန်ကုန်တိုင်းအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ လုပ်ငန်းများရဲ့ မေးခွန်းများဖြစ်တဲ့အတွက် ဒီမေးခွန်း(၆)ခုစလုံးကို ကျွန်တော့်အနေနဲ့ ဖြေကြား ခွင့်ပြုပါခင်ဗျား။

ကျွန်တော့်အနေနဲ့ ပထမဦးစွာ ချင်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခမ်ဆွင်းမုန် မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ တီးတိန် မြို့တွင်းကတ္တရာလမ်းကို နှစ်လမ်းသွား ကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်အတွင်းရှိ တီးတိန်မြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး-သိုင်းငင်းမှတစ်ဆင့် တီးတိန်မြို့၊ ၎င်းမှ ရိခေါဒါရ် မြို့နယ်ခွဲသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပါတယ်။ တီးတိန်မြို့တွင်းရှိ ကတ္တရာလမ်းဟာ (၄)မိုင် (၆)ဖာလုံ ရှည်လျားပြီး သိုင်းငင်း-တီးတိန်လမ်းမှာ မိုင်တိုင်(၂၃/၄) ကနေပြီးတော့မှ (၂၅/၄)အထိ (၂)မိုင်ပါဝင်ပါတယ်။ ဒီအပြင် တီးတိန်-တွန်းဇံ-ကျီခါးလမ်းမှာ မိုင်(၀/၀) မှ (၂/၆)ထိ (၂)မိုင် (၆)ဖာလုံပါဝင်တဲ့အတွက် စုစုပေါင်း (၄)မိုင် (၆)ဖာလုံဖြစ်ပြီးတော့ လမ်းရဲ့ အခြေအနေမှာ (၁၂)ပေအကျယ် ကတ္တရာလမ်း အမျိုးအစား ဖြစ်ပါတယ်ခင်ဗျား။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ တီးတိန်-တွန်းဇံ-ကျီခါးလမ်းအတွက် ရရှိတဲ့ ပြည်ထောင်စု သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ကျပ်(၁.၈၅) သန်းနဲ့ လမ်းဘေးရေမြောင်း တူးဖော်ခြင်း၊ ကတ္တရာလမ်း ချိုင့်ခွက်များ ဖာထေးခြင်း၊ လမ်းဖြတ်ရေထုတ်ပြွန်များ ပြုပြင်ခြင်းစတဲ့ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်မှာ တီးတိန်မြို့တွင်း လမ်းအပိုင်းအား ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်(၃၆၀)သန်း တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိပါက (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် (၂)လမ်းသွား ကတ္တရာလမ်းချဲ့ခြင်း (၄)မိုင် (၆)ဖာလုံအား ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာတင်ရွှေ မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ကြည့်မြင်တိုင်၊ သီရိမင်္ဂလာ ဈေးဟောင်းမှ ဗိုလ်တထောင်၊ သန်လျက်စွန်းအထိ တိုးချဲ့သော ကမ်းနားလမ်းမကြီးမှာ အထူးကောင်းမွန်သောကြောင့် သစ်တင်ကားများ၊ ကွန်တိန်နာကားကြီးများ ထိုလမ်းပေါ်မှ ပြေးဆွဲခွင့် ပြုရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းအထိ တိုးချဲ့ဖောက်လုပ်ထားတဲ့ ကမ်းနားလမ်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်သော လမ်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန် အကြောင်းကြားလာတဲ့အတွက် ဖြေကြားခြင်း ဖြစ်ပါတယ်။

ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းအထိ တိုးချဲ့ဖောက်လုပ်ထားတဲ့ ကမ်းနားလမ်းအသစ်ဟာ အရှည်မိုင်(၅.၀၆၉)မိုင်ရှိပြီးတော့ အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းစီမံကိန်းကို သစ်လုံးတင် ကားကြီးများ၊ ကွန်တိန်နာကားကြီးများ ပြေးဆွဲရန်အတွက် ရည်ရွယ်၍ ဆောက်လုပ်ထားတဲ့ လမ်းဖြစ်ပြီး

တော့ တစ်ဖက်လျှင် ယာဉ်သွားလမ်း(၂)လမ်း ပါရှိမှာဖြစ်ပြီး မီးရထားလမ်းကိုပါ ထည့်သွင်း ဖောက်လုပ်ထားတာ ဖြစ်ပါတယ်။ ကမ်းနားလမ်းသစ်ရဲ့ အကျယ်မှာ (၅၂)ပေရှိပြီး လမ်းတစ်ဖက်စီမှာ (၄)ပေအကျယ် ရေနုတ်မြောင်းများပါရှိပြီးတော့ တံတား(၄)စင်းနဲ့ ရေနုတ်မြောင်း (၁၆)ခုတို့ကို ထည့်သွင်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းဆောက်လုပ် ခြင်းနဲ့ ဆက်စပ်လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက သစ်တင်ကားကြီးများ၊ ကွန်တိန်နာ ကားကြီးများကို ပြေးဆွဲခွင့်ပြုရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဇုန်လှယ်ထန်း မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့ လုံပီးရပ်ကွက်တွင် ခေတ်မီတိုးချဲ့ မြို့ပြစီမံကိန်း စနစ်တကျ အကောင်အထည် ဖော်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့ လုံပီးရပ်ကွက်ကတော့ ကျေးရွာအဆင့်ဖြစ်ပြီးတော့ ဖလမ်းမြို့ကနေ (၄)မိုင်ခွဲကွာဝေးတာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ အိမ်ခြေ၊ လူဦးရေ တိုးတက်မှုအရ ဖလမ်းမြို့မှ (၄)မိုင်ခွဲကွာဝေးတဲ့ လုံပီးရပ်ကွက်မှာ ခေတ်မီမြို့ပြစီမံကိန်း ရေးဆွဲမည်ဆိုပါက မြို့နှင့်ဆက်စပ်မှုမရှိဘဲ သီးခြားစီဖြစ်နေပါသဖြင့် လုံပီးရပ်ကွက်တွင် ခေတ်မီတိုးချဲ့မြို့ပြစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းအား လောလောဆယ်တွင် အစီအစဉ် မရှိသေးသော်လည်း ဖလမ်းမြို့ပြစီမံကိန်းအား ၂၀၁၃-၂၀၁၄ ရေးဆွဲချိန်မှာ ချင်းပြည်နယ် အစိုးရအဖွဲ့ အနေနဲ့ ထည့်သွင်း ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူမှုရေး၊ စီးပွားရေး၊ တည်နေရာနှင့် လူဦးရေ အချိုးအစားအလိုက် အချက်အခြာကျသော မြို့များရဲ့ လူမှုစီးပွား စစ်တမ်းကောက်ယူခြင်း၊ မြို့ပြအညွှန်းကိန်းများ တွက်ထုတ်ခြင်း၊ မြို့ပြဖွဲ့စည်းမှု ကွန်ရက် ရေးဆွဲခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာမှာ ချင်းပြည်နယ်မှာရှိတဲ့ မြို့များအနက် ဟားခါး၊ ဖလမ်း၊ တီးတိန်နှင့် ပလက်ဝမြို့တို့ဟာ မြို့ပြစီမံကိန်း(Town Plan) ရေးဆွဲရန်အတွက် လေ့လာ

ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်အစိုးရမှ အဆိုပါမြို့များရဲ့ ပတ်ဝန်းကျင်ဒေသနှင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲဆောင်ရွက်လိုပါက နိုင်ငံတော် အစိုးရမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက် သွားနိုင်ကြောင်းနှင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်မှုအကူအညီများ ပေးအပ်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဆွေအောင် မှ အမျိုးသားလွှတ်တော်သို့ မေးမြန်းထားတဲ့ ဂျိုးဖြူပိုက်လုံး အနီးရှိ ဆင်စခန်းအုပ်စုနဲ့ လိမ္မော်ခြံအုပ်စုများအတွင်းရှိ ကျေးရွာများ ဂျိုးဖြူပိုက်လုံးမှ ရေမီတာ တပ်ဆင်၍ ရေကန်များ တည်ဆောက်ပြီး ၎င်းအိမ်ထောင်စုများအား ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျိုးဖြူပိုက်လုံးအနီးရှိ ဆင်စခန်းအုပ်စုနဲ့ လိမ္မော်ခြံအုပ်စုများအတွင်းရှိ ကျေးရွာများ ဂျိုးဖြူပိုက်လုံးမှ ရေမီတာတပ်ဆင်၍ ရေကန်များ တည်ဆောက်ပေးနိုင်မှု အခြေအနေနှင့် ပတ်သက်၍ အဆိုပါ စီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်နေတဲ့ စီမံကိန်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားပေးပါရန် အကြောင်းကြားလာသဖြင့် ဖြေကြားခြင်း ဖြစ်ပါတယ်။

ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလံ(၂၇)သန်းအား ရန်ကုန်မြို့တော်သို့ နေ့စဉ် Gravity Flow ဖြင့် ရေပေးဝေလျက်ရှိပါတယ်။ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ပျော်ဘွယ်စု ရေတွန်းစက်မှ ထပ်မံ ရေတွန်းပို့ပြီး ရေကူး ရေတွန်းစက်သို့ ရောက်ရှိကာ ထိုမှတစ်ဆင့် ကုက္ကိုင်း ရေကန်ပေါ်တင်ပြီး ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဒဂုံ၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ မြို့နယ်များသို့ ရေဖြန့်ဝေပေးလျက်ရှိပါတယ်။

ဂျိုးဖြူပိုက်လုံးကြီးဖြတ်သန်းရာ ကျေးရွာအုပ်စုများဖြစ်တဲ့ ရေအေးစမ်းကျေးရွာအုပ်စု၊ ချင်းကုန်းကျေးရွာအုပ်စု၊ ဆင်စခန်းကျေးရွာအုပ်စု၊ လိမ္မော်ခြံကျေးရွာအုပ်စုများအနက် ရေအေးစမ်းကျေးရွာမှ အိမ်ခြေ(၁၉၈)၌ ရေဆက်သွယ်မှု (၅၅)ခုကိုလည်းကောင်း၊ ချင်းကုန်းကျေးရွာမှ အိမ်ခြေ(၂၆၇)၌ ရေဆက်သွယ်မှု(၁၅၃)ခုကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ပိုက်နံပါတ် (၅၉)၊

(၆၁)ကြား Washout Valve မှ (၂)လက်မ ပိုက်ဖြင့် ရေပေးဝေခဲ့ပါတယ်။ ၎င်းကျေးရွာ (၂)ရွာမှာ တစ်ရက် ရေဂါလံ(၅၂၈၀၀)ခန့် သုံးစွဲလျက်ရှိပါတယ်။

ဒါ့အပြင် အမှတ်(၂) တန်းမြင့် လေ့ကျင့်ရေးကျောင်းသို့ (၆)လက်မပိုက်ဖြင့် ပိုက်နံပါတ် (၁၁၉)၊ (၁၂၁)ကြားမှာ Air Valve ဖြင့် ဆက်သွယ်ပြီးတော့ မီတာတပ်၍ ရေပေးဝေ ထားပါတယ်။ အမှတ်(၄)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ကိုလည်းပဲ ပိုက်နံပါတ် (၁၁၅၄)နဲ့ (၁၁၅၅)ကြား (၂)လက်မပိုက်ဖြင့် မီတာတပ်၍ ရေပေးခဲ့ပါတယ်။ လိမ္မော်ခြံကျေးရွာ မြစိမ်းတောင် ဘုန်းကြီးကျောင်းသို့ ပိုက်နံပါတ် (၉၂၈)နဲ့ (၉၂၉)ကြား Washout Valve မှ (၂)လက်မပိုက်ဖြင့် မီတာတပ်၍ ရေပေးဝေခဲ့ပါတယ်။ ထိုကဲ့သို့ ရန်ကုန်မြို့သို့ ပေးပို့တဲ့ ဂျိုးဖြူပိုက်လိုင်းမှ ရေထုတ်ယူမှု ပမာဏမှာ နေ့စဉ် ရေဂါလံ(၀.၁၄)သန်းရှိပြီး တစ်လလျှင် ရေဂါလံ(၄.၂)သန်း ဖြစ်ပါတယ်။

ဂျိုးဖြူကန်မှာ ရန်ကုန်နဲ့ အဝေးဆုံးနေရာမှာ တည်ရှိပြီး ကုက္ကိုင်းရေကန်အား ဖြည့်တင်းပေးရာမှာ အဓိက အားထားရတဲ့ ကန်ဖြစ်ပါတယ်။ ကုက္ကိုင်း မှတစ်ဆင့် (၂၇)လက်မ အချင်းရှိတဲ့ ပိုက်လိုင်း (၃)လိုင်းဖြင့် အနောက်ပိုင်းခရိုင်ရှိ မြို့နယ်များသို့ Gravity Flow ဖြင့် အသီးသီး ဆက်လက်ဖြန့်ဝေပေးခဲ့ပါတယ်။ ကုက္ကိုင်းရေကန်အား အပြည့်ရရှိမှသာ ဖော်ပြပါ မြို့နယ်များသို့ ရေအားကောင်းမွန်စွာ ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ ယခုလက်ရှိ ကာလမှာပင် အနောက်ပိုင်း ခရိုင် မြို့နယ်များသို့ အချိန်ပြည့် ရေဖြန့်ဝေပေးနိုင်ခြင်းမရှိဘဲ နေ့စဉ် (၄)နာရီခန့်သာ ဖြန့်ဝေပေး နိုင်ပါတယ်။ ကန် ရေရှည်တည်တံ့ခိုင်ရေးအတွက် ကန်ပေါင်များပြုပြင်ခြင်း၊ ရေဝေရေလဲ ဧရိယာများ ထိန်းသိမ်းခြင်းနဲ့ ရေအရည်အသွေး မြင့်မားစေရေးတို့အတွက် ရေစစ်ကန်၌ ကျောက်ချဉ်ခပ်ခြင်း၊ ရေစစ်ကန် သန့်ရှင်းရေးပြုလုပ်ခြင်းတို့အား အစဉ်မပြတ် ဆောင်ရွက်လျက် ရှိပါတယ်။

ဂျိုးဖြူကန်ဟာလည်း မိုးကာလမှာ နှစ်စဉ် မိုးရေချိန် (၁၂၀)လက်မ အနည်းဆုံးရရှိမှသာ ကန်ရေချိန် ပြည့်မီမှာဖြစ်ပြီး မိုးနှောင်းကာလ၊ ဆောင်းကာလနဲ့ နွေရာသီတို့တွင် ရန်ကုန်မြို့သို့ ရေပေးဝေရေးကိစ္စ စိတ်ချရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ မိုးရေချိန်(၈၀)လက်မသာ ရရှိသေး တဲ့အတွက် ကန်ရေချိန်လျော့ကျခြင်း မရှိစေရေးအတွက် ဂျိုးဖြူကန်မှ ရေထုတ်နုတ်မှု အနည်းဆုံး ဖြစ်စေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဂျိုးဖြူကန်မှာ နှစ်စဉ် ကန်ရေချိန် လုံလောက်စွာ စုဆောင်းရရှိမှသာ ရန်ကုန်မြို့သို့ ရေပေးဝေမှုလုပ်ငန်း ထိရောက်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့ရာတွင် နှစ်စဉ် မိုးရေချိန် ရရှိမှုနည်းတဲ့အတွက် ၂၀၀၂ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ် (၁၀)နှစ်တာကာလအတွင်းမှာ ၂၀၀၂ ခုနှစ်၊ ၂၀၀၇ ခုနှစ် နဲ့ ၂၀၀၈ ခုနှစ်များမှအပ ကျန်နှစ်များမှာ လုံလောက်တဲ့ ကန်ရေချိန် မရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ တင်ပြချက်ပါ ကျေးရွာများသို့ ထပ်မံရေပေးဝေပါက ရန်ကုန်မြို့ ရေပေးဝေနိုင်ရေး အခက်အခဲ ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အနာဂတ် ရေဖူလုံရေး ဆောင်ရွက်ချက်များအဖြစ် ကုက္ကိုဝမြစ်ရေတင်စီမံကိန်း၊ လှိုင်မြစ်မြစ်ရေတင်စီမံကိန်း၊ ငမိုးရိပ်ဆည်ကြီးမှ ရေပိုက်လိုင်း တိုက်ရိုက်သွယ်တန်းရယူမည့်စီမံကိန်းများအား ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များ၊ ပညာရှင်အဖွဲ့များနဲ့ အကြိုလေ့လာမှုများ ဆောင်ရွက်လျက်ရှိပြီးတော့ မဟာဝိဇယ ဂါလံ(၁၀)သန်းဆံ့ ရေလှောင်ကန် ပြန်လည် ပြုပြင်နိုင်ရေး အကြိုလေ့လာမှုများ ဆောင်ရွက် လျက်ရှိပါတယ်။ ဒါ့အပြင် ငမိုးရိပ်စီမံကိန်း ဒုတိယအဆင့်လုပ်ငန်းများ သတ်မှတ်ချိန် အတွင်း ပြီးစီးရေး အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အဆိုပါ အနာဂတ်စီမံကိန်းများ ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရမှတစ်ဆင့် ရန်ကုန်မြို့ ရေပေးဝေရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်း ခရိုင်၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းမကြီးအား သက်ဆိုင်ရာများက အမြန်ဆုံး ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြုပြင်ပေးရန်ရှိပါက ဆောင်ရွက်ပေးမည့် လုပ်ငန်း အစီအစဉ်နှင့် မည်သည့်ကာလလောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုသည့် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းမကြီးမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ ဆောင်ရွက်သော လမ်းဖြစ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရ

အဖွဲ့ရဲ့ ဖြေကြားချက်များနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားပေးရန် အကြောင်းကြားလာသဖြင့် ဖြေကြားရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး ဒညင်းကုန်းလမ်းဆုံမှ ဂျီတီအိုင်ရှေ့အထိမှာ ပေအရှည်(၁၁၀၀၀)နဲ့ အကျယ်(၆၈)ပေ ရှိပါတယ်။ အဲဒီလမ်းမှာ အလယ်(၂)လမ်း (၂၈)ပေကို လမ်းပျက်စီးတဲ့ နေရာများကို (၁)လက်မ (၁)လက်မခွဲ လိပ်သဲကျောက်များဖြည့်ပြီးတော့ ကတ္တရာကွန်ကရစ်နဲ့ လမ်းပြုပြင်ပေးခြင်း၊ ဂျီတီအိုင်ရှေ့မှ အင်းစိန်ဘူတာကြား အရှည်(၆၈၀၀)ပေ၊ အကျယ်(၆၈)ပေရှိတဲ့ လမ်းကိုလည်းပဲ လမ်းပျက်စီးမှုများကို (၁)လက်မ (၁)လက်မခွဲ လိပ်သဲကျောက်ဖြည့်ပြီးတော့ ကတ္တရာကွန်ကရစ်ဖြင့် လမ်းပြုပြင်ပေးခြင်းတို့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှစ၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကတ္တရာကွန်ကရစ် (၇၅၀)တန် အသုံးပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒညင်းကုန်းလမ်းဆုံမှ ဂျီတီအိုင်ရှေ့အထိ ဘေးအစွန်(Outer Lane) တစ်ဖက်လျှင် ပေ(၂၀)စီအား ကွန်ကရစ်ခင်းခြင်းကိုလည်းပဲ ၁၇-၈-၂၀၁၂ ရက်နေ့မှ စတင်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ပေရှည်(၂၆၆၀)ပေ၊ တစ်ဖက်လျှင် ပေ(၂၀) အကျယ် နှစ်ဖက်ပြီးစီးအောင် ဆောင်ရွက်ပြီးစီးခဲ့တဲ့အပြင် ဆက်လက်၍လည်း လမ်းအစအဆုံး ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အောက်မင်္ဂလာဒုံလမ်း ဒညင်းကုန်းလမ်းဆုံမှ ဂျီတီအိုင်ရှေ့အထိ ဘေးအစွန်လမ်း (Outer Lane) ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တို့မှာ ဘဏ္ဍာငွေ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်မင်္ဂလာဒုံလမ်း ဘေးအစွန်လမ်း (Outer Lane) ကွန်ကရစ်ခင်းခြင်းပြီးပါက လမ်းအကျယ်(၇၀)ပေ အပြည့်သုံးစွဲနိုင်မှာ ဖြစ်တဲ့အပြင် လမ်းလယ် မူလ ကတ္တရာ ကွန်ကရစ်နေရာကိုလည်းပဲ ကတ္တရာကွန်ကရစ်သား ပိုမိုကောင်းမွန်ရန်အတွက် ထပ်ပိုးလွှာတင်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး

ဦးတင်ရှိန် မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ မြိတ်မြို့မှ တနင်္သာရီမြို့ ဆက်သွယ်သော ပြည်ထောင်စုလမ်းပိုင်းအား မည်သည့်အချိန်မှစ၍ အမြန်ဆုံးပြုပြင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြီးစီးပါက ထိန်းသိမ်းဆောင်ရွက်သွားမည့် အစီအမံများကို သိရှိ လိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းမှာရှိတဲ့ မြိတ်-တနင်္သာရီ အပိုင်း (၅၀)မိုင် (၅) ဖာလုံဟာ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း ပြည်ထောင်စု လမ်းမကြီးမှာ ပါဝင်တာ ဖြစ်ပါတယ်။ အဆိုပါ လမ်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ယုဇနကုမ္ပဏီလီမိတက်သို့ B.O.T စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုခဲ့ပြီးတော့ ၁၃-၇-၂၀၁၂ ရက်နေ့ မှာပဲ လုပ်ငန်းပြန်လည် ရုပ်သိမ်းခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ မြိတ်ခရိုင်မှ တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိခဲ့ရာ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပျက်စီးနေသော လမ်းမျက်နှာပြင်အား ကျောက်ကတ္တရာဖြင့် ဖာထေးခြင်း (၄)မိုင် (၁)ဖာလုံနှင့် (၄)မိုင်(၁)ဖာလုံမှ (၅၀)မိုင် (၅)ဖာလုံ အတွင်း လမ်းပေါက်ကြီးများအား ကျောက်သဲဖြင့် ဖာထေးခြင်း၊ မိုင်(၀/၀) မှ (၃၃/၄) အတွင်း မြင့်တက်နေသော လမ်းပုခုံးများကို ဖြေညှိပေးခြင်း၊ တံတားအမှတ်(၃/၂၂)အား အရေးပေါ် ကျောက်စီမြေထိန်းနံရံ၊ ချဉ်းကပ်လမ်း ပြင်ဆင်ခြင်း၊ တံတားအမှတ်(၁/၅၁) တနင်္သာရီမြစ်ကူး တံတား တိုင်ခြေသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ ကျပ်(၁၇၂၈.၅)သန်း တင်ပြတောင်းခံပြီး ဆောင်ရွက်မယ့်လုပ်ငန်းများကတော့ ကတ္တရာလမ်းသစ် ခင်းခြင်း(၁၁)မိုင်ဖြစ်ပါတယ်။ တောင်မြေဖြတ်ပြီးတော့ လမ်းချဲ့ခြင်း(၂၆၅၀၀)ကျင်း၊ သံကူကွန်ကရစ် ရေထုတ်ပြွန်တည်ဆောက်ခြင်း(၁၀)စင်း၊ (၁၅)ပေရှည် ကျောက်စီကမ်းကပ်ခုံနှင့် ကွန်ကရစ် ကြမ်းခင်းတံတား တည်ဆောက်ခြင်း(၁)စင်း စသည်တို့ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မှာတော့ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း လမ်းအတွက် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၅၀၀၀) တင်ပြတောင်းခံပြီး ဆောင်ရွက်ရန် လျာထားထားတဲ့ လုပ်ငန်းများ ကတော့ (၁၂)ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂၇)မိုင် (၅)ဖာလုံ ဖြစ်ပါတယ်။ တောင်မြေ ဖြတ်ထုတ်၍ လမ်းချဲ့ခြင်း (၃၃)မိုင် (၅)ဖာလုံမှ (၅၀)မိုင်အတွင်း စုစုပေါင်း (၁၆)မိုင် (၃)ဖာလုံ

ဖြစ်ပါတယ်။ (၁၆)ပေအကျယ် ကျောက်ခင်းပြီးတော့ သဲကြပ်ခြင်းလုပ်ငန်း (၈)မိုင် ဖြစ်ပါတယ်။ (၃၄)ပေအကျယ်ချဲ့၍ Gradient ကို နှိမ့်ချခြင်း ကျောက်လမ်းခင်းခြင်း၊ (၁)မိုင် (၂)ဖာလုံ စသည်တို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ တနင်္သာရီ-မောတောင် အပိုင်းကိုလည်းပဲ ထိုင်းနိုင်ငံ NEDA (Neighbouring countries Economic Development Agency) မှ အကြိုအင်ဂျင်နီယာလုပ်ငန်းများ စစ်ဆေးတိုင်းတာမှုများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဝင်ရောက် ဆောင်ရွက်ရန် ညှိနှိုင်းသဘောတူထားပြီး ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းဟာ ပဉ္စမကာလတို (၅)နှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲပြီးတော့ နှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပြီး လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို အထူးကျေးဇူး တင်ရှိပါတယ်ခင်ဗျား။

**အချိန်။ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ လမ်းနဲ့ပတ်သက်ပြီးတော့ ဟိုတစ်နေ့က ကျွန်တော် ဒုဝန်ကြီးကိုလည်း ပြန်ပြီးတော့ သုံးသပ်ခိုင်းပါတယ်။ ပြန်ပြီးသုံးသပ်ဖို့ ကောင်းပြီ။ ဌာနအသီးသီးက လမ်းတွေ ဖောက်ကြတယ်ဆိုတော့ တစ်နိုင်ငံလုံးမှာ လမ်းတွေပျက်တယ်၊ လမ်းတွေ ပျက်တယ် ဆိုတာပဲ ကြားရတာပေါ့နော်။ အခု ဒေါက်တာတင်ရွှေ က ကြည့်မြင်တိုင်ကနေ ပုဇွန်တောင် လမ်းကြီး အထူးကောင်းတယ်ဆိုတာ ဒီတစ်ခါပဲ လမ်းတွေအထူးကောင်းတယ်လို့ ကြားရတော့ တယ်။ ဒီမှာ သစ်တင်ကားနဲ့ ကွန်တိန်နာကားတွေ မောင်းဖို့ဆိုတဲ့ ကိစ္စကျတော့ ဒါလေး နည်းနည်းလေးတော့ ကျွန်တော် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျွန်တော် ဖတ်ဖူးတာလေးကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေကို ဖြန့်ဝေတဲ့သဘောနဲ့ ပြောပြပါမယ်။ ကျွန်တော် ပြောတာ မှားရင်လည်း ဒုတိယဝန်ကြီး ပြောလို့ရပါတယ်။ ခင်ဗျားတို့က တတ်ပြီးသားပါ။

လမ်းတို့၊ တံတားတို့ ဖောက်တယ်၊ ဆောက်တယ်ဆိုတာ ပညာရပ်ဆိုင်ရာပါတယ်။ ရမ်းလုပ်၊ မှန်းလုပ်လို့ မရပါဘူး။ လမ်းပုံထုတ်၊ တံတားပုံထုတ်ဆိုတဲ့ ပညာရပ်က ဆောက်လုပ်ရေး မှာပဲ ရှိတယ်။ စည်ပင်မှာလည်း မရှိဘူး။ ရထားမှာလည်း မရှိဘူး။ နားလည်းမလည်ဘူး။ သိလည်း မသိဘူး။ လမ်းပုံထုတ် အတတ်ပညာ မရှိဘဲနဲ့ လုပ်ထားတဲ့၊ ဖောက်ထားတဲ့လမ်းသည်

အပျက်သံသရာ ရှည်မှာပဲ။ အဲဒီရှည်တဲ့ အပျက်သံသရာ ပြင်လို့ မဆုံးတော့ဘူး။ ပြင်လို့လည်း မရတော့ဘူး။ ဒါကြောင့် အစကောင်းမှ အနှောင်းသေချာတယ်ဆိုတာ ဒီလမ်းမှာ သိပ်စကား ပြောတယ်။ ခုနက လမ်းမျိုးကို ကွန်တိန်နာနဲ့ သစ်တင်ကားလွှတ်မယ်ဆိုရင် စဖောက်ကတည်းက ဖောက်တဲ့ ကုမ္ပဏီက ကွန်တိန်နာမောင်းဖို့၊ သစ်တင်ကား မောင်းဖို့အတွက် ဆောက်ထားတာ ဟုတ်ရဲ့လား။ အောက်ခံအမာထု ဘယ်လောက်ထည့်ထားသလဲ ဒါတွေကို တွက်ချက်ပြီး လုပ်ထားတာ မဟုတ်ဘဲနဲ့ အာဏာပိုင်က ကားတွေကြပ်လို့ အဲဒီဘက်ကို ဒီကားတွေသွားဆိုတာနဲ့ အဲဒီလမ်းတွေ ချက်ချင်းတစ်ခါတည်း ပျက်စီးသွားနိုင်တဲ့ အနေအထားတွေ ရှိပါတယ်။ အဲဒီတော့ လမ်း တစ်ကြောင်း ဖောက်တော့မယ်ဆိုရင် ကျွန်တော်ဖတ်ဖူးသမျှဆိုရင် ဒါ ဟိုတုန်းက ဆောက်လုပ်ရေး မှာ လမ်းပုံထုတ်တာ ဒေါ်မြင့်မြင့် တို့ ဘာတို့ရှိတယ်။ တံတားပုံထုတ်ကလည်း ဦးမြင့်လွင် တို့၊ နောက် ရုရှား Train ထိပ်ပြောင်ပြောင်နဲ့ တစ်ယောက် ရှိသေးတယ်နော်။ အင်း.. ဦးခင်မောင်ဦး တို့ ရှိတယ်။ ခုတော့မရှိတော့ဘူး ထင်ပါတယ်။ ဒီပုဂ္ဂိုလ်တွေ၊ အဲဒီမျိုးဆက်တွေလည်း၊ အဲဒီဌာန တွေလည်း ပြန်လည် ထွန်းကားအောင် ဆောင်ရွက်ဖို့ မေတ္တာရပ်ခံပါတယ်။

အဲဒီတော့ ကျွန်တော် ဖတ်ဖူးသမျှတော့ လမ်းတစ်ကြောင်း ဖောက်တော့မယ်ဆိုရင် နှစ်တစ်ရာ ခံဖို့အတွက် စဉ်းစားတယ်။ နှစ်တစ်ရာ ခံဖို့အတွက် စဉ်းစားရင် ဒီလမ်းကို အမြန်နှုန်း ဘယ်လောက်နဲ့ မောင်းမှာလဲဆိုတာ စဉ်းစားတယ်။ နှစ်တစ်ရာ ခံဖို့စဉ်းစားတယ်ဆိုတာ နောင် နှစ်တစ်ရာမှာ ပေါ်လာမယ့် ကားရဲ့ အလေးချိန်ဟာ ဘယ်လောက်ရှိနိုင်မလဲ။ အရှည်ဟာ ဘယ်လောက်ရှိနိုင်မလဲ။ ကားရဲ့ မီးထိုးတဲ့လိုင်းက ဘယ်လောက်အမြင့်မှာ ရှိမလဲ။ ယာဉ်မောင်းရဲ့ Eye Sight က ဘယ်လောက်အမြင့်မှာ ရှိမလဲ။ အဲဒီပေါ်မှာ မူတည်ပြီးတော့မှ Road Center ကို အရင်ရွေးတယ်။ ရွေးပြီးလို့ရှိရင် Curve Setting ဆိုတာက အကွေ့တွေပေါ့။ အကွေ့တွေကို Set လုပ်ရတယ်။ Curve Setting လုပ်ရတယ်။ ခုနက ဒီအမြင့်တွေ၊ ဘာတွေ တွက်တယ်ဆိုတာ Gradient အနိမ့်အမြင့်၊ အနိမ့်အမြင့်မှာ မီးရဲ့ ရောက်နိုင်အား၊ ယာဉ်မောင်းမျက်လုံးရဲ့ ရောက်နိုင်အားဆိုတာ အနိမ့်အမြင့်၊ ကားအရှည်၊ ကားအရှည်ဆိုတာ အကွေ့မှာ အကွေ့ကျရင် ရှေ့ဘီးနဲ့နောက်ဘီးက တစ်ထပ်တည်းမသွားဘူး။ နောက်ဘီးက ကားလိုက်သွားတဲ့အတွက် အကွေ့တွေ ကျယ်ပေးရမယ်။ Super Elevation ခေါ်တဲ့ တစ်ဖက်က မြင့်ပေးရတယ်ဆိုတာ အရှိန်ကို ထိန်းလိုက် ရတဲ့သဘော မြင့်ပေးရမယ်။

အဲဒီတော့ လမ်းမှာ မိုင်နှုန်းသတ်မှတ်ချက်၊ အခု ကျွန်တော်တို့ တွေ့ပါလိမ့်မယ်။ ဒီအမြန်လမ်းကြီးမှာ မိုင်နှုန်းသတ်မှတ်ချက်တွေက မြေပြန့်အဖြောင့်မှာ မိုင်နှုန်း သတ်မှတ်ချက် ဆိုင်းဘုတ်တွေ တွေ့နေတယ်။ တကယ်က အကွေ့နဲ့ မိုင်နှုန်းနဲ့ တွက်ပြီးတော့ အကွေ့မှာ မိုင်နှုန်း သတ်မှတ်ချက်ဆိုတာ လုပ်ရမှာ ဟုတ်တယ်နော်။ ဒီ အဖြောင့်မှာ မိုင်နှုန်းသတ်မှတ်ချက် ဆိုတာက မှောက်မှာ ကြောက်လို့၊ မှောက်မှာကြောက်ရင်လည်း ရပ်ထားရုံပဲ ရှိတော့တာပေါ့ သဘောကတော့။ အဲဒီတော့ အဲဒီလို နှစ်တစ်ရာမှာပေါ်လာမယ့် ကိစ္စတွေကို တွက်ပြီးတော့မှ ဖောက်မယ့်မြေကြီးကို Soil Test လုပ်ရပါတယ်။ ဒီမြေကြီးက မကောင်းဘူးဆိုရင် ကောင်းတဲ့မြေကြီးကို Borrow Soil နဲ့ အငှားထည့်ရမယ်။ အဲဒီမြေကြီး Compaction ဟိုတုန်းကတော့ (၄)လက်မ (၆)လက်မ တစ်ကြိမ်ကို ကြိတ်ပြီးတိုင်း၊ ကြိတ်ပြီးတိုင်းမှာ စစ်ဆေးတဲ့အဖွဲ့ရှိတယ်။ Q.C က လာပြီးတော့ ပိုက်နဲ့ဖောက်ပြီးတော့မှ ဒါကို သူရဲ့ ကျစ်လစ်မှုပေါ့။

Compaction ကို တိုင်းတယ်။ မကျေနပ်ရင် ပြန်ကြိတ်၊ ပြန်လုပ်၊ ဒါရေဖြန်းပြီး ကြိတ်၊ ဘာကြိတ်၊ ညာကြိတ် တစ်လွှာပြီးတစ်လွှာ တစ်လွှာပြီးတစ်လွှာ မြေသားပိုင်းမှာ သေချာပြီ။ သေချာပြီဆိုကာမှ ကျောက်၊ အမာခံကျောက်ထု ဘယ်လောက် ထည့်မယ်။ Weight ဘယ်လောက် အထိ သစ်တင်ကားဆိုရင် Weight ဘယ်လောက်၊ ကွန်တိန်နာဆိုရင် Weight ဘယ်လောက်၊ အဲဒီအတွက် အမာခံကျောက်ထည့်မယ်။ ကျောက်တွေ စီတဲ့ အခါကျတော့ခုနက အကြီးကနေ အလတ်၊ အသေး ဘာညာရှိတဲ့အခါမှာ Void တွေ ရှိတဲ့အခါမှာ သဲတွေထည့်တယ်။ ဒါရေလောင်း Water Bound လုပ်တာပေါ့။ Macadam လုပ်တာပေါ့။ ရေလောင်းပြီးတော့ ကျပ်သွားအောင်၊ လှုပ်ကိုမလှုပ်တော့ဘူး။ ဒီကျောက်အဆင့်မှာတင် မလှုပ်တဲ့ အပြင် မျက်နှာပြင်ကလည်း ညီနေရမယ်။ ညဘက် မီးထိုးပြီး မောင်းလို့ရှိရင် လုံးဝညီနေရမယ်။ ဘာကတ္တရာမှ မလိုဘူး။ လမ်းရဲ့သဘောက၊ ကတ္တရာဆိုတာ ရေမဝင်အောင် အုပ်တာပဲ။ ချောဖို့ မဟုတ်ဘူး။ သူက ရေမဝင်အောင် ထီးမိုးပေးတဲ့ သဘောပဲ။ ဆိုတော့ အဲဒီလိုလုပ်ပြီးတော့မှ သေချာပြီဆိုတော့မှ ကတ္တရာလောင်း၊ ကတ္တရာ လောင်းတဲ့အခါမှာလည်း ကတ္တရာကျိုတဲ့ အခါမှာ Temperature, Certain Temperature သတ်မှတ်ချက် ရှိပါတယ်။ ခု ကတ္တရာ အမျိုးအစားအလိုက် (Bitumen) ခေါ်တာပေါ့နော်။ အမျိုးအစားအလိုက် အခု ကျွန်တော်တို့က ဘယ်လိုလုပ်လဲ ကတ္တရာကျိုပြီးတော့မှ သစ်ရွက်စိမ်းတွေ ပစ်တင်လိုက်လို့ မီးလောင်သွားတယ် ဆိုရင်ရပြီ။ ဆိုပြီးတော့ ကျွန်တော်တို့က ရေပန်းခရားနဲ့ မြန်မြန်ပြေးနိုင်တဲ့ လူကို လောင်းခိုင်းတယ်ဆိုပြီး

ကာတွန်းက ရေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကတ္တရာ အကုန်နည်းအောင်၊ သဘောက လောင်းတယ်။ ကတ္တရာကျိုတာ Temperature လိုလို့ရှိရင် နွေရောက်တိုင်း ရောက်တိုင်း ဒီကတ္တရာတွေ ပြန်ပျော်ပြီးတော့ ဖိနပ်တွေ ကျွတ်ကျန်ခဲ့တာ ဒါ တွေ့ပါတယ်။ ဒါ ကတ္တရာ ကျိုတုန်းက Temperature လိုလို့။ Temperature ပိုသွားလို့ရှိရင် ကွဲသွားရော။ နွေရောက်လို့ ရှိရင် ကတ္တရာတွေက အကုန်ကွဲသွားတဲ့အချိန် ရေတွေဝင်ရော။

နောက် Camber ဆိုတာရှိသေးတယ်။ Camber ဆိုတာက ရေဆင်းကောင်းအောင် ပေါ့နော်။ မိုးလျှောပေါ့။ Camber Degree ဘယ်လောက်ထားရမလဲ၊ ဘာလဲ။ ဥပမာ တီးတိန် လမ်းချဲ့မယ်။ နှစ်လမ်းသွား၊ တစ်လမ်းသွားကနေ နှစ်လမ်းသွားချဲ့မယ်။ စည်ပင်သာယာ ဖောက်ရင် ဘယ်(၆)ပေ၊ ညာ(၆)ပေ ချဲ့လိုက်တာ။ လမ်းပုံထုတ် မရှိဘူး။ အောက်ခံအမာ ဘယ်လောက်ရှိတယ်။ ဒီလမ်းက Highway နဲ့ ဆက်နေပြီ။ ဘယ်လိုကားမျိုးတွေ သွားမှာလဲ။ အဲဒီတော့ အောက်ခံကို ဘယ်လောက်အထိ ပြန်ပြင်ရမလဲ။ အပေါ်က ဘယ်လောက်ထပ်တင် ရမလဲ။ Camber ကို ဘယ်လိုရွှေ့ရမလဲ။ မသိဘူး။ Camber က Camber သူ့ဟာသူ သူ့မူလက Camber က ကျန်နေခဲ့တာပဲ။ ဒီနားမှာညာဘက်က နည်းနည်းကျယ်တယ်၊ ညာဘက်ကို ပိုချဲ့လိုက်၊ ဟိုဘက်က ဘယ်ဘက်က နည်းနည်းကျယ်တယ်။ ဘယ်ဘက်ကို ပိုချဲ့လိုက် ဆိုတော့ ရန်ကုန်မြို့မှာ မြေနီကုန်းနဲ့ လေဆိပ်လမ်း လမ်းဆုံကြားထဲမှာ Super Elevation Out နေတဲ့ နေရာတွေ အများကြီးရှိတယ်။ အဲဒီနေရာရောက်လို့ရှိရင် ကားက ဘေးတိုက် ရွေ့တယ်။ Speed နဲ့ မောင်းရင် သတိသာထား ကားမောင်းနေတုန်း ဘေးတိုက် ရွေ့ပြီဆိုရင် မှောက်တော့မှာပဲ။

ဒါဟာ ကားလမ်း၊ လမ်းရဲ့ ဒီဇိုင်းမှားနေတာပေါ့။ လမ်းဒီဇိုင်းမှားလို့ရှိရင် အဲဒီ အင်ဂျင်နီယာ လူသတ်သမား ဖြစ်တတ်တယ်။ ကျွန်တော်ပြောတာဟုတ်တယ်နော်။ အမြဲတမ်း ဒီနေရာမှာဘာကြောင့် ခဏခဏကားမှောက်သလဲဆိုတာကို ပြန်ပြီးတော့စစ်ရတယ်။ စစ်တဲ့အခါမှာ ဒီဇိုင်းမှားတာလား။ ဒါကြောင့်မို့လို့ ဒီလမ်းဖောက်တဲ့ အင်ဂျင်နီယာက ဒီဇိုင်းထုတ်ပေးတဲ့ အတိုင်းပဲဖောက်တယ်။ သူ့မှာအပြစ်ကင်းတယ်။ ဟိုအတိုင်းကို Stress အတိအကျ ရအောင် သူလုပ်ဖို့ပဲ သူ့တာဝန်၊ ဒီဇိုင်းသမားကလည်း ဘက်စုံစဉ်းစားပြီးတော့မှ နှစ်တစ်ရာအတွက် စဉ်းစားပြီးတော့မှ ဒီဇိုင်းကို ထုတ်တယ်။ အဲဒီ ဒီဇိုင်းကနေ နည်းနည်းမှ အလျှော့မခံဘူး။

အလျှော့မခံဘူး။ ခုတော့ ရထားကလည်း ရထားလမ်း ဖောက်တာပဲ၊ ဖောက်တဲ့အခါမှာ ခုနကလို Road Design မရှိဘူး။ မြေကြီးတွေပုံမယ် Compaction လည်းမရှိဘူး။ ပြီးတော့မှ သံလမ်းတွေ တင်မယ်၊ ဇလီဖားကြီး တင်မယ်။ ကျောက်တွေချမယ်။ ပြီးပြီ လမ်း။ မိုးလည်းရွာရော သွားပြီ။ အကုန်လုံးပျက်ထွက်သွားပြီ။ ငွေတွေကဘာဖြစ်လဲ။ အကုန်လုံးမျောကုန်ရော။ အဲဒီတော့ ဖောက်တဲ့လမ်းတွေဟာ ခုနလိုပေါ့၊ မြန်မြန်ပျက်တယ်ဆို ဒီငွေတွေက အလကားဖြစ်ကုန်တဲ့ သဘောရှိတာပေါ့နော်။ နောက် Maintenance ဆိုတာလည်း ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆိုရင် တစ်မိုင်ကို အလုပ်သမားတစ်ယောက် တစ်ယောက်ခန့်ထားတာရှိတယ်။ အဲဒီအလုပ်သမားက မနားမနေဘဲ သူ့တစ်မိုင် အတွင်းမှာ တစ်ခါတည်း လမ်းကို ရေဝပ်လို့ရှိရင် ရေထွက်အောင်၊ လုပ်တယ်။ ဟိုတုန်းက ကျွန်တော်တို့ လုပ်သားသူရဲကောင်းတို့၊ ဘာတို့တွေအထဲမှာ အဲဒီလို လူမျိုးတွေ ပါတာတွေ ရှိတယ်။ သူ့လမ်းက အပျက်အစီး အနည်းဆုံးဖြစ်အောင် ဒါတွေလည်း မခန့်တော့တဲ့ အနေအထား ရှိတယ်ထင်တယ်။ မခန့်တော့ဘူး။ ဒါတွေက ခန့်ထားပြီးတော့မှ တစ်မိုင်ကို တစ်ယောက်က တာဝန်ခံပြီးတော့ တောက်လျှောက်ကြည့်နေရမယ်။ ကြည့်နေပြီးတော့ Sevice Maintain ကျတော့ ဟိုတုန်းက ဒီထဲမှာ အသက်အရွယ်ရတဲ့သူတွေ မြင်ဖူးမှာပါ။

လမ်းပေါက်တယ်ဆိုလို့ရှိရင် ပေါက်တဲ့နေရာလေးကို လေးထောင့်ကျကျ သေသေချာချာ သပ်သပ်ရပ်ရပ်တူးပြီးတော့မှ ကျောက်စရစ်နဲ့ ကတ္တရာနဲ့နယ်တာကို အထဲမှာ သေသေချာချာလုပ် Compaction ရအောင်လုပ်ပြီးတော့မှ ထားတော့ ထွက်မသွားဘူး။ အခုကတော့ အပေါ်မှာ ဒီအတိုင်းပဲ အုပ်လိုက်တယ်။ လေးထောင့်ကျကျ မတူးတဲ့အခါကျတော့ သူ့ကို ခုထားခံထားတာ မရှိတဲ့အတွက် ကားလည်း မောင်းလိုက်ရော အကုန်လုံးပလဲပြီးတော့၊ ထွက်ကုန်တော့၊ ဒီဥစ္စာ တွေက ပိုက်ဆံတွေက အလကားဖြစ် ဖြစ်ကုန်တဲ့သဘော ရှိပါတယ်။

အဲဒီတော့ ပြည်ပနိုင်ငံတွေ သွားတဲ့အခါမှာ မြန်နှုန်းမြင့်ရထားတွေရှိတယ်။ အဲဒီရထား လမ်းတွေကို သတိထားကြည့်လို့ရှိရင် မြေပြင်ပေါ်မှာ မဆောက်တော့ဘူး။ Soil ကို ကြောက်လို့ တစ်ခါတည်းအောက်မှာ တိုင်တွေစိုက်ပြီးတော့ တံတားပါပဲ။ တံတားထိုးလိုက်တယ်။ ကွန်ကရစ် တံတားကြီး၊ အဲဒီကွန်ကရစ် တံတားကြီးပေါ်မှာပဲ သံလမ်းပြေး ထည့်လိုက်တဲ့အခါကျတော့ ခုနပြဿနာတွေ မရှိတော့ဘူးပေါ့။ ဒါတွေကို တော်တော်ခက်တယ်ပေါ့။ ဒီ Soil နဲ့ပတ်သက်လို့ လုပ်ရတဲ့ကိစ္စတွေက တော်တော် ခက်တယ်။ အဲဒီတော့ အခု ကျွန်တော်ဟိုတစ်နေ့က ပြောသလို၊

ပြန်သုံးသပ်သင့်ပါတယ် ဆိုတဲ့ကိစ္စက၊ အခုဟုတ်လား စည်ပင်ကလည်း ဖောက်နေတယ်။ လမ်းပုံထုတ်လည်း မရှိဘူး။ ရထားကလည်း ဖောက်နေတယ်။ လမ်းပုံထုတ်လည်းမရှိဘူး။ ဒီဇိုင်းနာမရှိဘူးဆိုတော့ သူတို့ဖောက်ချင်ရင် Expert Opinion မလိုဘူးလား။ Expert ကို ခေါ်ရမယ်။ ဆောက်လုပ်ရေးဆိုရင် ဆောက်လုပ်ရေး Expert၊ ဒီဇိုင်းထုတ်ခိုင်းရမယ်၊ ဒီဇိုင်းကို ထုတ်ရမယ်။ ကုမ္ပဏီက ဖောက်မလား။ ဒီဇိုင်းကို တောင်းရမယ်။ ဒီ ဒီဇိုင်းကို စစ်ရမယ်။ ဒီ ဒီဇိုင်းကိုပဲ အတိအကျလုပ်ရမယ် ဆိုရင်ခုန အပျက်သံသရာက လွတ်သွားမယ်။

အဲအခုတော့ ဒီအပျက်သံသရာတွေဟာ ကျွန်တော်တို့မှာ တော်တော်ကို Master Plan လုပ်ပြီးတော့ပြင်မှ ရတော့မယ်။ ဒီလမ်းကတော့ ပြင်တယ်။ နှစ်တစ်ရာခံအောင် ပြင်လိုက်တယ်။ ဟော .. နောက်တစ်လမ်း ဒီလိုပြင်လိုက်တယ် နောက်တစ်လမ်း ဒီလိုပြင်လိုက်တယ် ဆိုတာမျိုး၊ မြို့ပြလမ်းကလည်း မြို့ပြလမ်းပုံစံပေါ့နော်။ Highway ကလည်း Highway ပုံစံပေါ့။ Country Road ကလည်း Country Road ပုံစံပေါ့။ ဒီလိုကို Master Plan လုပ်ဖို့လိုပါတယ်။ တချို့ဟာတွေကတော့ ဆောက်လုပ်ရေးကပဲ ကျွမ်းကျင်တဲ့အတွက် ဆောက်လုပ်ရေး လုပ်စေချင်တယ်။ ကျွန်တော် ဒါကြောင့် ဟိုနေ့က အခုလာဖြေတော့ ဆောက်လုပ်ရေးက လာဖြေရတယ်။ လုပ်တဲ့သူတွေက တခြား။ သဘောက ဟိုက ရေးပေးလိုက်တာ လာဖြေရတယ်။ အဲဒီတော့ ဆောက်လုပ်ရေးကပဲ ကျွမ်းကျင်တာဖြစ်တဲ့အတွက်၊ တတ်တာဖြစ်တဲ့အတွက်၊ ပညာရပ်ဆိုင်ရာ နားလည်တာဖြစ်တဲ့အတွက် ဆောက်လုပ်ရေးကို ဘတ်ဂျက် ချပေးပေါ့။ ဆောက်လုပ်ရေးကပဲ လုပ်လိုက်ပေါ့။ သဘောက၊ ဒါမှမဟုတ်လည်း ဟိုက ဘတ်ဂျက်နဲ့ လုပ်ချင်ရင်လည်း ဆောက်လုပ်ရေးကိုအပ်ပေါ့။ ကဲ ဆောက်လုပ်ရေးကို အပ်တယ်။ ဥပမာ စည်ပင်၊ ဆောက်လုပ်ရေးကို အပ်တယ်။ ရထား၊ ဆောက်လုပ်ရေးကို အပ်တယ်။ ပျက်ရင် ဆောက်လုပ်ရေးတာဝန်၊ သူ့မှာ ပညာရှင်ရှိတယ်။ ဟိုကလည်း တာဝန်ခံလုပ်ရပါတယ်။ ဒါဟာ ဒီအတွက်မွေးထားတဲ့ ပညာရှင်တွေ အများကြီးရှိတာပဲ။ အဲဒီတော့ အခု ခုနလိုပေါ့။ ဒုတိယ ဝန်ကြီး ဖြေသွားတဲ့ကိစ္စတွေကလည်း ကျွန်တော်ကတော့ ဖတ်ထားဖူးတဲ့အခါကျတော့ သဘောပေါက်တယ် သဘောပေါက်တယ်။

သူများဌာနဟာတွေ ကိုယ်စားဖြေနေရတော့ လာပြီးတော့ ခေါးခုတ်ရာ လက်ဝင်လျှိုသလို ဖြစ်နေတယ်။ ခေါးတော့ခုတ်တာ မဟုတ်ပါဘူး အခုကတော့။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ လမ်းနဲ့ ပတ်သက်ပြီးတော့ မိမိတို့ဒေသတွေမှာ လမ်းဆိုရင် ဘယ်လိုလဲဆိုတာ

သိအောင်ပေါ့နော်။ သိအောင် ဒါနဲ့ ပတ်သက်ပြီး ကျွန်တော် စည်ပင်က အင်ဂျင်နီယာကြီးတွေ ဘာတွေ မေးကြည့်ဖူးတဲ့အခါမှာ ဘာမှမသိဘူး။ လမ်းဆိုတာ ပုံထုတ်ဆိုတာကို သိကိုမသိတာ။ ဒီလိုဖြစ်နေတယ်။ အဲဒီတော့ အခု ဆောက်လုပ်ရေးမှာရော လမ်းပုံထုတ်၊ တံတားပုံထုတ် ဌာနတွေက ရှိသေးရဲ့လား။ သူ့မျိုးဆက်တွေလည်း ရှိတယ်ပေါ့နော်။ ဒါတွေလည်း Upgrade ဖြစ်အောင် ပြည်ပ Training တွေ၊ ဘာတွေ ဆက်လွှတ်ဖို့ရော လိုပါတယ်နော်။ ဒါတွေ ကြီးပွားတိုးတက်အောင် လုပ်ပြီးတော့မှ ရှေ့လျှောက်ကျလို့ရှိရင်တော့ ဘယ်ဌာနကဖောက်ဖောက် ဒီက ဒီဇိုင်းယူပါ။ ယူရမယ်။ ဒီဇိုင်းအတိုင်း စစ်ဆေးခံရမယ်ဆိုတာ လောက်တော့လုပ်မှ ဒီအပျက်သံသရာကနေ တဖြည်းဖြည်း ပြန်ထွက်နိုင်မယ်လို့ ထင်ပါတယ်နော်။ ကျွန်တော်ပြောတာ အမှားပါသလား။ ဥက္ကဋ္ဌ ပြောလို့ မှန်ပါတယ်လို့ မလုပ်နဲ့နော်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်။ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်တဲ့ ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ၂၆-၇-၂၀၁၂ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆိုတင်သွင်းပြီး ၇-၈-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များ မပြုဘဲ အတည်ပြုပြီးနောက် ၈-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ နိုင်ငံတော် တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်တဲ့ ဥပဒေကို

ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာတဲ့ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်။ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့တဲ့ ပြင်ဆင်ချက်များကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၁၁-၂၀၁၂ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်။ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ၁၃-၇-၂၀၁၂ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အဆိုတင်သွင်းပြီး ၂၅-၇-၂၀၁၂ ရက်နေ့တွင်

ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ၂၆-၇-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်။ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့တဲ့ ပြင်ဆင်ချက်များကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၁၁-၂၀၁၂ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ မြန်မာနိုင်ငံသားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိ မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၄)အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်။ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၂၅)ရက်မြောက်နေ့

၁၃-၈-၂၀၁၂ တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ တင်သွင်းထားတဲ့ မြန်မာနိုင်ငံသားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိ မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၄)အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွှန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၁း၀၇။**

**ဦးမန်းကံညွှန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွှန့် ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော် ဆွေးနွေးတင်ပြသွားမယ့် အကြောင်းအရာကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြ တင်သွင်းသွားပါသော မြန်မာနိုင်ငံသားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိ မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၄)အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီး အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ဆွေးနွေးချက်ကို ဖတ်ကြားဆွေးနွေးခွင့်ပြုပါခင်ဗျား။

ဒီအဆိုကို ကျွန်တော် မထောက်ခံသလို၊ ကန့်ကွက်ခြင်းလည်း မပြုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဆိုတင်သွင်းသူဟာ ဥပဒေပညာရှင်တစ်ဦးဖြစ်လို့ စိတ်ကောင်း၊ စေတနာနဲ့ ဥပဒေရှုထောင့်က စဉ်းစားထားတာရှိလို့ဖြစ်မယ်လို့ ယူဆတဲ့အတွက် ကန့်ကွက်ခြင်းမပြုတာ ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ သေသေချာချာ စဉ်းစားနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုရှင်အား တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို အချက်(၅)ချက်နဲ့ ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်ကတော့ ယခုနှစ် မေလ၊ ဇွန်လများမှာ ရခိုင်

ပြည်နယ်အတွင်း လူမဆန်သည့် ရာဇဝတ်ပြုမှု ကျူးလွန်သော လူ(၃)ဦးရဲ့ ရှုံရှာစက်ဆုတ်ဖွယ်ရာ ဖြစ်ရပ်မှ စတင်ကာ လူမျိုးရေး၊ ဘာသာရေး အသွင်ဆောင်သော ရုန်းရင်းဆန်ခတ်မှု များကြောင့် အိမ်ခြေ၊ ယာခြေများ ဖျက်ဆီးခံရခြင်း၊ လူအချို့ သေကျေပျက်စီးရခြင်းများ ဖြစ်ပေါ်ခဲ့ရပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးမန်းကံညွန့်၊ ဘာသာရေး အသွင်မဆောင်ပါဘူး။

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ဘာသာရေးအသွင် မဆောင်ပါဘူး။ စကားပြောရင် သတိထားပြီး ပြောပါ။

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့။ နိုင်ငံတော် အစိုးရက မှန်ကန်စွာဖြေရှင်းပြီး ထိန်းသိမ်းပေးနိုင်မှုကြောင့် အချိန်တိုအတွင်း တည်ငြိမ် အေးချမ်းမှု ရရှိခဲ့ပါတယ်။ ထိုအရေးအခင်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်မှု အပေါ် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် အကောင်းမမြင်မှုများ ရှိသကဲ့သို့ သံသယများစွာနဲ့ အထင်လွဲမှားနေသူများလည်း ရှိနေဆဲ ဖြစ်ပါတယ်။ အထင်လွဲမှားမှုများတွင် အဓိကအားဖြင့် နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု စသည့်ကိစ္စများ ပါရှိနေပါတယ်။

ယခုလိုအချိန်တွင် တည်ဆဲဥပဒေဖြစ်သည့် နိုင်ငံသားဥပဒေကို အသစ်ရေးဆွဲ တင်ပြ ခြင်းနှင့် ဖျက်သိမ်းရန် အဆိုပြုခြင်းသည် သံသယကို ပိုမိုကြီးထွားလာနိုင်သလို အထင်လွဲမှား မှုများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် အချိန်အခါအရ မပြုလုပ်သင့်သေးသော အချိန်ဖြစ် သည်လို့ ကျွန်တော် ယူဆပါတယ်။ ဤအဆိုပေါ်ကို လေးလေးနက်နက် စဥ်းစားသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုရှင်အား တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်ကို ဆက်လက်တင်ပြသွား ပါမယ်။ ပြည်ထောင်စုလွှတ်တော်၊ ဒုတိယအကြိမ် အစည်းအဝေးကာလအတွင်း၊ လွှတ်တော် ကိုယ်စားလှယ်များအတွင်း အရည်အသွေး မြင့်မားရေးအတွက် ဘတ်ဂျက်နဲ့ ပတ်သက်သော ကိစ္စ၊ ဥပဒေနဲ့ပတ်သက်သောကိစ္စများကို ပညာရှင်များက သဘင်ဆောင်တွင် လာရောက်ဆွေးနွေး ဟောပြောခဲ့ပါတယ်။ ထိုစဥ်က ဥပဒေပညာရှင် ပါမောက္ခ ဒေါက်တာ ဒေါ်ကြူကြူဆွေ က မြန်မာ့ ဆိုရှယ်လစ်လမ်းစဥ်ပါတီအစိုးရလက်ထက် ဥပဒေများ ဆွေးနွေးခြင်း အခန်းကဏ္ဍမှာ ဥပဒေအမှတ် ၄/၈၂၊ နိုင်ငံသားဥပဒေကို ထည့်သွင်းဆွေးနွေးသွားပါတယ်။ နိုင်ငံသားဥပဒေမှာ အခန်း(၈)ခု၊

ပုဒ်မ(၇၆)ခုပါရှိပြီး နိုင်ငံသားဖြစ်ခြင်း၊ ဧည့်နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် အဆုံးအဖြတ် ခံယူခြင်း၊ အယူခံဝင်ခြင်း စသည့် အကြောင်းအရာများ ပါဝင်ကြောင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီမှု ရှိနေသေးကြောင်း ပြစ်ဒဏ်ချမှတ်သည့် ငွေများကိုတော့ ယခုကာလ နှင့် ကိုက်ညီမှု ရှိ/မရှိကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ပြီး ဆက်လက်အသုံးပြုသင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ဖျက်သိမ်းရန်၊ အသစ်ပြင်ဆင်ရေးဆွဲရန် ဆွေးနွေးခဲ့ခြင်းမရှိပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပညာရှင်များ မဟုတ်ပါ။

သို့သော် ပြည်သူများက ရွေးချယ်ပြီး ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရန် တာဝန်ပေးခံခဲ့ရခြင်း ဖြစ်ပါတယ်။ ထိုတာဝန်ကို ထမ်းဆောင်ရာ၌ ဥပဒေပညာရှင်များ၏ အကြံပြုချက်များကို လျစ်လျူမရှုသင့်ဟု ကျွန်တော် ထင်မြင်ယူဆပါတယ်။ ဒါကြောင့် ဥပဒေ ပညာရှင်များ၏ အကြံပြုချက်ကို လျစ်လျူရှုပြီး ဒီဥပဒေကို အသစ်ရေးဆွဲပြီး၊ အဟောင်းဖျက်သိမ်းခြင်းကို မပြုသင့်ကြောင်း အဆိုကို ပြန်လည်စဉ်းစားသင့်ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် အဆိုရှင်ကို တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်ကို ကျွန်တော် ဆက်လက်တင်ပြသွားပါမယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက် ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ဒီဥပဒေဟာ ထူးထူးခြားခြား ပြည်သူကို အရင်ချပြပြီးမှ ပြည်သူ့လွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် ပါဝင် ဆောင်ရွက်ခဲ့ရတဲ့ ကဏ္ဍကို တင်ပြလိုပါတယ်။ ကျွန်တော်မှတ်မိသမျှ ၁၉၈ဝ-၈၁ ခုနှစ်ခန့်က ဖြစ်မယ်ထင်ပါတယ်။ ထိုစဉ်က ကျွန်တော်ဟာ ကချင်နှင့် ဘားအံမှာ ဗိုလ်ဘဝနဲ့ တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါတယ်။ ဘားအံမြို့နယ်သည် အဖြူရောင်နယ်မြေ သက်သက်မဟုတ်ဘဲ အညိုရောင်နယ်မြေ ဖြစ်ပါတယ်။ စစ်ကြောင်းကြီး (၅)ကြောင်းအသွင်နဲ့ တစ်နှစ်လျှင် (၂)ကြိမ်ခန့် နယ်မြေအတွင်း ကွင်းဆင်းလို့ကျေးရွာလူထုအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ တစ်ကြိမ်မှာ ပါတီယူနစ်ကော်မတီဝင် နယ်မြေမှူး(၁)ဦး ဦးဆောင်ပြီး၊ မြို့နယ်ကောင်စီ အလုပ်အမှုဆောင်(၁)ဦး၊ ဌာနဆိုင်ရာဝန်ထမ်းများပါဝင်ပြီး ကျွန်တော့် လှုပ်ရှားနယ်မြေဖြစ်တဲ့ ဘားအံမြို့နယ်၊ အိန္ဒုတိုက်နယ်ကို ရောက်ရှိလာပါတယ်။ ကျေးရွာ(၂၂)ရွာကို

လှည့်လည်ဟောပြောဆွေးနွေးမှုများ ပြုလုပ်ပါတယ်။ ထူးခြားတာကတော့ ဒီစစ်ကြောင်းမှာ ဥပဒေပညာရှင်(၂)ဦး ပါဝင်ပြီး နိုင်ငံသားဥပဒေကြမ်းကို ဆွေးနွေးဟောပြောခဲ့ပါတယ်။ တစ်အိမ် တစ်ယောက် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း ဇရပ်တွေမှာ စုစည်း ဟောပြောရတာ ဖြစ်ပါတယ်။ ကျွန်တော်က စစ်ကြောင်းရဲ့ လုံခြုံရေးတာဝန်အပြင် စစ်ကြောင်း စစ်ရေးတာဝန်ကိုပါ ယူရပါတယ်။

ထိုစဉ်က နိုင်ငံသားဥပဒေအပေါ် စိတ်ဝင်စားကြတဲ့ပြည်သူတွေဟာ သူတို့ နားလည် သလောက်နဲ့ ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ပြည်သူများကို ချပြ အကြံဉာဏ် များရယူပြီး ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ် ခဲ့တဲ့ နိုင်ငံတော် အတွက် အသက်တမျှ အရေးကြီးတဲ့ ဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲရန် အမှန်ပင် လိုအပ်ပြီလား။ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီလားဆိုတာကို သေသေချာချာ စဉ်းစားသုံးသပ်သင့် ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် အဆိုရှင်ကို တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်ကတော့ နိုင်ငံသားဥပဒေ ၄/၈၂ ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှာ ဥပဒေအမှတ်၊ ၄/၉၇ နဲ့ တစ်ကြိမ် ပြင်ဆင်ခဲ့ပါတယ်။ ထိုပြင်ဆင်ချက်တွင် အခြားအကြောင်းအရာများ ပြင်ဆင်ရန် မလိုအပ်သေးတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနဆိုတဲ့ စကားရပ်အစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဆိုတဲ့ စကားရပ်ဖြင့် အစားထိုးရမည်ဟု လည်းကောင်း၊ ဤဥပဒေ ပုဒ်မ ၆၇ ကို အောက်ပါအတိုင်း အစားထိုးရမည်။

ပုဒ်မ ၆၇။ အစိုးရသည် ဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ (က) ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး၊ ဥက္ကဋ္ဌ၊ (ခ) ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ အဖွဲ့ဝင်၊ (ဂ) ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ အဖွဲ့ဝင်၊ (ဃ) ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ အဖွဲ့ဝင်၊ (င) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ အတွင်းရေးမှူး ဟု ပြင်ဆင်ခဲ့ပါတယ်။ အခြားအကြောင်းအရာများ ပြင်ဆင်မှု မရှိခဲ့ပါ။ ထိုဥပဒေဟာ ထိုအချိန်အထိ ကိုက်ညီ မှန်ကန်နေသောကြောင့် ဖြစ်မည်ဟု ကျွန်တော်သုံးသပ်မိပါတယ်။ လွန်ခဲ့သော (၁၅)နှစ်အထိ အသုံးပြု၍ရခဲ့သော ဤဥပဒေပါ အချက်များကို ယခုဖျက်သိမ်းသင့်သောအခြေအနေသို့ ရောက်ရှိပြီး အသစ်ပြင်ဆင်ရေးဆွဲရန်

အမှန်လိုအပ်ခြင်း ရှိ/မရှိ ကို သေချာစွာ သုံးသပ်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုရှင်အား တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဉ္စမအချက်ကို ဆက်လက်တင်ပြရမည်ဆိုပါက နိုင်ငံသားဥပဒေ ၄/၈၂ မှာပါတဲ့ ပုဒ်မအချို့သည် အကဲဆတ် မခံနိုင်သည့် ပုဒ်မများဖြစ်ပါတယ်။ ဥပမာ ပုဒ်မ ၃၊ နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသား ဖြစ်သည်ဆိုသော ပုဒ်မကို ပြင်ဆင်မယ်၊ ပြောင်းလဲမယ်၊ ဖယ်ထုတ်မယ်ဆိုပါက မလိုလားအပ်သော အခြေအနေများ ဖြစ်လာနိုင်ပါတယ်။ ပုဒ်မ ၅၊ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘ နှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း၊ မွေးရာပါ နိုင်ငံသားဖြစ်သည်ဆိုသည့် ပုဒ်မသည်လည်း အလွန်အရေးကြီးသော ပုဒ်မ ဖြစ်ပါတယ်။ ပုဒ်မ ၂၃၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်များနှင့် အရည်အချင်းကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်နိုင်သည်။

ပုဒ်မ ၂၄၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီကာလတွင် နိုင်ငံတော်အတွင်း၌ ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးသည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်ဆိုတဲ့ အချက်များဟာ အလွန်အရေးကြီးသော အချက်များဖြစ်၍ ပြင်ဆင် လိုပါက ပြည်သူတို့၏ သဘောထားကို ရယူသင့်သည်ဟု ထင်မြင်ယူဆပါတယ်။ ဒါကြောင့် ပြည်သူတို့၏ ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်တို့၏ တင်ပြချက်များသည် ပြည်သူတို့၏ ဆန္ဒအမှန်နှင့် တစ်ထပ်တည်းကျပါရဲ့လားလို့ သုံးသပ်သင့်ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် အဆိုရှင်အား တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်ဆုံးတင်ပြချင်တာကတော့ လူတစ်ယောက်ရဲ့ နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှုသည် ထိုပုဂ္ဂိုလ်က ဖန်တီးယူ၍ရသော ကိစ္စ မဟုတ်ပါ။ ထိုပုဂ္ဂိုလ်၏ မိဘ(၂)ပါးကသာ မိမိမျိုးနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့်

ကိစ္စ ဖြစ်ပါသည်။ ကျွန်တော်၏ ဖခင်သည် လွတ်လပ်ရေးမော်ကွန်းဝင် တပ်မတော်သားဟောင်း တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ညီအစ်ကိုများအား ငယ်စဉ်ကပင် လွတ်လပ်ရေးကို တိုင်းရင်းသား အားလုံး၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရယူခဲ့ရ၍ ရရှိပြီး လွတ်လပ်ရေး မဆုံးရှုံးရအောင် ကာကွယ်ဖို့၊ တိုင်းပြည်ချစ်စိတ်ရှိဖို့ အမြဲသွန်သင်ခဲ့သော မျိုးချစ်စစ်သည်ကောင်း တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်၏ စံထားရသော ကျေးဇူးရှင် ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်၏ ဘဝ၌ လူမျိုးနှင့်ပတ်သက်၍ အားငယ်စရာ အမြဲရှိခဲ့ပါတယ်။ အဖေသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ ယုံသလင်းကျေးရွာမှ အနောက် ပိုးကရင် တိုင်းရင်းသား တစ်ဦးဖြစ်ပါတယ်။ ယုံသလင်းကျေးရွာသည် ကရင်အာဇာနည် ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ဖခင် မန်းပေကုန်း စတင်တည်ထောင်ခဲ့သော ရွာဖြစ်ပါတယ်။ မန်းပေကုန်းမှာ သားသမီး (၈)ယောက် ရှိသည့်အနက် မန်းဘခိုင်မှာ ပဉ္စမသားဖြစ်၍ ကျွန်တော်တို့မှာ စတုတ္ထသား မန်းထွန်းလွင် ၏ မျိုးဆက်ဖြစ်ကြောင်း သိရပါတယ်။

သို့သော် ဖခင်သည် ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ လှည်းဆိပ်ကျေးရွာသူ ဗမာတိုင်းရင်းသူ ကျွန်တော့်မိခင်နဲ့ အကြောင်းပါခဲ့သည့်အတွက် ကျွန်တော်သည် ကရင်ကပြား ကရင်-ဗမာ ဖြစ်ခဲ့ပါတယ်။ မိခင်မျိုးနွယ် ဗမာများက ကျွန်တော့်ကို ကရင်ကြီး၊ ကရင်လေးဟု လည်းကောင်း၊ ကရင်လင်မယားဟု လည်းကောင်း ချစ်၍၊ ခင်၍ ခေါ်ကြသော်လည်း ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးခံစားရပါတယ်။ ဖခင်မျိုးနွယ် ကရင်များကတော့ ကျွန်တော့်ကို ဗမာဟုသာ လက်ခံကြပါတယ်။ ဒီဘဝကို ကျွန်တော် ရွေးချယ်ခွင့် မရှိခဲ့ပါ။ ဖခင်၊ မိခင် များ၏ ရွေးချယ်မှုအရ ကျွန်တော် လူဖြစ်လာရခြင်းဖြစ်၍ ဗမာဖြစ်ဖြစ်၊ ကရင်ဖြစ်ဖြစ်၊ ကရင်-ဗမာ ကပြားဖြစ်ဖြစ် ကျေနပ်စွာပင် ခံယူရမည် ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော် ကရင်စာပေ သုတေသန စာစောင် တစ်ခုတွင် ကရင်မျိုးနွယ်နဲ့ ပတ်သက်ပြီး စာတမ်းတစ်စောင် ဖတ်ခဲ့ရပါတယ်။ ကရင်လူမျိုးတို့တွင် ဖခင်မျိုးနွယ် စကောနှင့် မိခင်မျိုးနွယ် ပါအိုး၊ ပိုးဟူ၍ (၂)မျိုးရှိကြောင်း၊ ဖခင်မျိုးနွယ်တွင် ကယား၊ ကယ်ခို၊ ကယ်ဘား၊ ရင်းဖြူ ရင်းနက်၊ ရင်းကြား၊ ကရင်နီ၊ မြောင်၊ ယောင်၊ လားဟူ၊ အခါ၊ လီဆူး တို့ ပါဝင်ပြီး၊ မိခင်မျိုးနွယ်တွင် ပအိုးဝ်၊ မွန်တို့ ပါဝင်ကြောင်း ဖတ်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

ဘာကြောင့်လဲဆိုတော့ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အတူနေထိုင်ကြတာဖြစ်လို့ တိုင်းရင်းသား များသည် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်ပြီးတော့ကာ ပြည်ထောင်စုဖွားတွေ ဖြစ်ရတာပါပဲ။ အဓိကမှာ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိဖို့ အဓိကပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားဥပဒေမှာလည်း နိုင်ငံသားဖြစ်မှု၊ ဧည့်နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားပြုခွင့်ရသူဖြစ်မှု ဆိုတဲ့ အခွင့်အရေးတွေကို စနစ်တကျ ပြဋ္ဌာန်းပေးပြီး ဖြစ်လို့ ဥပဒေကို အသစ်ရေးဆွဲခြင်း၊ လက်ရှိဥပဒေကို ဖျက်သိမ်းလိုခြင်းကိစ္စသည် သင့်/မသင့်ကို သေချာစွာ စဉ်းစားသင့်သောကိစ္စဖြစ်တာကြောင့် ပြည်သူတို့၏ ဆန္ဒအမှန် ဖြစ်/မဖြစ်ကို ရယူပြီးမှသာလျှင် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်။ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၁း၂၀။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျွန်တော် ဒီနေရာက မင်္ဂလာပါလို့ ဂါရဝပြုရင်း ပြောကြား အပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။

ကျွန်တော်တို့ ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)ရဲ့ မြန်မာ နိုင်ငံသားဥပဒေ အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိမြန်မာနိုင်ငံသားဥပဒေကို ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ဆွေးနွေးပါမယ်။ ဒီ အဆို တက်လာတဲ့ အချိန်တုန်းကတည်းက ကျွန်တော့် မဲဆန္ဒနယ်က လူထုတွေကလည်း အင်မတန်မှ စိတ်ဝင်စားကြပါတယ်။ စိတ်ဝင်စားတာ တစ်ခုတည်းနဲ့ သူတို့က ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ပေးပို့ပြီးတော့ ဒီကိစ္စကို ဆွေးနွေးဖို့၊ အကျေအလည် ဆွေးနွေးဖို့ တောင်းဆိုကြပါတယ်။ နိုင်ငံသားဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အင်မတန်မှအရေးကြီးပါတယ်။

တစ်ချိန်တစ်ခါက လွှန်ခဲ့တဲ့ အနှစ်(၃၀)က ဆွဲခဲ့တယ်ဆိုပေမယ်လို့ ဒီအချိန်၊ ဒီအခါက ပုဂ္ဂိုလ်ကြီးတွေဟာ စဉ်းစားပြီးမှ၊ တိုင်းပြည်ရဲ့အခြေအနေ၊ နောင်အနာဂတ်အတွက်ကို စဉ်းစားပြီးတော့မှ ပညာရှင်တွေ၊ ပုဂ္ဂိုလ်ကြီးတွေက သေသေချာချာ ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်မြင်ပါတယ်။

နိုင်ငံသားဥပဒေဆိုတာ နိုင်ငံ၊ နိုင်ငံတိုင်းမှာ အင်မတန်မှ အရေးကြီးပြီးတော့ အလေးအနက် ထားပြီးတော့မှ တစ်တိုင်းပြည်လုံးက ဆွေးနွေးပြီးတော့ ပြုပြင်ကြတဲ့ ဥပဒေ ဖြစ်ပါတယ်။ နိုင်ငံသားဆိုတာဟာ မိသားစုတစ်ခုမှာ သားသမီးလိုပါပဲ။ နိုင်ငံသားအဖြစ် ကျွန်တော်တို့ နိုင်ငံသားပြုလိုက်ရမယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်သားသမီးလို မွေးစားရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သားသမီးတွေကို အမွေပေးခဲ့ရမယ်။ ဒီသားသမီးတွေရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုလည်း မိဘတွေက ခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အင်မတန်မှ စဉ်းစားပြီးတော့မှ ဒီဥပဒေကို ရေးဆွဲကြရတာ ဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ ဆိုလို့ရှိရင် နိုင်ငံသားဖြစ်ဖို့ မပြောနဲ့ အဲဒီနိုင်ငံမှာ ခိုလှုံဖို့၊ နိုင်ငံရေးခိုလှုံခွင့် တောင်းဆိုတာတောင် အင်မတန်မှ ခဲယဉ်းပါတယ်။ အင်မတန် ခဲယဉ်းတဲ့အခြေအနေ ရှိပါတယ်။ နိုင်ငံသားပေးတဲ့ အခါမှာလည်းပဲ သူတို့က အင်မတန် စဉ်းစားပြီးတော့မှ သူ့နိုင်ငံ အကျိုးရှိမယ်ဆိုလို့ရှိရင် သူတို့နိုင်ငံသားအဖြစ်ကို ပေးပါတယ်။ အင်မတန်မှ တိုင်းတိုင်းဆဆ၊ နှိုင်းနှိုင်းချိန်ချိန် လုပ်ပြီးတော့မှ ပေးတာပါ။

ကျွန်တော်တို့နိုင်ငံမှာ ဆိုလို့ရှိရင် အဓိကက ဒီနိုင်ငံသားဖြစ်ခွင့် အရေးကို ကျွန်တော်တို့ ရခိုင်ဒေသက ပိုပြီးတော့ စိတ်ဝင်စားကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြဿနာဟာ အဲဒီမှာ သွားရှိနေတာပါ။ ရခိုင်ဒေသဟာ အင်မတန်မှ လူဦးရေ များပြား ပေါက်ကွဲနေတဲ့ နိုင်ငံတစ်နိုင်ငံနဲ့ အနီးကပ်ထိတွေ့ ပြီးတော့မှ အဲဒီနိုင်ငံကနေပြီးတော့ ခိုးဝင်ကူးသန်း ရောက်လာပြီးတော့မှ လူဦးရေ တိုးပွား ပေါက်ဖွားလာတဲ့ အခြေအနေတွေနဲ့ ကျွန်တော်တို့က ရင်ဆိုင်နေရတာပါ။ အဲဒီလို လူဦးရေ ပေါက်ကွဲနေတဲ့ နိုင်ငံရဲ့ လူဦးရေတွေဟာ ဒီဘက်ကို လျှံထွက်လာပြီးတော့မှ များပြားပြီးတော့ မိမိရဲ့ဒေသခံတွေထက်ကို သူတို့က များပြားပြီးတော့မှ လူများစု ဖြစ်နေတဲ့ အခြေအနေမှာ နိုင်ငံသားဥပဒေအရ ဘယ်လိုပုံစံမျိုးနဲ့ နိုင်ငံသားကို ပေးကြမလဲ။ ဒီရှိရင်းစွဲ နိုင်ငံသားဥပဒေကို ပြန်ပြင်မယ်ဆိုတဲ့အခါမှာ ဘယ်လိုဟာမျိုးကို ပြန်ပြင်ကြမှာလဲ။ ကျွန်တော်ကတော့ဖြင့် ပြန်ပြင်စရာ ဘာမှမလိုဘူးလို့ မြင်ပါတယ်။

အကယ်တန္တု တစ်ချိန်တစ်ခါကလည်း ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီး ဦးမန်းကံညွန့် ပြောခဲ့သလို နည်းနည်းပါးပါး ပြုပြင်ပြီးပါပြီ။ လိုအပ်တာလေးတွေကို ကျွန်တော်တို့ ပြုပြင်ဖာထေးပြီးတော့ သုံးစွဲသွားလို့ ရပါတယ်။ အကုန်လုံးကို ပယ်ဖျက်ပစ်ဖို့ ဆိုတာကတော့ ကျွန်တော်တို့ ဒီအချိန် ဒီအခါမှာ မလိုအပ်သေးဘူးလို့ ထင်ပါတယ်။ ဒါ ရိုးရိုးသားသားနဲ့ ပြောရ လို့ရှိရင် ကျွန်တော်တို့ အခုလို ပြဿနာအကြီးအကျယ် ပေါက်ကွဲနေတဲ့ အချိန်အခါတွေမှာ ဒီဟာ တွေကို ကျွန်တော်တို့ ခဏလောက် ဖယ်ထားပြီးတော့မှ ကျွန်တော်တို့နိုင်ငံ ငြိမ်းငြိမ်းချမ်းချမ်း ရှိလာတဲ့အချိန် တိုင်းပြည်မှာ တိုးတက်မှုတွေ ရရှိလာတဲ့ အချိန်ကျတော့မှ နိုင်ငံသားတွေဆန္ဒအရ အကုန်လုံးကို ကျွန်တော်တို့ Referendum သဘောမျိုးလုပ်ပြီးတော့မှ နှိုင်းနှိုင်းယှဉ်ယှဉ်နဲ့ စဥ်းစဥ်းစားစား၊ တွေးတွေးခေါ်ခေါ် အချိန်ယူပြီးတော့ ကျွန်တော်တို့ ပြုပြင်သင့်တယ်လို့ ယူဆ ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။

**အချိန်။ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၁း၂၆။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များနဲ့ လွှတ်တော် ကိုယ်စားလှယ်တော်များအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၉)က လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့် ကိစ္စကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ ရဲ့ အဆိုနဲ့ပတ်သက်၍ ဆွေးနွေးတင် ပြသွားမှာ ဖြစ်ပါတယ်။ ဒီအချိန်မျိုးမှာ မြန်မာနိုင်ငံသားဥပဒေကို အသစ်ပြန်လည်ပြီး ပြဋ္ဌာန်းပြီး ရေးဆွဲဖို့ အချိန်အခါ မဟုတ်ပေမယ့်လည်း ဥပဒေမှာ ဖြစ်နေတဲ့ကိစ္စလေးတွေနဲ့ ကျွန်တော် ကန့်သတ်ချက်ဖြင့် တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤတည်ဆဲဥပဒေ၊ မြန်မာနိုင်ငံသားဥပဒေ ၁၉၈၀ ပြည့်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၄)ဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် မြို့ကြီး၊ ပြကြီးကအစ ကျေးလက်၊ ရွာသိမ်ရွာငယ်များ အဆုံးအထိ ကျယ်ကျယ်ပြန့်ပြန့် သဘောထားကိုယူပြီးတော့ ရေးဆွဲထားခဲ့တဲ့ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ဥပဒေမှာတော့ ပုဒ်မ(၇၀)ကျော်လောက် ပါပါတယ်။ ဒါနဲ့ ဥပဒေဟာ တော်တော် ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဒီလိုဆွေးနွေးရသလဲ၊ ဘာကြောင့် တချို့တွေကို ပြင်ဆင်ရန် အခြေအနေရှိသလဲ ဆိုတာကို ကျွန်တော်ဆွေးနွေးသွားပါ့မယ်။ ဥပဒေ ပြုစုတဲ့ ၁၉၈၂ ခုနှစ်က ယခုနှစ်ဆိုရင် နှစ်ပေါင်း(၃၀)ခန့် ကြာမြင့်သွားပြီ ဖြစ်ပါတယ်။ ဥပဒေကို ဆန်းစစ်ကြည့် ပါက ဥပဒေမှာ၊ ဥပဒေပုဒ်မ အချို့မှာ စကားရပ်ရဲ့ အဓိပ္ပာယ်က အဓိပ္ပာယ်ကောက် ယူဖို့အတွက် အင်မတန်ခက်ခဲတဲ့ကိစ္စတွေ ပါပါတယ်။ နောက်ပြီးတော့ အချို့လိုအပ်ချက်လေးတွေလည်း ပါတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမှာ နိုင်ငံသားရယ်၊ ဧည့်နိုင်ငံသားရယ်၊ နိုင်ငံသားပြုခွင့်ရသူ ကဏ္ဍ(၃)ရပ် ဖော်ပြရာမှာ အဲဒီကဏ္ဍ(၃)ရပ်စလုံးမှာ နိုင်ငံသားဆိုတဲ့ စကားရပ်ကို ဆက်နွယ် သုံးနှုန်းထားသဖြင့် တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ကဏ္ဍမှာ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ တို့နဲ့ ရောထွေးနေကြောင်း တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၈၂ ခုနှစ်၊ မြန်မာ နိုင်ငံသား ဥပဒေပုဒ်မ ၃ မှာ မြန်မာနိုင်ငံတွင် ပါဝင်သော နယ်မြေတစ်ခုခု၌ ၁၈၂၃ ခုနှစ် မတိုင်မီ ကာလမှ ပင်ရင်းနိုင်ငံအဖြစ် နေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသား ဖြစ်သည်ဟု ပြဋ္ဌာန်း ထားပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅(က)မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူသည် နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ထိုသို့ပြဋ္ဌာန်းပါရှိသော်လည်း ဤ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ ၇ တွင် ဘယ်လိုပါရှိသလဲဆိုတော့ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ မွေးဖွားသော အောက်ဖော်ပြပါ သူများသည် နိုင်ငံသားဖြစ်သည်ဟု တစ်ဖန် ပြန်လည်ပြီးတော့ ပါရှိနေတာကို တွေ့ရှိရပါတယ်။

အဲဒီပုဒ်မ ၇ ရဲ့ ပုဒ်မခွဲ(က)မှာတော့ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနဲ့ ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရရှိသူများရဲ့ မိဘနှစ်ပါးမှ မွေးဖွားသူများဟာ နိုင်ငံသားဖြစ်တယ်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ထို့အပြင် ပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)မှာ ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော သား/သမီးများနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတို့ သား/သမီးများတို့မှ မွေးဖွားသော သူများသည် နိုင်ငံသားဖြစ်သည်ဆိုပြီး တစ်ဖန်ပြန်ပြီးတော့ ပါထားပါတယ်။ ဒါကြောင့် ပုဒ်မ ၇၊ ပုဒ်မခွဲ(င)မှာ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သား/သမီးများနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများသည် နိုင်ငံသားဆိုပြီးတော့ ပြထားပါတယ်။ ပုဒ်မ ၇၊ ပုဒ်မခွဲ(စ)မှာ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သား/သမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများသည် နိုင်ငံသားဟု ဖော်ပြထားပါတယ်။

အဲဒီဖော်ပြချက်မှာ ဒီ နိုင်ငံသားဆိုတဲ့ စကားဟာ ကျွန်တော်တို့ တိုင်းရင်းသားဖြစ်တဲ့ မွေးရာပါ နိုင်ငံသားအပြင် အခု ကျွန်တော်တင်ပြသွားတဲ့ သွေးနှောထားတဲ့ပုဂ္ဂိုလ်များလည်း နိုင်ငံသားဖြစ်တယ်ဆိုတာ ယူဆလို့ရပါတယ်။ ဒါ ရှုပ်ထွေးနေတဲ့အကြောင်း ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံသားကို ခုနက ဒီကဏ္ဍကို ကျွန်တော်တို့ တိုင်းရင်းသားများ၏ အခန်းကဏ္ဍမှာနိုင်ငံသားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့၏ မွေးရာပါနိုင်ငံသားများကို ထင်ထင်ရှားရှား ဖြစ်အောင်၊ ဧည့်နိုင်ငံသားများနဲ့မွေးတဲ့ သား/သမီးကိုလည်း ထင်ထင်ရှားရှားဖြစ်အောင်၊ နိုင်ငံသားပြုခွင့်ရတဲ့သူတို့ မွေးတဲ့ သား/သမီးများကိုလည်း ထင်ထင်ရှားရှားဖြစ်အောင် ဖော်ပြရန်လိုကြောင်း ကျွန်တော်ယူဆမိပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅(ခ)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီး သူသည် နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ အဲဒီကိစ္စဟာ တော်တော်ကို ရှုပ်ထွေးပြီးတော့၊ တော်တော်လေးနက်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ ပတ်သက်၍လည်း ဤဥပဒေနဲ့ ဥပဒေမှာ တိကျစွာဖော်ပြဖို့ လိုနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

တစ်ဖန် ဒီ ၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေမှာ စည်းကမ်းချက်နဲ့ ခံယူချက်ဆိုတာ၊ ခံစားချက်ဆိုတာ ခံစားခွင့်ဆိုတာ ရှိပါတယ်။ အဲဒီမှာ ပုဒ်မ ၁၂ မှာဆိုရင် နိုင်ငံသားနဲ့ပတ်သက်ပြီးတော့

စည်းကမ်းချက်တွေ ရှိပါတယ်။ ပုဒ်မ ၃၀၊ ဧည့်နိုင်ငံသားကိစ္စနဲ့ ပတ်သက်ပြီးတော့ စည်းမျဉ်း စည်းကမ်းတွေ ရှိပါတယ်။ ပုဒ်မ ၅၃ မှာ ဧည့်နိုင်ငံသားလို့၊ ဧည့်နိုင်ငံသားမှာ၊ အဲ နိုင်ငံသား ပြုခွင့်ရသူများရဲ့ ကိစ္စမှာ ဒီ စည်းကမ်းသတ်မှတ်ထားတာ တွေ့ပါတယ်။ အဲဒီ ပုဒ်မ ၁၂၊ ပုဒ်မ ၃၀၊ ပုဒ်မ ၅၃ တို့က တစ်ခုနဲ့တစ်ခု အနည်းငယ်မျှသာ ကွဲပြားပေမယ့် ထပ်တူထပ်မျှ ရှိနေကြောင်း တွေ့ရှိနေရပါတယ်။ အဲဒီလို စည်းကမ်းချက်နဲ့ အခွင့်အရေးများကို ဒီလို နိုင်ငံသားများကို ထပ်တူ ထပ်မျှ ဧည့်နိုင်ငံသား၊ နိုင်ငံခြားသား၊ ဧည့်နိုင်ငံသားရယ်၊ နိုင်ငံသား ပြုခွင့်ရသူရယ်၊ မွေးရာပါ နိုင်ငံသားရယ် ထပ်တူထပ်မျှ ဖော်ပြခြင်းဟာ ကျွန်တော်တို့ နိုင်ငံတော် ရဲ့ ရှေ့လျှောက်သွားမယ့် လမ်းမှာ ဆူးညှောင့်ခလုတ်သဖွယ် အခက်အခဲများနဲ့ ကြုံတွေ့နိုင်ပါတယ်။ တိုင်းရင်းသားများ အတွက် ရင်လေးစရာဖြစ်ကြောင်း သုံးသပ်မိပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့နှင့် သွေးနှော၍ ရသော သား/သမီး ဟာ ဘယ်လိုနိုင်ငံသားမျိုးလည်း ဆိုတာကို တိတိကျကျ ဖော်ပြဖို့ လိုအပ်ပါတယ်။ ထို့အပြင် အခုခေတ်စားလာတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အစိုးရရဲ့ ကျေးဇူး ကြောင့် စီးပွားရေးများလုပ်လာကြမှာ ဖြစ်ပါတယ်။ အဲဒီ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် မြန်မာနိုင်ငံရဲ့ လူ့ဘောင်တစ်လျှောက် အဆင့်အတန်း မြင့်လာရန်အတွက် စီးပွားရေးကို ဦးစားပေးပြီးတော့ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ဖို့ကိစ္စ (Permanent Residence System) ပေါ့၊ (P.R.S)လို့ ခေါ်ပါတယ်။ အများအားဖြင့်တော့ (P.S)လို့ ခေါ်ပါတယ်။ အဲဒီကိစ္စကို ကျင့်သုံးလာမယ်ဆိုရင် စီးပွားရေးလုပ်ဖို့အတွက် နိုင်ငံခြားသားတွေလည်း ဝင်ရောက်လာ ကြမှာ ဖြစ်ပါတယ်။

အဲဒီ နိုင်ငံခြားသားများမှ ရရှိတဲ့ သား/သမီးနဲ့ ဒီမှာရှိတဲ့ ဧည့်နိုင်ငံသားတွေ၊ နောက်ပြီး တော့ နိုင်ငံသားပြုခွင့်ရသူတို့၏ သား/သမီးတို့ဟာ တစ်နည်းတစ်ဖုံနဲ့ ဆက်စပ်ပြောင်းလဲ လာပြီး တော့ နိုင်ငံသား ဖြစ်လာမယ်။ ဖြစ်လာရင်တော့ ကျွန်တော်တို့ဟာ အဲဒီနိုင်ငံသား၊ အဲဒီပုဂ္ဂိုလ် များဟာ ကျွန်တော်တို့ စီးပွားရေးကို မလုပ်ကြဘဲနဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးကဏ္ဍတွေ၊ စီမံခန့်ခွဲရေး ကဏ္ဍတွေကို စိတ်ဝင်စားပြီးတော့ ပါဝင်ဝင်ရောက်စွက်ဖက်မည်ဆိုပါက ကျွန်တော်တို့ မွေးရာပါ နိုင်ငံသားဖြစ်တဲ့ တိုင်းရင်းသားများဟာ တော်တော်အခက်အခဲ ကြုံတွေ့မှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့များ ဒီ မြန်မာနိုင်ငံသားဥပဒေကို ရေးဆွဲမည်ဆိုပါက မွေးရာပါ နိုင်ငံသား

များကိုသာလျှင်ပေါ့။ ဒါ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးမျိုးကို ဆောင်ရွက်ရမည်ဟုဆိုတဲ့ ကဏ္ဍ တစ်ရပ်ကိုလည်း ထည့်သွင်းသင့်ကြောင်း ယူဆမိပါတယ်။ ထို့အပြင် ဒီ ဥပဒေ ၁၉၈၂ ခု၊ ဥပဒေမှာ ဒါ နှစ်ပေါင်း(၃၀)ကြာပြီဖြစ်တဲ့အတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များဟာလည်း လျော်ညီမှု မရှိတဲ့အတွက် အဲဒါကိုလည်း ပြင်ဆင်ဖို့လိုအပ်မည် ထင်ပါတယ်။ ထို့အပြင် ၈၂ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ပါတီခေတ်အသုံးအနှုန်းများ ရှိပါတယ်။ အဲဒီ အသုံးအနှုန်းကို ဖျောက်ပြီးတော့ ကျွန်တော်တို့ ပါတီစုံဒီမိုကရေစီခေတ် အသုံးအနှုန်းများကိုလည်း ပြန်လည် ဖြည့်စွက်သွားဖို့အတွက် လိုအပ်မယ်ထင်ပါတယ်။

နိဂုံးအနေနဲ့ ကျွန်တော်တင်ပြရမယ်ဆိုရင် နံပါတ်(၁)အနေနဲ့ နိုင်ငံသားဆိုသည့် စကားရပ်တွင် ရှင်းရှင်းလင်းလင်းဖြစ်အောင် ရှင်းလင်းဖို့ကိစ္စတွေ။ နံပါတ်(၂) အနေနဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူအပေါ် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်နဲ့ အခွင့်အရေး များကို ပြင်ဆင်ဖို့ကိစ္စ၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၄၅(ခ)တွင် ကိစ္စက အကောင်အထည်ဖော် စစ်ဆေးဆောင်ရွက်ရန်ကိစ္စရယ်၊ ခေတ်ကာလနှင့် သင့်လျော်သော ပြစ်မှုပြစ်ဒဏ်များပြဋ္ဌာန်း သွားဖို့ကိစ္စနှင့် နံပါတ်(၅)ကတော့ ခေတ်နှင့်လျော်ညီသော ဝေါဟာရ အသုံးအနှုန်းများကို ပြင်ဆင်ပြောင်းလဲဖို့ကိစ္စများကို ဒီ ကျွန်တော်တို့ ခုနှစ်သက္ကရာဇ် အပါအဝင် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေဘောင် ပုံစံအတွင်းတွင်သာ အသစ်ပြန်လည် ရေးဆွဲသင့် ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အဆိုရှင် ဦးတင်မြ ၏ အဆိုကို ကန့်သတ်ချက်နဲ့ ဆွေးနွေးထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၁း၃၈။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးတင်မြ တင်သွင်းသွားတဲ့ မြန်မာနိုင်ငံသား ဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိ ရှိနေတဲ့ ၁၉၈၂ ခု၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် အား ပယ်ဖျက်သင့်ကြောင်း အဆိုကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီ ဦးတင်မြ ရဲ့ အဆိုကို ဆွေးနွေးတဲ့နေ့အထိ ကျွန်တော်က ၁၉၈၂ ခု၊ မြန်မာနိုင်ငံသားဥပဒေကို သေသေချာချာ မလေ့လာ မဖတ်ရှုရသေးပါဘူး။

ဒါကြောင့် အဲဒီနေ့က ဒီလွှတ်တော်မှာ ဒီအဆိုကို တင်သွင်းတဲ့နေ့က ဆွေးနွေးဖို့ မလိုအပ်သေးပါဘူး။ ဆွေးနွေးဖို့ မသင့်သေးပါဘူးလို့ ကန့်ကွက်ရမှန်းတောင် မသိခဲ့ပါဘူး။ ဒီတော့ ကျွန်တော် အဲဒီဥပဒေကို ရှာဖွေပြီးတော့ အသေအချာ ဖတ်ရှုလိုက်တဲ့အခါမှာ ဒီ ဥပဒေဟာ ပြင်ဆင်ဖို့ နည်းနည်းလောက် ဖြည့်စွက်ဖို့၊ လုံးဝပယ်ဖျက်ဖို့ မလိုသေးဘူး။ ပြင်ဆင် ဖြည့်စွက်ရုံနဲ့ အသုံးချလို့ရတဲ့ ဥပဒေကောင်း တစ်ခုဆိုတာကို ကျွန်တော်လေ့လာတွေ့ရှိ ရပါတယ်။ ဒီ ဥပဒေကို ဘာကြောင့် ဖျက်သိမ်းပြီးတော့ အသစ်ရေးဆွဲရမလဲ ဆိုတဲ့ ဒီအဆိုရှင်က ဆွေးနွေးတဲ့အခါမှာ သူက ဒီဥပဒေဟာ အနှစ်(၃၀)ခန့် ကြာပြီ။ ခေတ်မမီတော့ပါဘူး။ ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့ အချိန်အခါနဲ့လည်း ကိုက်ညီမှာ မဟုတ်တော့ပါဘူး။ အာဆီယံ နိုင်ငံများနဲ့ ဆက်ဆံရာမှာလည်း အခက်အခဲရှိနိုင်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်း ချက်များနဲ့ ကိုက်ညီဖို့လည်း လိုအပ်ကြောင်း အိမ်နီးချင်း အိန္ဒိယ၊ တရုတ်၊ ထိုင်း စတဲ့နိုင်ငံတွေရဲ့ နိုင်ငံသားဥပဒေတွေဟာ တည်ငြိမ်နေတယ်။ ဒါကြောင့် အဲဒီဥပဒေတွေနဲ့ နှိုင်းယှဉ်ပြီးတော့မှ လေ့လာရန် လိုအပ်ကြောင်းတို့ကိုလည်း တင်ပြဆွေးနွေးသွားတာကို ကြားခဲ့ရပါတယ်။

၁၉၈၂ ခု၊ နိုင်ငံသားဥပဒေမှာ အခန်း(၈)ခန်း၊ ပုဒ်မပေါင်း(၇၆)ခု ပါရှိပါတယ်။ အခန်း(၂)မှာ နိုင်ငံသားဖြစ်တယ်။ အခန်း(၃)မှာ ဧည့်နိုင်ငံသား ဖြစ်တယ်။ အခန်း(၄)မှာ နိုင်ငံသားပြုခွင့်ရသူ ဖြစ်တယ်။ အခန်း(၅)မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် အဆုံးအဖြတ်ခံယူခြင်း စတဲ့အခန်းတွေနဲ့ ဖွဲ့စည်းထား ပါတယ်။ ဒီ အခန်းတွေဟာ အဓိကအရေးကြီးတဲ့ အခန်းတွေ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အကြောင်းအခြင်းအရာနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာပါ။ ဥပဒေကြောင်းအရ အဓိက ဆွေးနွေးမှာ မဟုတ်ပါဘူး။ ဒီ ဥပဒေရဲ့ အဓိက ဒီ ၁၉၈၂ ခု၊ နိုင်ငံသားဥပဒေဟာ ခြုံပြီးသုံးသပ်ရ မယ်ဆိုရင် တရားမဝင် ခိုးဝင်လာသူများ၊ လူမျိုးခြားများတို့ရဲ့ လွှမ်းမိုးမှုအန္တရာယ်မှ အကာအကွယ် ပေးထားတဲ့ ဥပဒေ တစ်ရပ်ဖြစ်တယ်ဆိုတာ တွေ့ကြရမှာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ နိုင်ငံသား ဥပဒေဆိုတာ မိမိ

နိုင်ငံရဲ့ ပကတိ အခြေအနေအရ ရေးဆွဲရတာ ဖြစ်ပါတယ်။ အိမ်နီးချင်း၊ နယ်စပ်ချင်း ဆက်စပ်နေတဲ့ နိုင်ငံများက လူဦးရေ ဘယ်လောက်စီးဝင်နေမှု ရှိနေသလဲ။ နယ်စပ် ဒေသမှ တရားမဝင် လာရောက် နေထိုင်မှုများ ဘယ်လောက်ရှိနေကြပြီလဲ။

အဆိုပါ တရားမဝင် ခိုးဝင်လာသူများရဲ့ ဒါမှမဟုတ် သူတို့ရဲ့ သား/သမီးများက ကျွန်တော်တို့ နိုင်ငံအတွင်းမှာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍတွေမှာ ဘယ်လောက်များ ထိုးဖောက် ဝင်ရောက်နေရာယူထားကြပြီလဲ စတာတွေကို စစ်ဆေး သိရှိနိုင်ဖို့နဲ့ ခိုးဝင်လာသူတွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် အဓိကထားပြီး ပြဋ္ဌာန်းထားရခြင်း ဖြစ်ပါတယ်။ ခိုးဝင်လာတယ်ဆိုတာက ဟိုးမှာ - ကျွန်တော်တို့ရဲ့ အနောက်ခြမ်းက ခိုးဝင်လာစရာအကြောင်း မရှိပါဘူး။ နီးနေတဲ့နေရာများက ခိုးဝင်လို့ ရမှာပါ။ ဒီ လက်ရှိ ၁၉၈၂ ခု၊ မြန်မာနိုင်ငံသားဥပဒေဟာ မြန်မာနိုင်ငံရဲ့ အမှန်တကယ်ရှိနေတဲ့ ပကတိအနေအထားကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြီး ဥပဒေပညာရှင်တွေနဲ့ စနစ်တကျ ရေးဆွဲထားတဲ့ ဥပဒေကြီးတစ်ခု ဖြစ်တယ်ဆိုတာကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။ သမိုင်းကြောင်းလည်းရှိပါတယ်။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို အလေးထားပြီး ရေးဆွဲထားတာကို တွေ့ရပါမယ်။

ဥပဒေရဲ့ စည်းနှောင်အား(Binding Force)လည်း တော်တော်ကောင်းပါတယ်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေဟာ ရခိုင်ပြည်နယ်အတွက်သာမက ချင်း၊ ကချင်၊ ရှမ်းပြည်နယ်တို့အတွက်လည်း လိုအပ်နေမှာဖြစ်ပါတယ်။ လက်ရှိ ဥပဒေကို ရေးဆွဲဖြစ်ပေါ်လာရခြင်း အကြောင်းအရင်း၊ အဖြစ်အပျက်လည်း တော်တော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျွန်တော်နည်းနည်းလောက် တင်ပြပေးပါမယ်။ ၁၉၇၇ ခုနှစ်၊ မေလလောက်မှာ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ နဂါးမင်း စီမံချက်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီစီမံချက်ကြောင့် အိန္ဒိယ၊ တရုတ် စတဲ့ နိုင်ငံခြားသား တော်တော်များများ ဒီနိုင်ငံက ထွက်သွားခဲ့ကြရပါတယ်။ ၁၉၇၈ ခုနှစ်တွင် အဆိုပါ နဂါးမင်း စီမံချက်ကြောင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှာ တရားမဝင် ခိုးဝင်နေသူတွေ အလိုအလျောက် အစုလိုက်အပြုံလိုက် ရွာလုံးကျွတ် တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားကြပါတယ်။ နဂါးမင်း စီမံချက်ပြီးရင် ဂဠုန်စီမံချက် လာမယ်လို့ဆိုပါတယ်။ ထွက်ပြေးသွားကြသူများကို တစ်ဖက်နိုင်ငံက ဒုက္ခသည်စခန်းဖွင့်ပြီး လက်ခံထားပါတယ်။ ဒါပေမဲ့ ဂဠုန်စီမံချက်

အစား ဟသ်ာစီမံချက်ပဲ ဝင်လာပါတယ်။ ဂဠုန်စီမံချက် မဝင်ခဲ့ပါဘူး။ ဟသ်ာစီမံချက်အရ ထွက်ပြေးသွားကြတဲ့သူ အားလုံးကို ပြန်လည်လက်ခံရပါတယ်။

နဂါးမင်းစီမံချက်ကြောင့် အိမ်ထောင်စုပေါင်း(၂၅၉၀၅)အိမ်ထောင်စု၊ လူဦးရေပေါင်း (၁၅၆၆၃၀)ဦး ထွက်ပြေးသွားကြပါတယ်။ ဟသ်ာစီမံချက်အရ ထွက်ပြေးသွားကြသူများအတွက် ပြန်လည်လက်ခံစခန်း (၁၅)ခုဖွင့်ထားပြီး၊ အိမ်ထောင်စုပေါင်း (၂၉၀၄၉)အိမ်ထောင်စု၊ လူဦးရေပေါင်း (၁၆၃၈၉၁)ဦးတို့ကို ပြန်လည်လက်ခံခဲ့ရပါတယ်။ ပြန်ဝင်လာကြတဲ့ Refugee လို့ခေါ်တဲ့ ဒီ ဒုက္ခသည်များ လက်ခံစခန်း တစ်ခုဖြစ်တဲ့ နယ်စပ် လက်ဝဲတောင်ပြိုစခန်းကို ကျွန်တော် စိတ်ဝင်စားပြီးတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားပြီးလေ့လာခဲ့ဖူးပါတယ်။ ကျွန်တော် သွားကြည့်တဲ့နေ့က ဒီဖက်နိုင်ငံက ပြုစုထားတဲ့စာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့မှ လက်ခံနေတာကို တွေ့ရပါတယ်။ နှစ်ဖက်နိုင်ငံရှိ UNHCR အရာရှိကြီးများက ကြားခံအဖြစ်နဲ့ ရှိနေတာကို တွေ့ရပါတယ်။ ပြန်ဝင်လာတဲ့ Refugee များဟာ ကမ္ဘာကလှူဒါန်းထားတဲ့ငွေ၊ အစားအစာ၊ အဝတ်အထည်၊ စောင်၊ အခြား အသုံးအဆောင်များ ရရှိလာကြပြီး မိမိနေထိုင်ခဲ့ရာနေရပ်သို့ ပြန်လည်ရောက်ရှိကြပါတယ်။ ဟိုဘက်နိုင်ငံဒုက္ခသည်စခန်းမှ ရရှိလာခဲ့တဲ့ ငွေတွေနဲ့ အဲဒီဖက်က ရေဒီယိုတွေ၊ လက်ပတ်နာရီ၊ ဓာတ်ဗူး အစရှိသည်အားဖြင့် လူသုံးကုန်ပစ္စည်းတွေ ယူခဲ့ကြပါတယ်။

ဒီဖက်ကိုရောက်တော့ ပြန်ပြီးတော့ အမြတ်နဲ့ပြန်ရောင်းရလို့ တော်တော်ကျေနပ် နေကြတာကို တွေ့မြင်ခဲ့ရပါတယ်။ အမြတ်ရနေတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရှိ သက်ဆိုင်ရာအစိုးရက ဒီနဂါးမင်းစီမံချက်ကရရှိခဲ့တဲ့ အဖြစ်အပျက်တွေ အတွေ့အကြုံ တွေကို အခြေခံပြီးတော့မှ ဒီ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့တယ် ဆိုရင်လည်း မမှားပါဘူး။ ဒီ ဥပဒေဟာ စာတွေ့ ဥပဒေလောက်နဲ့ ရေးဆွဲခဲ့ကြတာ မဟုတ်ဘူး ဆိုတာတော့ သေချာပါတယ်။ ဒါ့အပြင် မိမိ နိုင်ငံအတွင်းသို့ လူဦးရေသိပ်သည်းမှု များပြား လွန်းတဲ့ ပတ်ဝန်းကျင်နိုင်ငံများမှ လူမျိုးခြားများ ဥပဒေမဲ့ ခိုးဝင်လာပြီး အခြေချနေထိုင်ကာ လူမျိုးပြန့်ပွားလျက် အနာဂတ်မှာ မိမိလူမျိုး မပျောက်ကွယ်ရေးနဲ့ နိုင်ငံရေးအရ မဆုံးရှုံးရေးတို့ အတွက် ရည်ရွယ်ပြီး ကာကွယ်ရေးဆွဲထားတဲ့ ဥပဒေဖြစ်တယ် ဆိုတာ ထင်ရှားနေပါတယ်။

အဆိုရှင် ဆွေးနွေးထားရာမှာ ယနေ့ ကျွန်တော်တို့ နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ် ကို ကျင့်သုံးနေတယ်။ အာဆီယံ အသိုက်အဝန်းထဲမှာ ပါဝင်လာတယ်။ ဆက်နွယ်နေတယ်။

ဒီတော့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေက အတားအဆီးဖြစ်ချင် ဖြစ်နေမယ်လို့ ဆွေးနွေးပြတာကို ကြားလိုက်ရပါတယ်။ မဖြစ်ပါဘူး။ ဘာမှမဖြစ်ပါဘူး။ စိတ်ချပါ။ အာဆီယံပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံသားမဆို ဈေးကွက်စီးပွားရေးစနစ်အရ ဝင်ရောက်လာတာဟာ စီးပွားရေးလုပ်ငန်းနဲ့ တရားဝင် လာရောက်လာတာဖြစ်မယ်။ ခိုးဝင်လာတာ မဟုတ်ပါဘူး။ ဒါက လွယ်ပါတယ်။ ဘာပြဿနာမှ မရှိပါဘူး။ တကယ်လို့များ လွဲနေမယ်ဆိုလို့ရှိရင်လည်း လက်ရှိဥပဒေမှာ ဖြည့်စွက်ချက်ပြုပြီး ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုချက် ယူလိုက်ရင် ရတာပါပဲ၊ မခက်ပါဘူး။

အဆိုရှင်ပြောသလို ခေတ်မမီတော့တဲ့ ပုဒ်မတွေနဲ့ ပုဒ်မခွဲတွေ အနည်းငယ်တော့ ရှိပါတယ်။ နှစ်ခု၊ သုံးခုစလောက် ဥပဒေကြမ်းမဟုတ်ပဲ လက်ရှိနဲ့ မကိုက်ညီတာ၊ ဥပဒေကတော့ ဥပဒေ သီးသန့် ရှိပါမယ်။ ဥပမာအားဖြင့် ပုဒ်မ ၁၁(က)မှာ တစ်နှစ်တွင် ကျပ်(၅၀)ကျပ်စီ ဒဏ်ငွေ ပေးဆောင်စေရမည် စတဲ့ ဒဏ်ငွေတွေဟာ ဒီ တန်ဖိုးဟာ အခုဆိုလို့ရှိရင် မကိုက်ညီပါဘူး။ ဒါတွေကို နည်းနည်းလောက် ပြောင်းလဲရင်ရတာပဲ။ နောက် အသုံးအနှုန်း အခေါ်အဝေါ် တွေလည်း ဟိုတစ်ချိန်က ရှိခဲ့တာတွေ ယနေ့ မရှိတော့ပါဘူး။ ဥပမာအားဖြင့် ဆိုရှယ်လစ်၊ နိုင်ငံတော်ကောင်စီ ဒါမျိုး တွေက ပြင်ဆင်လိုက်ရုံပါပဲ။

နောက်ပြီး အဆိုရှင်က လူ့အခွင့်အရေး ပဋိညာဉ်စာတမ်းနဲ့လည်း ကိုက်ညီဖို့ လိုပါတယ်လို့ဆိုပါတယ်။ ဟုတ်ပါတယ်။ မှန်ပါတယ်။ လက်ခံပါတယ်။ ဒီနေရာမှာ လူ့အခွင့်အရေးကို စဉ်းစားတဲ့နေရာမှာ တရားမဝင်ခိုးဝင်လာသူတွေရဲ့ လူ့အခွင့်အရေးကို အဓိကထားစဉ်းစားမှာလား။ ဒါမှမဟုတ် နဂိုမူလ ပင်ရင်းနိုင်ငံသားဖက်က စဉ်းစားမှာလား။ဒါအရေးကြီးပါတယ်။ ခိုးဝင်လာတဲ့ လူတွေရဲ့ အခွင့်အရေးကို ဦးစားပေးလိုက်ရင် ပင်ရင်းနိုင်ငံသားရဲ့ လူ့အခွင့်အရေးက အလိုလို ဆုံးရှုံးသွားမှာ မလွဲပါဘူး။ သေချာပါတယ်။ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကိုကြည့်ရင် မူလနိုင်ငံသားရဲ့ လူ့အခွင့်အရေး ပျောက်ဆုံးသွားတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပင်ရင်းမူလ နိုင်ငံသားတွေဟာ ဒီဒေသမှာ ဒီလူမျိုးရယ်လို့ စဖြစ်လာကတည်းက နေထိုင်လာခဲ့ကြတာပါ။ ဘယ်နေရာကမှ လာတာမဟုတ်ပါဘူး။ သမိုင်းမတင်မီ နှစ်ပရိစ္ဆေဒ ထောင်သောင်းမက နေလာခဲ့ကြပါပြီ။ အခုတော့ ကိုယ့်မြေမှာနေရင်း ကိုယ့် ထမင်း ကိုယ် မဝရေစာ ရှာစားနေရင်းနဲ့ အလိုလို ဒုက္ခသည်များ ဖြစ်သွားရကြတာ တော်တော်ကို

အနုံသြဖို့ကောင်းပါတယ်။ သူများနိုင်ငံက ခိုးဝင်လာကြတဲ့သူတွေ ဒုက္ခရောက်တယ်ဆိုတာကတော့ ဘာမျှမဆန်းပါဘူး။ နဂိုကတည်းက ကိုယ့်နိုင်ငံမှာ ဒုက္ခရောက်လို့ သူများနိုင်ငံကို ခိုးဝင်လာသူ တွေဟာ မွေးရာပါ ဒုက္ခသည်တွေပါပဲ။ ကျွန်တော်တို့ နိုင်ငံသားနဲ့ ထပ်တူထပ်မျှ Equation ချလို့ မရပါဘူး။ ကျွန်တော်တို့ကတော့ အဲဒီလိုပဲ နားလည်လက်ခံပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောရရင် နိုင်ငံတော်သမ္မတကြီးရဲ့ ပြောဆိုချက်နဲ့ ကျွန်တော်တို့ နားလည်လက်ခံတာနဲ့ ကိုက်ညီမှုရှိပါတယ်။ သမ္မတကြီးက မိမိတိုင်းရင်းသား များကို တာဝန်ယူမယ်။ ၁၉၄၈ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံသို့ ရောက်ရှိသူများမှ မွေးဖွားတဲ့ တတိယမျိုးဆက် (Third Generation) မျိုးဆက်ကိုသာ နိုင်ငံသားအဖြစ် လက်ခံမည်ဟူသော ဥပဒေရှိကြောင်း၊ ခိုးဝင်လာသူများကို ဒုက္ခသည်များအဖြစ်နဲ့ ကျေးမွေးစောင့်ရှောက်ထားရန် UNHCR သို့ အပ်နှံပါကြောင်းနှင့် တတိယနိုင်ငံက လက်ခံမယ်ဆိုရင်လည်း ပေးပို့မည် ဖြစ်ကြောင်း ပြောဆိုထားတာကိုလည်း ကျွန်တော်တို့အားလုံး အလေးထားရပါမယ်။

သမ္မတကြီးက မိမိနိုင်ငံရဲ့ ဥပဒေအရ တရားဝင်ပြောထားတာကို ကျွန်တော်တို့ ပစ်ပယ် မထားသင့်ပါဘူး။ တစ်ဖန် အဆိုရှင် ဦးတင်မြ က အိမ်နီးချင်း အိန္ဒိယ၊ တရုတ်၊ ထိုင်း စတဲ့ နိုင်ငံတွေရဲ့ နိုင်ငံသားဥပဒေတွေနဲ့လည်း နှိုင်းယှဉ်လေ့လာရန်လိုအပ်တယ်လို့လည်း ဆွေးနွေး ထားပါတယ်။ အဲဒီနိုင်ငံတွေ တည်ငြိမ်တယ်လို့ ဆိုထားပါတယ်။ ဒါ မမှန်ပါဘူး။ အိန္ဒိယမှာ ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသူ (၃)သန်းကျော်ရှိတယ်လို့ အိန္ဒိယအစိုးရက ကြေညာထားပါတယ်။ ခိုးဝင်လာမှုကို တားဆီးနိုင်ရန်အတွက် နယ်ခြားမျဉ်းတစ်လျှောက် ခြံစည်းရိုး ကာရံထားပါတယ်။ ခိုးဝင်လာသူများကို အိန္ဒိယနယ်ခြားစောင့်တပ် (BSF) က ပစ်သတ်ပါတယ်။ ၂၀၀၉ မှ ၂၀၁၂ အတွင်း ခိုးဝင်လာသူ ဘင်္ဂါလီအမျိုးသား(၁၅၁)ဦးကို BSF ၏ သတ်ပစ်မှုများကြောင့် သေဆုံးခြင်း ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ဖော်ပြောကြားထားတာ ရှိပါတယ်။

မကြာသေးမီက အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်အတွင်းမှာ အိန္ဒိယဒေသခံတွေ မွတ်ဆလင် ဘာသာဝင်တွေအကြား ရခိုင်ပြည်နယ်ထဲမှာလို အဓိကရုဏ်းတွေဖြစ်ပြီး လူသေဆုံးမှုတွေနဲ့ ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်လို့ အိန္ဒိယသံအမတ်ကြီး V.S Seshardri က ပြောကြားထားတာ ရှိပါတယ်။ မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော် နာယကမှ အင်ဒိုနီးရှား လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့သော ကန့်ကွက်လွှာတွင်လည်း ဒီအကြောင်းအရာကို ဖော်ညွှန်းထားတာကို တွေ့ရပါမယ်။

တကယ်လို့များ နိုင်ငံသားဥပဒေကို အသစ်ရေးဆွဲမယ် ဆိုလို့ရှိရင် ဖိအားတွေအမျိုးမျိုး ဝင်လာနိုင်ပါတယ်။ လူ့အခွင့်အရေးဆိုင်ရာ ဖိအား၊ အာဆီယံ ဖိအား၊ အာရပ်နိုင်ငံများ ဖိအား၊ မွတ်ဆလင်နိုင်ငံများ ဖိအား၊ မွတ်ဆလင်အဖွဲ့ချုပ် ဖိအား စသည်ဖြင့် ဟိုဖိအား၊ ဒီဖိအား ဖိအားပေါင်းစုံ ပေးလာကြမှာ ဖြစ်ပါတယ်။

အဲဒီလို ဖိအားတွေကြောင့် ဥပဒေအသစ်ဟာ အားပျော့ခဲ့ရင်၊ ဖြေလျှော့မှုများနေခဲ့ရင် အထူးသဖြင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်က တိုင်းရင်းသားတွေ နစ်နာကြမှာ သေချာပါတယ်။ ရခိုင်တိုင်းရင်းသားရယ်လို့ အစဥ်ရပ်တည်သွားဖို့ဆိုတာ လွယ်ကူတော့မှာ မဟုတ်တော့ပါဘူး။ နောက်ထပ် တင်ပြလိုတာကတော့ ဘယ်နိုင်ငံမဆို နိုင်ငံသားဥပဒေကို ခြုံပြီးကြည့်မယ်ဆိုရင် မိမိနိုင်ငံနဲ့ ကိုက်ညီတဲ့ အခြေအနေအပေါ် မူတည်ပြီး ရေးဆွဲကြရတာ ဖြစ်ပါတယ်။

တချို့နိုင်ငံတွေမှာ မျိုးရိုးနဲ့ သွေးစစ်ဆေးမှုကို အခြေခံတာရှိသလို တချို့နိုင်ငံတွေကျတော့ အခြေချနေထိုင်မှုနဲ့ မွေးဖွားရာဒေသကို အခြေခံတာတွေလည်း ရှိပါတယ်။ မိမိနိုင်ငံရဲ့ အခြေအနေတွေနဲ့ ကိုက်ညီမှု ရှိသလိုပေါ့။ ဒါကြောင့် လက်ရှိ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေကို ခေတ်နဲ့ မကိုက်ညီတဲ့ ပြဋ္ဌာန်းချက် အနည်းငယ်ကို ပြင်ဆင်ရုံ၊ ဖြည့်စွက်ရုံ၊ ပယ်ဖျက်ရုံမျှဖြင့် လုံလောက်နေတဲ့ ဥပဒေတစ်ခု ဖြစ်နေပြီဆိုတာကို လေ့လာတဲ့သူတိုင်း တွေ့ရှိကြမယ် ဖြစ်ပါတယ်။ မလိုအပ်ဘဲ ဥပဒေတစ်ရပ်လုံးကို ပယ်ဖျက်ပြီး အသစ် ရေးဆွဲကြမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်က ရရှိထားတဲ့ ဥပဒေပြုမှုအာဏာကို အလွန်အကျွံ အသုံးချရာ ရောက်သွားပါမယ်။ ဒါကြောင့် ဦးတင်မြ ၏ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို ပယ်ဖျက်သင့်ကြောင်း အဆိုကို လုံးဝကန့်ကွက်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၅၅။**

**ဥက္ကဋ္ဌ** ။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေး ရပ်နားပါမယ်။ နေ့လယ် (၁)နာရီမှာ ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်။ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်။ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၃း၀၀။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များတို့ကို ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြ ရဲ့ မြန်မာနိုင်ငံသား ဥပဒေကို အသစ်ရေးဆွဲ ပြဋ္ဌာန်းပြီး လက်ရှိမြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၄) အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ဆွေးနွေးပါ့မယ်။ ကျွန်တော့်အား ဖတ်ကြားဆွေးနွေး ခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဟာ ဥပဒေပြုတဲ့ အဖွဲ့မဟုတ်တဲ့အတွက်ကြောင့် ဥပဒေကို ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဆိုတာ မမှန်ဘူးလို့

ကျွန်တော် မြင်ပါတယ်။ ဥပဒေကို ပြဋ္ဌာန်းရန် ပယ်ဖျက်ရန်မှာ လွှတ်တော်ရဲ့ တာဝန်ဖြစ်တဲ့ အတွက်ကြောင့် လွှတ်တော်ကိုသာ တိုက်တွန်းရမယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီနေရာမှာ ဒီဥပဒေကို ပယ်ဖျက် သင့်/မသင့် ဆိုတာကို စဉ်းစားသုံးသပ်ရမှာက အထူးအရေးကြီးပါတယ်။ ဒီဥပဒေကို ၁၉၈၂ ခုနှစ်မှာ ရေးဆွဲခဲ့တဲ့အတွက်ကြောင့် လွတ်လပ်ရေးရပြီး (၃၄)နှစ်ကြာမှ ဆွဲထားတာ ဖြစ်တယ်။ လွတ်လပ်ရေးရပြီး (၃၄)နှစ်အချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားနဲ့ပတ်သက်တဲ့ ပြဿနာတွေ၊ အတွေ့အကြုံတွေ အတော်လေး လုံလုံလောက်လောက် ရရှိပြီးမှ ရေးဆွဲတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ ကိုလိုနီခေတ်က အမွေကောင်းတွေ၊ အမွေဆိုးတွေ ကျွန်တော်တို့ ကိုလိုနီနိုင်ငံတွေက အများကြီးရခဲ့ပါတယ်။

ဒီနေရာမှာတော့ ကိုလိုနီအမွေဆိုးပဲလို့ ကျွန်တော် ဆိုချင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းတစ်နေရာမှာ ကျွန်တော် မှတ်မိသလောက် ပြောမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသား နိုင်ငံသားတွေ စည်းလုံးညီညွတ်ရန် အရေးကြီးတယ်။ မညီညွတ်ရင်တော့ အချုပ်အခြာအာဏာ ဆုံးရှုံးနိုင်တယ်လို့ ကျွန်တော် မှတ်မိဖူးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာ ရေးဆွဲတဲ့ နိုင်ငံသားနှင့်ပတ်သက်တဲ့ ဥပဒေမှာ ပြည်ထောင်စုတိုင်းရင်းသား စစ်စစ်ဖြစ်တဲ့ နိုင်ငံသား၊ ပြည်ထောင်စုတိုင်းရင်းသား မဟုတ်တဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသားနဲ့ နိုင်ငံသားပြုခွင့် ရသူရယ်လို့ ခွဲခြားထားပါတယ်။ တကယ်လို့ နိုင်ငံသားဥပဒေ မခိုင်မာလျှင် ခိုင်မာတဲ့ နိုင်ငံသားဥပဒေ ရှိသော်လည်းပဲ မကျင့်သုံးလျှင် မလိုက်နာလျှင်၊ တိုင်းရင်းသား နိုင်ငံသားစိတ်ဓာတ် မရှိလျှင် တိုင်းရင်းသား နိုင်ငံသားအစစ်က အောက်ကိုကျပြီးတော့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံး သွားနိုင် ပါတယ်။ အတိတ်ကသမိုင်းမှာ အများကြီး ဖြစ်ခဲ့ပြီးပါပြီ။

အဲဒီလို မဖြစ်အောင် နိုင်ငံအတော် များများက သတိကြီးကြီးထားပြီးတော့ နိုင်ငံနဲ့ နိုင်ငံသားကို ကာကွယ်တဲ့ ဥပဒေကို ကျင့်သုံး ပါတယ်။ နိုင်ငံနဲ့ တိုင်းရင်းသား နိုင်ငံသားကို ကာကွယ်တဲ့ ဥပဒေကို ကျင့်သုံးကြပါတယ်။ အနောက်နိုင်ငံ အတော်များများမှာ အာဖရိကမှ လူများကို လက်ခံတာတွေဟာ၊ သူတို့ အာရှတိုက်က လူတွေကို၊ အာဖရိကတိုက်က လူတွေကို လက်ခံတာဟာ သူတို့ လွှမ်းမိုးနိုင်တဲ့ အရေအတွက် တစ်နည်းပြောရလျှင် ယဉ်ကျေးမှုအရ၊ စိတ်ဓာတ်အရ ဝါးမြိုနိုင်တဲ့ အရေအတွက်လောက်သာ လက်ခံကြပါတယ်။ လူ့အခွင့်အရေးကို ရှေ့တန်းတင်ပြီးတော့ ဘယ်လိုပဲ ပြောကြပြောကြ သူတို့ မထိန်းနိုင် မဝါးမြိုနိုင်တဲ့ အရေအတွက်၊

များပြားတဲ့ လူမျိုးခြားတွေကို သူတို့ လက်မခံကြပါဘူး။ ဒီအချက်ကို အများကြီး ရှင်းပြစရာ လိုမယ် မထင်ဘူးလို့ ကျွန်တော် မြင်ပါတယ်။ စဥ်းစားဝေဖန်ရုံနဲ့ လက်ခံနားလည်ကြမယ်လို့ ထင်ပါတယ်။ မွတ်ဆလင်နိုင်ငံ တော်တော်များများတွေက ဘာသာခြားလူမျိုးကို နိုင်ငံသားပြုခွင့် မပေးကြဘူး။ သူတို့ရဲ့ နိုင်ငံသားကိုတောင်မှ လူ့အခွင့်အရေးကို လျစ်လျူရှုပြီးတော့ ဘာသာ တရား ဥပဒေကိုသာလျှင် အဓိကကိုင်စွဲတဲ့အတွက်ကြောင့် သူတို့ နိုင်ငံမှာ ဘာသာခြားကို နှိပ်ကွပ်တယ်။ အချို့မှာဆိုရင် သူတို့ရဲ့ နိုင်ငံမှာရှိတဲ့ သမိုင်းအမွေအနှစ်ကိုတောင် ဖျက်ဆီးခဲ့ကြတာ ရှိကြပါတယ်။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေမှာ ပုဒ်မ ၃ မှာ နိုင်ငံတွင် ပါဝင်သော နယ်မြေ တစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှ စ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသား ဖြစ်သည်။ ပုဒ်မ ၅ တွင် တိုင်းရင်းသားတိုင်းလည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်း လည်းကောင်း မွေးရာပါနိုင်ငံသား ဖြစ်သည်။ ကိုလိုနီခေတ်တုန်းက ဗြိတိန်လက်အောက်ခံ ကိုလိုနီနိုင်ငံ အများအပြား ရှိခဲ့ပါတယ်။ လူမျိုးပြဿနာ၊ နိုင်ငံသားပြဿနာ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့တော့ မဟုတ် ပါဘူး။ လုပ်ငန်းအတွက်ပဲ ရည်ရွယ်ပြီး အခြားကိုလိုနီနိုင်ငံက အလုပ်သမားတွေကို အခြား ကိုလိုနီနိုင်ငံမှာသွားပြီး အလုပ်လုပ်စေပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ မော်လမြိုင်နဲ့ ရေးမြို့ ကြားမှာ ကိုလိုနီခေတ်က ဖောက်လုပ်ထားတဲ့ ကတ္တရာလမ်းကို ယခင်က ကျွန်တော်တို့ အဲဒီဒေသမှာ ရှိတဲ့ မွန်တွေက အဲဒီလမ်းကို ကုလားလမ်းလို့ ခေါ်ပါတယ်။ ဘာကြောင့် ကုလားလမ်းလို့ ခေါ်သလဲ ဆိုတော့ ကိုလိုနီခေတ် လမ်းဖောက်လုပ်တုန်းက အလုပ်သမားတွေဟာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်က ဖြစ်တဲ့အတွက်ကြောင့် အဲဒီလို ခေါ်ကြပါတယ်။

အခြား လယ်ယာအလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံအလုပ်သမား၊ မြူနီစပယ် အလုပ်သမား စသည့် အလုပ်သမား အများအပြား အင်္ဂလိပ်တွေက ခေါ်လာပြီးတော့ ကျွန်တော်တို့ နိုင်ငံမှာ အသုံးချတယ်။ တိုတိုပြောရရင် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေး ရပြီးလည်း ကျွန်တော်တို့ နိုင်ငံမှာ အများအပြား သူတို့ ကျန်နေခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေ ပုဒ်မ ၃ နဲ့ ပုဒ်မ ၅ ဟာ ဒီမြေ ဒီနိုင်ငံရဲ့ မူလပိုင်ရှင်ကို ကွဲကွဲပြားပြား ခွဲခြားထားပေးတာ တကယ်အမှန်တရားကို

ဖော်ထုတ်အတည်ပြု ထားပေးသလို ဖြစ်နေပါတယ်။ ဒါပေမဲ့ ပုဒ်မ ၆ မှာ တိုင်းရင်းသားနိုင်ငံသား၊ မွေးရာပါ နိုင်ငံသား မဟုတ်သူတို့အတွက် အခွင့်အရေး၊ အခွင့်အလမ်းအနေနဲ့ ဖွင့်ထားတာကတော့ ဒီဥပဒေဟာ ဒီဥပဒေ အာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသား ဖြစ်သည်ဆိုတဲ့ အပိုဒ်မှာ ပါဝင်သူများသည် မွေးရာပါ နိုင်ငံသား မဟုတ်သူများ ဖြစ်ပါတယ်။

ပုဒ်မ ၇ မှာ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူရယ်လို့ ဖော်ပြထားပြီး ထိုသူတို့မှလည်း နိုင်ငံသားဖြစ်လာနိုင်တဲ့ အခွင့်အရေး၊ သားသမီးမြေးတို့က နိုင်ငံသား ဖြစ်လာနိုင်တဲ့ အခွင့်အရေးရှိတာကို ဖော်ပြထားပါတယ်။ သုံးသပ်ကြည့်မယ်ဆိုရင် ၁၉၈၂ ခုနှစ်က ထုတ်တဲ့ နိုင်ငံသားဥပဒေမှာ တိုင်းရင်းသားနိုင်ငံသား၊ မွေးရာပါတိုင်းရင်းသားနိုင်ငံသားနဲ့ အချုပ်အခြာ အာဏာကို ထိန်းသိမ်းကာကွယ်ဖို့နဲ့ တိုင်းရင်းသား မဟုတ်တဲ့ နိုင်ငံသားကိုလည်း အခွင့်အရေး ပေးထားတဲ့အတွက်ကြောင့် လူမှုရေးရှုထောင့်၊ လူ့အခွင့်အရေးရှုထောင့်က ကြည့်လျှင် သင့်တော်ပါတယ်။ လက်တွေ့မှာ နိုင်ငံအတော်များများမှာ အလုပ်အကိုင် အခွင့်အလမ်း၊ စီးပွားရေး အခွင့်အလမ်းမှာတောင်မှ သူတို့ရဲ့ တိုင်းရင်းသားနိုင်ငံသားကို ဦးစားပေးနေကြပါတယ်။ တကယ်မှာတော့ အဲဒီ ၁၉၈၂ ခုနှစ်၊ နိုင်ငံသား ဥပဒေက မမှားတဲ့အပြင် ယခုရှိသမျှ ဥပဒေမှာတော့ အကောင်းဆုံး ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။ ဖြစ်သင့်တာက ဒီဥပဒေကို ထပ်ပြီး အားဖြည့်ဖို့ လိုပါတယ်။

မွေးရာပါ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့ အခွင့်အရေး မတူညီမှုကို ဖော်ပြထားတာ မရှိသေးဘူး။ ဥရောပနိုင်ငံမှာ ကျွန်တော်တို့ သတိပြုကြည့်ပါ။ သူတို့နိုင်ငံမှာ အားကစားသမားတွေမှာ အာဖရိကလူမျိုးတွေ အများကြီး ရှိပါတယ်။ အဲဒီအာဖရိက လူမျိုးတွေဟာ သူတို့နိုင်ငံသား ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံတွေမှာ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးမှာ ထိပ်ပိုင်းရောက်နေတာ အဲဒီလူမျိုးတွေဟာ ထိပ်ပိုင်းရောက်နေတာ မတွေ့ရပါဘူး။ အင်္ဂလိပ်ကိုလိုနီ ဖြစ်ဖူးတဲ့ အာရှအချို့နိုင်ငံတွေမှာ နိုင်ငံသားအစစ် ဦးရေ၊ မွေးရာပါ နိုင်ငံသားဦးရေက သိပ်မများပေမယ့် အုပ်ချုပ်ရေး၊ စစ်ရေး အရေးကြီးတဲ့ ရာထူးတွေမှာ သူတို့ရဲ့ တိုင်းရင်းသား၊ နိုင်ငံသား၊ မွေးရာပါနိုင်ငံသားတွေပဲ ထားကြပါတယ်။ နိုင်ငံအတော်များများမှာ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ အဆင့်ရှိသူတို့ဟာ လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရ

အုပ်ချုပ်ရေး ရွေးကောက်ပွဲမှာ အရွေးခံဖို့နဲ့ မဲပေးခွင့် အခွင့်အရေးတောင်မှ မရကြပါ။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလောက်လည်း မတင်းကြပ်ထားပါဘူး။

ကျွန်တော်တို့မှာ တစ်နေရာမှာ ထူးထူးခြားခြား မှန်မှန်ကန်ကန် တွေ့ရတာ ရှိပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ယခုကျင့်သုံးနေတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၅၉ ဖြစ်ပါတယ်။ ဒီပုဒ်မဟာ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတ၏ အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီးတော့ သမ္မတရဲ့ အရည်အချင်းမှာ အပိုဒ်ခွဲ(ခ) မှာ မိမိနဲ့ မိမိ၏ မိဘနှစ်ပါးစလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမယ်။ ဒီအပိုဒ်ဟာ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနဲ့ လိုက်လျော ညီထွေရှိပါတယ်။ တကယ်ဖြစ်သင့်တာက နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးနဲ့အရေးကြီးတဲ့ ရာထူးတွေအားလုံးမှာ တိုင်းရင်းသားမှဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံသားသာ ဖြစ်သင့်တယ်။ အချုပ်အခြာအာဏာ ခိုင်မြဲရန်အတွက် ဒါကို ကျွန်တော်တို့ အလေးအနက် သတိထားရဖို့ လိုအပ်ပါတယ်။ ယခုလက်ရှိ ကျင့်သုံးနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များအခန်းမှာပါရှိတဲ့ ပုဒ်မ ၃၄၅ မှာ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်သည်ဟု ဖော်ပြထားပါတယ်။

ဒါဟာ ပုဒ်မ ၄၅ အရ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ ဒါ(က)မှာ၊ (ခ)မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့် နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ အဲဒီလို (က)နဲ့ (ခ)မှာ ခွဲထားပါတယ်။ ဒါ ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ မှာ အဲဒီလို ခွဲခြားထားပါတယ်။ ဒါဟာ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအတိုင်း၊ နိုင်ငံသားဥပဒေနဲ့ ကိုက်ညီမှု ရှိနေပါတယ်။ အဲဒီတော့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေဟာ ဒီကနေ့ ကျွန်တော်တို့ လက်ရှိ အခြေခံဥပဒေနဲ့ ကိုက်ညီမှု ရှိနေပါတယ်။ ချိတ်ဆက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်သင့်တာကတော့ ဒီဥပဒေကို ပိုမိုပြီးတော့ ခိုင်ခံ့အောင်၊ ပိုမိုပြီးတော့ တိကျအောင် ကျွန်တော်တို့ ဥပဒေ၊ ထပ်ဆောင်းပြီးတော့ ဥပဒေ ထပ်ပြုဖို့ပဲ လိုမယ်။ ကျွန်တော်တို့က ဒါကို ပယ်ဖျက်ဖို့ဆိုတာ လုံးဝမလိုအပ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ၁၉၈၂ ခုနှစ်က နိုင်ငံသားဥပဒေကို လုံးဝမပယ်ဖျက်သင့်ဘဲ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ချိတ်ဆက်ပြီး ပိုမိုတိကျခိုင်မာရန် ထပ်မံဖြည့်စွက်ပြီး တကယ်ကျင့်သုံးရန်သာ သင့်တော်ပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ ရဲ့ အဆိုကို အတိအလင်း ကန့်ကွက်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၃း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၃း၁၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လက်ရှိ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအား ပယ်ဖျက်သင့်ကြောင်း အဆိုကို ကန့်ကွက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော် နယ်မြေတည်တံ့ရေးအတွက် မြန်မာနိုင်ငံသား ဥပဒေကို ၁၉၄၈ ခုနှစ်မှာ စတင်ပြီးတော့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါဟာ ဗြိတိသျှကိုလိုနီစနစ်ရဲ့ ဆိုးမွေအဖြစ် နိုင်ငံခြားသားတွေ တံခါးမရှိ၊ ဓားမရှိ များပြားစွာ ဝင်ရောက်နေထိုင်ပြီးကာမှ ပြဋ္ဌာန်းရတဲ့အတွက် အဲဒီကတည်းက နောက်မှလိုက်ပြီးလုပ်ရတဲ့ နောက်ကျပြီးသား ဥပဒေ ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ရောက်နှင့်ပြီးတဲ့ နိုင်ငံခြားသားတွေ၊ ဧည့်သည်တွေနဲ့ ဒေသခံ တိုင်းရင်းသားတွေ သွေးစပ်ပေါက်ဖွားလာတဲ့ သားသမီးတွေနဲ့ ခိုးဝင်လာသူတွေ ပြဿနာ ရှိလာတာကြောင့် ၁၉၈၂ ခုနှစ်မှာ အခု တည်ဆဲဥပဒေကို ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၈၂ ခု ဥပဒေကို ရေးဆွဲတဲ့အခါမှာ အများပြည်သူ အကြံပြုချက်တွေ၊ ကျွမ်းကျင်သူတွေရဲ့ အကြံပြုချက်တွေ၊ နောက် တိုင်းရင်းသားတွေရဲ့ အကြံပြုချက်တွေ၊ ဒုတိယကမ္ဘာစစ် မတိုင်မီက စာအုပ်စာတမ်းတွေ

အကိုးအကားတွေနဲ့ ရေးဆွဲခဲ့တာကြောင့် အဲဒီဥပဒေကြမ်းကို တင်သွင်းခဲ့ စဥ်တုန်းမှာ ပြည်သူတို့ တင်ပြသော မြန်မာနိုင်ငံသားဥပဒေကြမ်း ဆိုပြီးတော့ ခေါ်ဝေါ်သတ်မှတ်တာကိုလည်း တွေ့ရှိရပါတယ်။

အဲဒီဥပဒေကို ရေးဆွဲရာမှာ ဦးဆောင်ပါဝင်ခဲ့သူ (၁၈)ဦးထဲမှာ နယ်စပ်ဒေသတွေမှာ တာဝန်ထမ်းဆောင်ပြီးတော့ ကားအစီးလိုက် မတရားခိုးဝင်သူတွေကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသူကိုယ်တိုင် ပါဝင်ပြီးရေးဆွဲထားတာဖြစ်တာလို့လည်း သိရှိရပါတယ်။ ၁၉၈၂ ခုနှစ် ဥပဒေမှာ နိုင်ငံသား၊ တိုင်းရင်းသား၊ မျိုးနွယ်စုတွေ နိုင်ငံသားပြုခွင့်၊ ဧည့်နိုင်ငံသားများရဲ့ အကျိုးနဲ့ အခွင့်အရေးများ၊ လွတ်လပ်ရေးရပြီး နောက်ပိုင်း ဝင်လာသူများရဲ့ မြေး၊ မြစ်အထိ နေထိုင်နိုင်အောင်၊ အကျုံးဝင်အောင် အချိန်ယူပြီး ရေးဆွဲထားတာကြောင့် အခေါ်အဝေါ် အနည်းငယ်မှတစ်ပါး၊ နောက်ထပ် ပြုပြင်စရာ သိပ်မလိုအပ်သည်အထိ ပြည့်စုံနေတဲ့ ဥပဒေ ဖြစ်ပါတယ်။ အဲဒီခေတ်အခါက အောက်ခြေပြည်သူတွေ ပါဝင်ရေးဆွဲတဲ့ ဥပဒေတွေ တော်တော်ရှားပါးတဲ့ အထဲမှာ ဒီ ၁၉၈၂ ခုနှစ် ဥပဒေလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ နောက် ဒီလိုမျိုးဥပဒေတွေ ပေါ်ပေါက်ဖို့ဆိုတာက တော်တော်ခက်ခဲမှာဖြစ်ပြီးတော့ အချိန်လည်း အတော်ယူရမယ့်ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ Globalization ကမ္ဘာကြီးမှာ နိုင်ငံများရဲ့အခန်းကဏ္ဍဟာ လျော့ပါးလာတယ်လို့ဆိုပါတယ်။ နောက်ပြီးတော့ ဒီပေါင်းစပ်ထားတဲ့ ဥရောပနိုင်ငံတွေဟာလည်း ပေါ်ပေါက်လာပါတယ်။ ဒါပေမဲ့ ဘယ်နိုင်ငံကမှ သူတို့နိုင်ငံရဲ့ နယ်ခြားခြံစည်းရိုးတွေကို မပယ်ဖျက်သေးပါဘူး။ နယ်စပ်တွေကို ကွန်ကရစ်တံတိုင်းတွေ၊ သံဆူးကြိုးကာတဲ့ နိုင်ငံတွေ တောင်မှ တဖြည်းဖြည်းများများလာတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်တွေဟာ မိမိနိုင်ငံရဲ့ လုံခြုံရေးနဲ့ ဒီမိုကရေစီလူ့အခွင့်အရေးမဟာဗျူဟာကို ယှဥ်လာပြီဆိုရင် လုံခြုံရေးကိုပဲ အဓိက ဦးစားပေးပြီး ဥပဒေတွေ ရေးဆွဲတာ တွေ့ရှိရပါတယ်။ လူ့အခွင့်အရေးစံနှုန်း အမြင့်ဆုံးဆိုတဲ့ အမေရိကန်မှာလည်း ဒီအတိုင်းပါပဲ။ 9/11 အရေးအခင်းဖြစ်ပြီးနောက်ပိုင်းမှာ အမေရိကန် လေဆိပ်တွေမှာ လူဝင်မှုတင်းကြပ်ထားတာဟာ အခုထိရှိပါသေးတယ်။ အရှေ့အလယ်ပိုင်း နိုင်ငံတချို့ (၁၄)နိုင်ငံလား နိုင်ငံ(၄၀)လား ကျွန်တော် သေချာမသိတော့ပါဘူး။ အဲဒီနိုင်ငံတွေကို

ခဲ့ခြားပြီးတော့ ဆက်ဆံထားတာ အခုအချိန်အထိ ရှိနေပါသေးတယ်။ နိုင်ငံတွေဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ အချိန်အခါနဲ့ ဥပဒေကို ရေးဆွဲရတာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာဆိုရင် တရုတ်ဖယ်ကြဉ်ရေးဥပဒေ (Chinese Exclusion) ဥပဒေကို ၁၈၈၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တာရှိပါတယ်။ တရုတ်အလုပ်သမားများကို နိုင်ငံသားအဖြစ် ခံယူခွင့်နှင့် မဲပေးခွင့်မရှိစေရန် တင်းတင်းကြပ်ကြပ် တားမြစ်ခဲ့တဲ့ဥပဒေ ဖြစ်ပါတယ်။ နောက်ထပ် အကြိမ်ကြိမ် သက်တမ်းတိုးဖူးတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ အမေရိကန်-မက္ကဆီကို နယ်စပ်မှာ အခုဆိုရင် သံဆူးကြိုးတွေ ကာထားပါတယ်။ ရေပြင်မှာလည်း Coast Guard တွေ ချထားပါတယ်။ ဥပဒေကလည်း တင်းတင်းကြပ်ကြပ် ချမှတ်ထားပါတယ်။ ဒါပေမဲ့ ဒီလောက် တင်းကြပ်တဲ့ အထဲက မတရားခိုးဝင်လာတဲ့သူက ခိုးဝင်လျက်ရှိနေပါတယ်။ အမေရိကန်နိုင်ငံမှာ အခုဆိုရင် စပိန်နယ်ဖွား တရားမဝင်နေထိုင်သူ (၁၁.၅)သန်း ရှိတယ်လို့ဆိုပါတယ်။ တချိန်က ခိုးဝင်လာသူ တွေဟာ နောင်တချိန်မှာ မဲဆန္ဒရှင်တွေဖြစ်လာပြီးတော့ သူတို့ကပဲ တိုက်တွန်းနေတဲ့ အတွက် အခုဆိုရင်အမေရိကန်နိုင်ငံမှာ လ.ဝ.က ရဲ့ အစီအစဉ်နဲ့ လူပေါင်းတစ်သန်းကျော်ကို တရားဝင် နေထိုင်ခွင့်ပေးဖို့ သမ္မတအိုဘားမားက လိုက်လုပ်ပေးနေရတာ ဖြစ်ပါတယ်။

အခု ဖလော်ရီဒါပြည်နယ်၊ မီယာမီကမ်းခြေတစ်လျှောက်က မြို့တွေမှာဆိုရင် အမေရိကန်စကားတွေ သိပ်ပြောလို့မရတော့ဘူးလို့ ပြောပါတယ်။ သူတို့ စပိန်အနွယ်တွေ ပြောတဲ့ စကားတွေကို ကြားညှပ်သုံးပြီးတော့မှ ရုံးတွေ၊ ဆိုင်တွေမှာ အရာရောက်တယ်၊ အဆင်ပြေတယ် ဒီလိုပြောပါတယ်။ ဥပဒေရေးဆွဲရာမှာ စပိန်အနွယ်တွေရဲ့ဆန္ဒကို ထိန်းသိမ်းရတဲ့ကိန်းဟာ အမေရိကန်နိုင်ငံမှာ တဖြည်းဖြည်း ပိုလို့တိုးလာတာကို တွေ့ရှိရပါတယ်။ ဒီ Hispanish စပိန် တွေကြောင့် အမေရိကန်နိုင်ငံမှာ ဖြစ်လာနိုင်တဲ့ အခက်အခဲတွေကို ဒီ Harvert တက္ကသိုလ်က ပါမောက္ခကြီး ကမ္ဘာကျော် သမိုင်းဆရာကြီး ဟင်တန်တင် က Hispanish challenge ဆိုတဲ့ စာတမ်းကို လွန်ခဲ့တဲ့နှစ်(၁၀)ကျော်က တင်ပြခဲ့တာ ရှိပါတယ်။ ဒါဟာလည်း ကမ္ဘာက Civilization နဲ့ ပတ်သက်တဲ့ စာတမ်းတွေထဲမှာ နာမည်ကျော်တဲ့ စာတမ်းတစ်ခု ဖြစ်ပါတယ်။ ဥပဒေတွေကို တင်းကြပ် မထားဘူးဆိုရင် မြန်မာနိုင်ငံမှာလည်း နောက် (၁၀)နှစ်၊ အနှစ်(၂၀) ကြာလာရင် အမေရိကန်နိုင်ငံမှာလို အဲဒီလိုဥပဒေပြုရေးတွေမှာ ပြည်ပကလူတွေရဲ့ ဩဇာ လွှမ်းမိုးမှုကို တွေ့လာရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ဤဥပဒေပြုမှု

အခွင့်အရေးဟာလည်း အဲဒီနိုင်ငံမှာလိုပဲ ဖိအားပေးခံလာရမှာ အသေအချာ ဖြစ်ပါတယ်။ အဲဒီ အခါမှာ ကျွန်တော်တို့ သားမြေးတွေ အပေါ်မှာ ကျွန်တော်တို့ တာဝန်မကျေတာ ဖြစ်သွားနိုင် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အနေအထားဟာ ကမ္ဘာ့အခြားဘယ်နိုင်ငံနဲ့မှ မတူ နိုင်ပါဘူး။ မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေ အကြီးဆုံးနိုင်ငံများ၊ လူဦးရေ အသေးဆုံးသော နိုင်ငံများကြားမှာရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ အတိတ်ကလည်း ပြည်ပကမတရား ခိုးဝင်တဲ့ မှတ်တမ်း တွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ အခု အတိတ်ကနဲ့ မတူတော့ပါဘူး။ အတိတ်က မြန်မာနိုင်ငံ မြောက်ပိုင်းမှာဆိုရင် ဒီတရုတ်ပြည်ဘက်မှာ ယန်စီမြစ်နဲ့ မြစ်ဝါမြစ်ဝှမ်းမှာပဲ လူတွေ စုရုံး နေထိုင် ခဲ့တာ ရှိပါတယ်။ ကျောက်သားကုန်းမြင့်တွေပေါ်တဲ့ ယူနန်ပြည်နယ်မှာ လူနေ ခပ်ကျဲကျဲပဲ ရှိတာ တွေ့ရပါတယ်။ တရုတ်တွေလည်း အဲဒီတုန်းက မနေခဲ့ပါဘူး။ ယူနန်ပြည်နယ်ဟာ ဟိုတုန်းက ဆိုရင် အင်ပါယာရဲ့ အစိတ်အပိုင်းပဲ ဖြစ်ဖူးတာ ရှိပါတယ်။ လာမယ့် အခု အခြေအနေမှာဆိုရင် ယူနန်ပြည်နယ်ဟာ လူဦးရေ အထူးများပြားလာတာ တွေ့ရှိနေရပါတယ်။ မြန်မာနိုင်ငံရဲ့ အနောက်ဘက်မှာလည်း အတိတ်ကာလတုန်းကဆိုရင် ဂင်္ဂါမြစ်နှင့် ဗြဟ္မပုတ္တရ မြစ်ဝှမ်းမှာလည်း လူတွေစုရုံးနေထိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒက္ကားလွင်ပြင်နှင့် စစ်တကောင်း လွင်ပြင် သမိုင်းမှာဆိုရင် လူနေတော်တော်ကျဲပါးတာ တွေ့ရှိရပါတယ်။

အဲဒီတုန်းက ဒေလီအင်ပါယာရဲ့ လက်အောက်မှာရှိတဲ့ နေရာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒီနေရာမှာ လူဦးရေကလည်း အလွန်သေးသေးလာပြီး ဖြစ်ပါတယ်။ လွတ်လပ်တဲ့ နိုင်ငံတစ်ခုလည်း ပေါ်ပေါက်လာပြီး ဖြစ်ပါတယ်။ အဲဒီလို လူဦးရေသိပ်သည်းပြီး ဖိအားများ လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ အနောက်ဘက်မှာဆိုရင် ဒီအတိတ်ကရှိတဲ့ ယဉ်ကျေးမှု ဆက်ကြောင်းတစ်ခုဟာ နည်းနည်းလှုပ်ရှားလာတာကို တွေ့ရပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံသား ဥပဒေဟာ အခုအခါမှာဆိုရင် အရေးကြီးလာတာ ဖြစ်ပါတယ်။ အဲဒီယဉ်ကျေးမှု ဆက်ကြောင်းဟာ ဟိုတုန်းကတည်းက ရှိတော့ရှိခဲ့ပါတယ်။ ဟိမဝန္တာကုန်းမြင့်အောက်ခြေ တစ်လျှောက်မှာ တိဘက်၊ ဘူတန်၊ နီပေါ၊ မဏိပူရ၊ အာသံ၊ မီဇိုရမ်၊ ချင်းနှင့် ရခိုင်ဒေသတစ်လျှောက်မှာ ဖြစ်ပါတယ်။ မိုင်ပေါင်း(၁၀၀၀)လောက်ရှည်မှာ ဖြစ်ပါတယ်။ အဲဒီဆက်ကြောင်းရဲ့ အရှေ့ဘက်မှာ မွန်ဂိုလွိုက် ယဉ်ကျေးမှု၊ အနောက်ဘက်မှာ အာဒီယမ်နဲ့ ဒြာဗီဒီယမ်ရဲ့ ယဉ်ကျေးမှုတွေ တည်ရှိနေကြပြီးတော့

အားပြိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီယဉ်ကျေးမှုနှစ်ခုဟာ ကိုးကွယ်သည့်ဘာသာ၊ စကား၊ ဓလေ့ထုံးစံ အသားရောင် မတူကြတဲ့အတွက် ဟိုတုန်းကလည်း သိပ်တော့ အဆင်မပြေခဲ့ပါဘူး။ ဒါပေမဲ့ အခုအချိန်မှာကျတော့ ပိုပြီးတော့တောင်မှ ပြင်းထန်လာတာ တွေ့ရပါတယ်။ လူဦးရေ ဖိအားနဲ့ စီးပွားရေး ဖိအားတွေ ရှိလာတာကြောင့် ဟိုတုန်းကရှိတဲ့ အဲဒီ Civilization ဆက်ကြောင်းဟာ အခုအချိန်မှာ ဆိုရင် Geopolitical Fault Line အထိ ရောက်ရှိစပြုနေပြီ ဖြစ်ပါတယ်။ ဒီ Fault Line တွေ အပေါ်မှာရှိတဲ့ နိုင်ငံတွေ၊ ဒေသတွေဟာ ပဋိပက္ခ ဖြစ်နိုင်တယ်လို့ ပညာရှင်များက သုံးသပ်ထားတာ ရှိပါတယ်။ အခုလည်း တချို့ဒေသတွေမှာ ပြဿနာတွေ ပေါ်နေပါတယ်။ နီပေါတို့၊ အိန္ဒိယတို့ မြန်မာနိုင်ငံတို့မှာဆိုရင် အဲဒီကိစ္စတွေက နည်းနည်းနည်းနည်း ဖြစ်လာတာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ပြည်ပနိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေဟာ ဖိအားပေးတဲ့အတွက် ရေးဆွဲရတဲ့ ဥပဒေမျိုးကို မြန်မာနိုင်ငံမှာ မလိုအပ်သေးပါဘူး။ မြန်မာနိုင်ငံကို အပြင်ဘက်က လူဦးရေကြီးတဲ့နိုင်ငံ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ မရှိပါဘူး။ ဒါကြောင့် ကမ္ဘာပေါ်က ဥပဒေတွေနဲ့ တူညီစရာလည်း မလိုပါဘူး။ သူများနိုင်ငံရဲ့ နိုင်ငံသား ဥပဒေနဲ့လည်း တန်းညှိစရာ ညီမျှခြင်းချစရာ မလိုအပ်ပါဘူး။ ကျွန်တော်တို့ရဲ့ မြောက်ပိုင်းက နိုင်ငံနဲ့ နိုင်ငံသားဥပဒေကို ကျွန်တော်တို့ညှိကြည့်လို့ရပါတယ်။ ဘယ်လိုမှတူညီနိုင်စရာအကြောင်း မရှိပါဘူး။ မြန်မာနိုင်ငံသား ဘယ်နှစ်ယောက်က တရုတ်နိုင်ငံသား ဖြစ်ချင်တဲ့သူ သိပ်ရှိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နယ်စပ်က တရုတ်နိုင်ငံသားများစွာကတော့ မြန်မာနိုင်ငံသားဖြစ်ချင်မှာ သဘာဝပါပဲ။ မြန်မာနိုင်ငံသား ဘယ်နှစ်ယောက်ကမှလည်း အိန္ဒိယနိုင်ငံသား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားမဖြစ်ချင်ဘူး။ သွားပြီးတော့လည်း နေထိုင်ဖို့ တော်တော်အခက်အခဲရှိတာ ဖြစ်ပါတယ်။

နယ်စပ်က တရုတ်နိုင်ငံသားတွေဟာ ဒီနိုင်ငံသားဖြစ်ခွင့်ရမယ်ဆိုရင် အားလုံးစုပြုံဝင်ရောက်လာကြမှာ ဖြစ်ကြပါတယ်။ အဲဒါကြောင့် နိုင်ငံသားနဲ့ လူဝင်မှုကိစ္စတွေမှာ တန်းတူရည်တူဆိုတာ မရှိနိုင်ပါဘူး။ လူဦးရေဆိုတာက ဖိအားမြင့်တဲ့နေရာက ဖိအားနိမ့်တဲ့နေရာကိုသာ စီးဆင်းလျက်ရှိပါတယ်။ လူဦးရေဖိအားမြင့်တဲ့ နိုင်ငံမှာ လူဦးရေ နိုင်ငံသားဖြစ်မှုဥပဒေ တက်တက်ကြွကြွရှိစရာမလိုပါဘူး။ သူတို့ရဲ့ လူဦးရေဖိအားဟာ သူတို့ရဲ့ သဘာဝတိမ်တိုက်ကြီး ဖြစ်လို့နေပါတယ်။ သူတို့ရဲ့ မမြင်ရတဲ့ နိုင်ငံသားဥပဒေတွေ ဖြစ်ပါတယ်။ ဒါကြောင့် အချိန်ယူရေးဆွဲထားတဲ့ မြန်မာ

နိုင်ငံသား အများစုကို ကာကွယ်ထားပြီးဖြစ်တဲ့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွေကို စကားလုံးဝေါဟာရ အနည်းငယ်ပြောင်းရုံမှတစ်ပါး အထူးပြုပြင်စရာ မလိုကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်။ ၁၃း၃၂။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ကျွန်တော် ဒီကနေ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးတင်မြ ရဲ့ မြန်မာနိုင်ငံသားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းပြီး လက်ရှိမြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၄))အား ပယ်ဖျက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေမှာ ထူးခြားချက်၊ ထူးခြားချက်က ဘာလဲဆိုလို့ရှိရင် ဒီဥပဒေဟာ နဂါးမင်းစီမံချက်နဲ့ ဟင်္သာစီမံချက် နောက်ပိုင်းမှာ ၁၉၈၂ ခုနှစ်မှာ ရေးဆွဲတာ ထူးခြားပါတယ်။ နောက်တစ်ခုဟာ ဘာလဲဆိုလို့ရှိရင် နိုင်ငံသားဖြစ်ခြင်းကို ကန့်သတ်တဲ့ ဘောင်ဟာ ၁၈၂၃ ခုနှစ်ဆိုတာ ပါပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်တဲ့အခါမှာ ရခိုင်နဲ့ တနင်္သာရီဟာ ဒီ အင်္ဂလိပ်တွေရဲ့ ကိုလိုနီလက်အောက်ကို ရောက်ခဲ့ရပါတယ်။ ပထမဆုံးအချိန် ရောက်ခဲ့တဲ့အခါမှာ စပြီးတော့ ဒီ နိုင်ငံခြားသားတွေက ရခိုင်ပြည်နယ်နဲ့ တနင်္သာရီဒေသမှာ နည်းမျိုးစုံနဲ့ ရောက်ရှိလာတဲ့အတွက်ကြောင့် ၁၈၂၃ ခုနှစ် မတိုင်မီက ဆိုတဲ့စကားဟာ ဒီဟာကို ရည်ညွှန်းပြီး ဖြစ်တဲ့အတွက်ကြောင့် အင်မတန်အနှစ်သာရ ရှိတဲ့စကားလည်း ဖြစ်ပါတယ်။ နောက်တစ်ခုဟာ ဘာလဲဆိုလို့ရှိရင် ဒီဟာ မတိုင်ခင်တုန်းက မြန်မာပြည်လွတ်လပ်ရေး ရတဲ့အခါမှာ ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ်

ရွေးချယ်ရေး အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေဆိုတဲ့ ဥပဒေ(၂)ခုပဲ ရှိခဲ့ပါတယ်။ ဒီဥပဒေ(၂)ခုနှင့် မလုံလောက်လာတဲ့ အတွက်ကြောင့် ယခု ၁၉၈၂ ခုနှစ်မှာ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီ ဥပဒေ ရေးရာကို စာနဲ့ရေးသားဖတ်ပြပြီး တင်ပြပါ့မယ်။

ဥပဒေ တည်ဆောက်ထားပုံ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေမှာ အခန်း(၈)ခန်း၊ ပုဒ်မပေါင်း(၇၆)ခု ပါဝင်ပါတယ်။ ဒီ ဥပဒေကို မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် ၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ်(၄) အထိ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဒီ ဥပဒေကို မပြဋ္ဌာန်းခင်က ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေဆိုတဲ့ ဥပဒေ (၂)ခုကို ကျင့်သုံးခဲ့ပါတယ်။ ဒီ ဥပဒေ(၂)ခု စလုံးကို ၁၅-၁၀-၁၉၈၂ မှာ ရုပ်သိမ်းခဲ့ပါတယ်။ သို့သော်လည်း ဒီဥပဒေ(၂)ခုဖြင့် အတည်ပြု ဆုံးဖြတ်ခဲ့တာတွေကို ယခ ဥပဒေအသစ် ထုတ်ပြန်လိုက်တဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေက လက်ခံအတည်ပြု ထားပါတယ်။

ဥပမာအားဖြင့် အခန်း ၁၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)မှာ နိုင်ငံသားလက်မှတ် ဆိုသည်မှာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး အက်ဥပဒေအရ ဖြစ်စေ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ ထုတ်ပေးသော နိုင်ငံသားလက်မှတ်ကို ဆိုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ ယခင်က ဥပဒေတစ်ရပ်ရပ်အရ ဆုံးဖြတ်ခဲ့တာကို နောင်အသစ်ပြဋ္ဌာန်းတဲ့ ဥပဒေက ဆက်လက် တာဝန်ယူထားခြင်း ဖြစ်ပါတယ်။

အခန်း(၂) နိုင်ငံသားဖြစ်ခြင်း။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေမှာ နိုင်ငံသားဖြစ်ခြင်းနဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၅ နဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ (င)နဲ့ (စ)တို့မှာ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃ မှာ နိုင်ငံတော်တွင်ပါဝင်နေထိုင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ် သက္ကရဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်သော ကချင်၊ ကယား၊

ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများ ဖြစ်သည် အဲဒီလို ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၅ မှာ တိုင်းရင်းသားတိုင်းသည် လည်းကောင်း၊ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း၊ မွေးရာပါ နိုင်ငံသားများ ဖြစ်သည်ဟု ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ ဒီပြဋ္ဌာန်းချက်တွေဟာ မူလပင်ရင်းနိုင်ငံသားများ (Citizen of the Original) အတွက် အင်မတန် ပြည့်စုံလုံလောက်တဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ထို့အပြင် ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှာ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများသည်လည်း နိုင်ငံသား ဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် နိုင်ငံသားဖြစ်ခြင်းအတွက် ပြည့်စုံ လုံလောက်နေပြီ ဖြစ်ပါတယ်။

နောက်ဥပဒေအရ နိုင်ငံသားဖြစ်လာခြင်း။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)နှင့် (စ)ပါ နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ ဒီဟာတွေဟာ နိုင်ငံသားတွေ ဖြစ်လာပါတယ်။ နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ ဒါတွေဟာလည်း နိုင်ငံသား ဖြစ်လာပါတယ်။ ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားလာသော သား/သမီးများနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သား/သမီးများနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ ဆိုလိုတဲ့ သဘောက နိုင်ငံသား ပြုခွင့်ရသူဟု အဓိပ္ပာယ်သတ်မှတ်ချက်ဟာ အင်မတန်ကျယ်ဝန်းပါတယ်။ မြန်မာပြည်မှာ အမေရိကန်လောက် ကျယ်ဝန်းမှာမဟုတ်ပါဘူး။ မြန်မာပြည်မှာ ဒီ ဥပဒေမှာဆိုရင် အင်မတန် ပျော့ပျော့ပြောင်းပြောင်းနဲ့ ရေးဆွဲထားတဲ့အတွက်ကြောင့် နိုင်ငံသားဖြစ်ဖို့ဟာ အင်မတန် မြန်မာပြည်မှာဖြစ်ဖို့ လွယ်ပါတယ်။ နိုင်ငံသားဖြစ်တဲ့အတွက် ဥပဒေအရ နိုင်ငံသား ဖြစ်မှုဟာ လည်းပဲ အဘက်ဘက်က ပြည့်စုံလုံလောက်မှု ရှိနေတာ တွေ့ရပါတယ်။

မျိုးနွယ်စု ဆုံးဖြတ်ခြင်း။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ ပုဒ်မ ၄ မှာ မည်သည့် မျိုးနွယ်စုသည် တိုင်းရင်းသားဖြစ်သည် မဖြစ်သည်ကို နိုင်ငံတော်ကောင်စီက ဆုံးဖြတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် နိုင်ငံတော်ကောင်စီ အဖွဲ့အစည်းဆိုတာ မရှိတော့ပါ။

အကြံပြုတိုက်တွန်းချက်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေထဲမှာပါတဲ့ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်တွေဟာ၊ ပြဋ္ဌာန်းချက်မှာပါတဲ့ အချက်အလက်တွေဟာ ပြည့်စုံကောင်းမွန်တဲ့ အချက်တွေ ဖြစ်ပါတယ်။ ဒါတွေကြောင့် အဲဒီဥပဒေအားလုံးကို ဖျက်သိမ်းခြင်း မပြုဘဲ ပုဒ်မ ၄ တွင်ပါရှိသော မည်သည့် မျိုးနွယ်စုသည် တိုင်းရင်းသား ဖြစ်သည်၊ မဖြစ်သည်ကို နိုင်ငံတော် ကောင်စီက ဆုံးဖြတ်နိုင်သည် ဆိုတဲ့ စာပိုဒ်အစား မည်သည့် မျိုးနွယ်စု ဖြစ်သည်၊ မဖြစ်သည်ကို ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်နိုင်သည်ဟုသာ ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေး အကြံပြုရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ဦးဆိုင်ပေါင်းနပ် ဆွေးနွေး နိုင်ပါပြီ။

**အချိန်။ ၁၃း၃၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ဒီ နိုင်ငံသား ဥပဒေနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ဦးတင်မြ ရဲ့ တိုက်တွန်း စေလိုတဲ့ အချက်နှင့် ပတ်သက်ပြီးတော့ ကျွန်တော့်ရှေ့က ပုဂ္ဂိုလ်များတွေလည်း တော်တော်လေးကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ် ဆိုရင်လည်း ဒီသဘောတည်းပဲ ဖြစ်တဲ့အကြောင်း ရှေးဦးစွာ တင်ပြအပ်ပါတယ်။ အဲဒီတော့ ဒီကနေ့ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်ထောင်စု ဝန်ကြီးကိုလည်း အထူးပဲ ဂါရဝတရားနှင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အနည်းငယ်အတိုချုံးပဲ ကျွန်တော် တင်ပြလို ပါတယ်။ ကျွန်တော်တို့ ဥပဒေတစ်ရပ် ဖြစ်ပေါ်တယ်ဆိုရင်တော့ လွယ်လွယ်နဲ့ ဖြစ်ပေါ်ခြင်း မဟုတ်ပါဘူး။ သူ့ရဲ့ အကြောင်းနဲ့ သူ့ရဲ့ သမိုင်းနဲ့ ဒီ့အပြင် ကျွန်တော်တို့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ အခြေတည်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ဥပဒေတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့

နိုင်ငံဟာ လွန်ခဲ့တဲ့ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးတဲ့ နောက်ပိုင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၃)ရပ်ကို ကျွန်တော်တို့ ရေးဆွဲပြီးတော့ ပြည်သူများရဲ့ စားဝတ်နေရေးကို ဦးဆောင်လျက် ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ အမျိုးသားလုံခြုံရေး ကိစ္စတွေဟာလည်း ဒီဖွဲ့စည်းပုံ အခြေခံဥပဒေ(၃)ခုစလုံးထဲမှာ ပါဝင်ပြဋ္ဌာန်းနေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရတယ်။ ဥပမာ- ကျွန်တော်တို့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကဏ္ဍအနေနဲ့ စပ်လျဉ်းပြီးတော့ ပြဋ္ဌာန်းနေခဲ့သလို ၁၉၇၄ ခုနှစ်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းရင်းသား အမျိုးသားရဲ့ လုံခြုံရေးအတွက် ဒီ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၄၅ နှင့် ၁၄၆ မှာလည်း ခိုင်ခိုင်မာမာ ပြဋ္ဌာန်းလာခဲ့တာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့ နိုင်ငံအနေနဲ့ ခုန နောင်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားကြတဲ့ အတိုင်းပါပဲ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ရှေးပဝေသဏီကတည်းက ၁၈၂၃ ခုနှစ် မတိုင်မီ တိုင်းရင်းသားများအားလုံးက မိမိရဲ့နေရာ၊ မိမိရဲ့ဒေသ စည်းစည်းလုံးလုံးနဲ့ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကျွန်တော်တို့ လက်တွဲပြီး နေထိုင်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ နောက် ဒုက္ခအခက်အခဲတွေ ကြုံတွေ့ရင်လည်းပဲ အရေးကြီးရင် သွေးနီးတယ် ဆိုသလိုလည်း ဒီမူကို ကျွန်တော်တို့ရဲ့ နိုင်ငံကို ဦးဆောင်ခဲ့တဲ့ ခေါင်းဆောင်ကြီးများရဲ့ ဦးဆောင်မှုနဲ့အတူ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ကြရပါတယ်။ အဲဒီတော့ ဒီကိစ္စအားလုံးဟာ ၁၈၂၃ ခုနှစ်၊ တိုင်းတစ်ပါးနယ်ချဲ့များ ဝင်ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့ အနေအထားလေးက အမျိုးသားလုံခြုံရေးရော၊ စီးပွားရေးရော တစ်နည်းမဟုတ်ရင် တစ်နည်းတော့ အနည်းငယ်အနှောင့်အယှက်တွေ၊ အများကြီး အနှောင့်အယှက်တွေ ဝင်လာနိုင်သလို ကျွန်တော်တို့က ဒီအမျိုးသားလုံခြုံရေးကိစ္စကို ကျွန်တော်တို့ စဉ်းစားလာခဲ့ရတယ်။

အဲဒီလို စဉ်းစားလာတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ နိုင်ငံက နံပါတ်(၁) အမျိုးသားရေးကိစ္စနှင့် ပတ်သက်တဲ့ ခုန ကျွန်တော်တို့ ဒီ တိုင်းရင်းသားများ လူမျိုးရဲ့ မူလအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အလေးအနက်ပြဋ္ဌာန်းဖို့ ခေါင်းဆောင်ကြီးများတွေက ဆောင်ရွက်လာခဲ့တယ်။ ဒါပေမဲ့ ၁၉၄၇ ခုနှစ်၊ ပြဋ္ဌာန်းထားတဲ့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသားများရဲ့

မူလအခွင့်အရေးမှာတော့ တိုင်းတစ်ပါးနယ်ချဲ့တို့ရဲ့ ပယောဂတွေ၊ ဩဇာအာဏာ လွှမ်းမိုး မှုတွေ ရှိနေသေးတဲ့ အတွက်ကြောင့် အနည်းငယ် အားပျော့တာတွေတော့ရှိမယ်။ အားနည်းချက်တွေလည်း ရှိနေမယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်တို့ ရေးဆွဲခဲ့တဲ့ နိုင်ငံသားဥပဒေဟာ ၁၉၄၈ ခုနှစ်၊ နိုင်ငံသားဥပဒေ ဖြစ်တဲ့အတွက်ကြောင့် ၁၉၈၂ ခုနှစ် ဥပဒေမပေါ်ပေါက်မီအထိ ကျွန်တော်တို့ ဒီဥပဒေကိုပဲ ကျင့်သုံးလာခဲ့ရတယ်။ ၁၉၄၈ ခုနှစ် ဥပဒေဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ကာကွယ်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်တာကို ကျွန်တော်တို့ သိလျက်နဲ့၊ ရှိလျက်နဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသား ဖြစ်မှုဥပဒေကို ပြန်လည်ရေးဆွဲရတဲ့ အကြောင်းအရင်း ကတော့ ခုနက ၁၉၄၈ ခုနှစ်ရဲ့ အားပျော့တဲ့အချက်တွေ၊ အားနည်းတဲ့အချက်တွေ ရှိလို့ပဲ ဖြစ်တယ်။ အဲဒီတော့ ၁၉၇၄ ခုနှစ်မှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက အခိုင်အမာ တိုင်းရင်းသားလူမျိုးများရဲ့ ဒီမူလအခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ ရေးသားထားတဲ့အချက်တွေဟာ ကျွန်တော်တို့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရဲ့ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ အားလုံးသည် နိုင်ငံသားဖြစ်တယ်။ နောက်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းတဲ့ ရက်မှာ နိုင်ငံသားဖြစ်ပြီးသူများအားလုံး နိုင်ငံသားဖြစ်တယ်။

အဲဒီတော့ ဒီအချက်တွေဟာ ပိုမိုပြီးတော့ ပီပြင်လာဖို့ ဆိုလာတဲ့ အချိန်မှာ ဥပဒေပုဒ်မ ၁၄၆ ကနေ၊ ဒီနိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့၊ နိုင်ငံသားဖြစ်ခြင်းတို့၊ ဧည့်နိုင်ငံသားဖြစ်ခြင်းတို့ ဥပဒေ ပြဋ္ဌာန်းထားတဲ့အတိုင်း ဒါဟာ အတည်ဖြစ်တယ် ဆိုလာတဲ့ အခါမှာ ၁၉၈၂ ခုနှစ် ဥပဒေတွေကို ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄)နဲ့ ရေးဆွဲခဲ့ရခြင်းဖြစ်တယ်။ ရေးဆွဲတဲ့အချိန်မှာ ကျွန်တော်တို့ လေ့လာသိရှိသမျှဆိုရင် ဒီဥပဒေဟာ တော်တော်လေးကို ပြည့်စုံတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒီကနေ့ အနေအထားအနေနဲ့ ကျွန်တော်တို့ရဲ့နိုင်ငံ အမျိုးသား လုံခြုံရေး အတွက်ဟာလည်းပဲ ဘာမှထပ်ပြီးပြုပြင်ဖို့ လိုအပ်တဲ့အချက်အလက်တော့ ကျွန်တော့်အနေနဲ့ တော့ မတွေ့ရှိရသေးပါဘူး။ ဒါပေမဲ့ ခုန နောင်တော်ကြီး ဦးအုန်းတင် တို့ပြောတဲ့ နိုင်ငံတော် ကနေ ရှိရင်းစွဲ တိုင်းရင်းသားတွေကို ကျွန်တော်တို့ နိုင်ငံတော်ကောင်စီက ဆုံးဖြတ်မယ်ဆိုတဲ့ အချက်အလက်မှာ ပါဝင်တဲ့ စကားလုံးနည်းနည်းလေး ပြောင်းလဲတာကလွဲရင် တခြားဟာတော့ ကျွန်တော်တို့ ထူးထူးခြားခြား ပြောင်းလဲဖို့တော့ မလိုအပ်သေးဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ အဲဒီတော့ ဒီဥပဒေဟာ ဆက်လက်ပြီးတော့ ကြည့်တဲ့ အချိန်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျွန်တော်တို့ ရေးဆွဲတဲ့အချိန်မှာလည်းပဲ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)

မှာပါဝင်တဲ့အတိုင်း နိုင်ငံသားများရဲ့ အခွင့်အရေးနဲ့ မူလတာဝန်တွေကိုလည်း အတိအကျ အတိအလင်း ပြဋ္ဌာန်းထားတယ်။ အခိုင်အမာလည်းပဲ အကာအကွယ်ပေးထားတယ်။ အဲဒီအချက်တွေဟာလည်း ဒီ ၁၉၈၂ ခုနှစ် ဒီဥပဒေအနေနဲ့ ဒီဖွဲ့စည်းပုံရဲ့ အနှစ်သာရကို ဒီနေ့အထိ တိတိကျကျ ဖော်ဆောင်နိုင်တာကို ကျွန်တော်တို့လည်း တွေ့ရှိရတယ်။

ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုလည်း ပိုမိုပြီးတော့ အဓိပ္ပာယ်ဖော်တယ်ဆိုတာကိုလည်း ဒါ ကျွန်တော်တို့ တွေ့ရှိရတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီ နိုင်ငံသားဥပဒေအသစ် ရေးဆွဲဖို့လည်း မလိုအပ်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော် တင်ပြလိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ၁၉၈၂ ခုနှစ်၊ ဥပဒေကိုလည်း ပယ်ဖျက်ဖို့ မလိုအပ်ပါဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ကျွန်တော်တင်ပြတဲ့ အချက်ထဲမှာ နံပါတ်(၁)ကတော့ ခုန ကျွန်တော်တင်ပြသွားတဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ဘာမှ ငြိစွန်းခြင်း မရှိတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကိုလည်း ပြည့်စုံစေခြင်း ဖြစ်တဲ့ အတွက်ကြောင့် ဒါ ခိုင်မာတဲ့ ဥပဒေဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ နောက် တစ်ဖက်တစ်လမ်း ဥပမာ - နိုင်ငံတကာမှာလည်းပဲ လက်တွေ့ကျင့်သုံးတဲ့ တည်ဆဲ အပြည်ပြည်ဆိုင်ရာ ဥပဒေမှာလည်းပဲ နိုင်ငံသားတစ်ယောက်ဟာ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသား အဖြစ်မှ ရပ်စဲခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း၊ နိုင်ငံသားများအား ပြည်တွင်းဝင်ခွင့် မပြုခြင်း၊ ပြည်တွင်းမှ နှင်ထုတ်ခြင်း ဆိုင်ရာကိစ္စများသည် သက်ဆိုင်ရာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်မှုအောက်မှာ လုံးဝကျရောက်တယ်။

ဒါကို ရှိတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရတယ်။ ဒါဟာ ဒီကနေ့အထိ နိုင်ငံတကာက လက်တွေ့ကျင့်သုံးနေတဲ့ မူပဲဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ မူနဲ့လည်း ဒီနေ့အထိ မူဘောင်အတွင်းမှာလည်းပဲ ဒီနေ့အထိ ရှိနေတယ်ဆိုတဲ့အကြောင်း ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကိုလည်း ဘယ်နိုင်ငံကမှ ထိပါးခွင့်လည်း မရှိပါဘူး။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေနဲ့လည်း ပဋိညာဉ်စာတမ်းမှာ အတိအကျ ပြဋ္ဌာန်းထားတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံ တည်ဆဲဥပဒေအရ နိုင်ငံတော်ရဲ့ ကိစ္စကို နိုင်ငံသားရဲ့ဖြစ်မှု အနေအထားကို အတိအလင်းပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရတဲ့အတွက်ကြောင့် ဒီဥပဒေဟာ ကျွန်တော်တို့ အသစ်ရေးဆွဲ

ဖို့လည်း မလိုဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီ ၁၉၈၂ ခုနှစ်၊ ဥပဒေကိုလည်း ပယ်ဖျက်ရန် မလိုအပ်တဲ့အကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**အချိန်။ ၁၃း၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၃း၄၂။**

**ဦးခင်ရီ (ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြ အနေနဲ့ တည်ဆဲမြန်မာနိုင်ငံသားဥပဒေ(၁၉၈၂ ခုနှစ်) ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၄)ဟာ ကနေ့ကာလအထိဆိုရင် နှစ်ပေါင်း(၃၀)ကြာပြီ ဖြစ်တဲ့အတွက် ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ပြင်မယ်၊ ပယ်ဖျက်မယ်၊ ဖြည့်စွက် ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်သင့်တယ်လို့ သုံးသပ်တွေ့ရှိရကြောင်း၊ သို့သော်လည်းပဲ ကနေ့ ခေတ်ကာလနဲ့ လျော်ညီစွာ၊ နိုင်ငံတကာနဲ့ လျော်ညီစွာ ဖြစ်စေဖို့အတွက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများ များစွာဆောင်ရွက်နေခြင်းထက် မြန်မာနိုင်ငံသားဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်းက တည်ဆဲမြန်မာနိုင်ငံသားဥပဒေကို ပယ်ဖျက်ခြင်းက အသင့်လျော်ဆုံး ဖြစ်မယ်ဆိုတဲ့ အဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ ဒီအဆိုပေါ်မှာ လွှတ်တော်ကိုယ်စားလှယ် (၈)ဦးက အမြင်တွေကို တိတိကျကျ တင်ပြသွားကြပြီးဖြစ်လို့ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော့်အပိုင်းကတော့ အဲဒီအချက်တွေကို ပြန်ပြောင်းမဆွေးနွေးဘဲ ဒီဥပဒေ ဘယ်လို ပေါ်လာရသလဲ၊ ဘာတွေနဲ့ စံပြုနိုင်မလဲဆိုတဲ့အချက်တွေနဲ့ ကျွန်တော့်အရင်က ဆွေးနွေးခဲ့ကြတဲ့ ဆွေးနွေးချက်တွေအရ ရှင်းပြဖို့လိုမယ်ထင်တဲ့အချက်တွေကို အနည်းငယ် ဖြည့်စွက်ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များခင်ဗျား။ ပထမဦးစွာ တည်ဆဲ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေကို ခေတ်နဲ့လျော်ညီစွာ အသစ်ရေးဆွဲဖို့ လိုအပ်ကြောင်း အဆိုပြုခဲ့တဲ့

ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ဥပဒေကို အသေးစိတ်အချိန်ယူ လေ့လာပြီး လိုအပ်ချက်များ များစွာတွေ့တဲ့အတွက် နိုင်ငံတော် အကျိုးငှာ ယခုကဲ့သို့ တင်ပြလာခြင်းဖြစ်မယ်လို့လည်း ယုံကြည်မိပါတယ်။ တင်ပြချက်ကို လေးစားပါတယ်။ သို့သော်ငြားလည်း ဤဥပဒေဟာ စောစောက တင်ပြခဲ့သလို (၆)နှစ်ကျော် အချိန်ယူပြီးတော့ နိုင်ငံသားဆိုင်ရာ ယခင် ဥပဒေတွေရဲ့ အားနည်းချက်တွေနဲ့ ပကတိဖြစ်ရပ် အခြေအနေအပေါ်မှာ မူတည်ပြီးတော့မှ လိုအပ်တဲ့ ဥပဒေကြမ်းကို စတင်ဖော်ထုတ်၊ နိုင်ငံတစ်ဝန်း ကွင်းဆင်းပြီး လူထုလူတန်းစားအားလုံးကို ချပြ ပြန်လည်စိစစ်ဆန္ဒရယူ ရေးဆွဲပြီးတော့မှ ဥပဒေအဖြစ် ပေါ်ထွန်းလာခြင်းဖြစ်တော့ ပြည်သူ တစ်ရပ်လုံးကို ကိုယ်စားပြုထားတဲ့ ဒီနေရာမှာ စုစည်းရောက်ရှိနေကြတဲ့ ကျွန်လွှတ်တော် ကိုယ်စားလှယ်ကြီးများပါ သိသမျှကို မျှဝေပြီး ကျွန်တော်ပြောချင်တဲ့ အတွက်ကြောင့် ယခုလို ပြောကြားရခြင်းဖြစ်ပါတယ်။ ဟိုတလောက ဒီဥပဒေနဲ့ ပတ်သက် ပြီးတော့ ဖျက်ဖို့၊ ပြင်ဖို့၊ မဖျက်ဖို့ စတာတွေရော၊ နိုင်ငံခြားသားတွေ အခုလို နယ်စပ်ဒေသမှာ ဝင်ရောက်နေထိုင် အခြေချ ခွင့် ရှိခဲ့တာတွေဟာ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် စသည်ဖြင့် ရှုထောင့်အမျိုးမျိုးက ပြောဆို ဝေဖန်မှုတွေ ရှိနေတာကြောင့် စောစောက ကျွန်တော်တင်ပြခဲ့သလို ဥပဒေနဲ့ ပတ်သက်ပြီးတော့ ဘယ်နည်းဘယ်ပုံ ရေးဆွဲခဲ့တယ်။ ဘယ်အချက်တွေကို အခြေခံ ခဲ့တယ်ဆိုတဲ့ အချက်နဲ့ အရင်က ကျွန်တော့်အရင် ဆွေးနွေးသွားကြတဲ့ ဆွေးနွေးချက်တွေအရ သမိုင်းကြောင်းနဲ့ ယှဉ်ပြီး အကျဉ်းမျှရှင်းလင်းဖို့ လိုအပ်တဲ့အတွက် ကျွန်တော့်ကို အချိန်အနည်းငယ်ပေး ရှင်းပြခွင့် ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ လေးစားစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ နောက်ကြောင်း သမိုင်း ကြောင်းကို ပြောရရင် အားလုံးသိပြီးဖြစ်တဲ့အတိုင်းပဲ ၁၈၂၄ ခုနှစ် မတိုင်မီအထိက ယေဘုယျ အားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ မည်သည့်နိုင်ငံခြားသားမှ အခြေချနေထိုင်ခြင်း မရှိခဲ့ဘူးလို့ သမိုင်းအထောက်အထားများကို ရည်ညွှန်း၍ ပြောကြားလိုပါတယ်။ ထိုစဉ်က မိမိတို့နိုင်ငံ အတွင်းမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ၎င်းတို့နဲ့ ဆက်နွယ် နေတဲ့ မျိုးနွယ်စုအပါအဝင် လူမျိုးစု(၁၀၀)ကျော်ဟာ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြတယ်လို့ သမိုင်းက ဆိုခဲ့ပါတယ်။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားပါတယ်။ နယ်ချဲ့စစ်ကြောင့် မြန်မာနိုင်ငံအနောက်ခြမ်းဟာ ဗြိတိသျှကိုလိုနီလက်အောက်ကို စတင်ကျ ရောက်ခဲ့ပြီး အနောက် ခြမ်းက ပြည်နယ်ဟာ အိန္ဒိယပြည်နယ်ရဲ့ လက်အောက်ခံ ပြည်နယ်တစ်ခု

ဖြစ်ခဲ့ရပါတယ်။ ထိုအချိန်ကစပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းကို တစ်ဖက်နိုင်ငံနေ နိုင်ငံခြားသားများ စတင်ဝင်ရောက်ခွင့် ရလာကြပါတယ်။ ဒါကြောင့် မူလ တိုင်းရင်းသားစစ်စစ်သာ နေထိုင်နေကြတဲ့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ မူလတိုင်းရင်းသား များနှင့် နိုင်ငံခြားသားဟူ၍ နှစ်မျိုးရှိလာပါတယ်။ အဲဒီကတစ်ဆင့် တိုင်းရင်းသားနှင့် နိုင်ငံခြား သားများ ပေါင်းဖက်ရာမှ သွေးနှောကပြားဆိုတဲ့ အတန်းအစားတစ်ရပ်ဆိုတာလည်း မလွဲ မရှောင်သာ ဖြစ်ပေါ်လာရပါတယ်။ ဒါကြောင့် ပထမဦးစွာ မြန်မာနိုင်ငံအတွင်းကို နိုင်ငံခြားသား တွေ စတင်ဝင်ရောက် အခြေချနေထိုင်နိုင်ခြင်းရဲ့ အဓိကအချက်ဟာ နယ်ချဲ့စနစ်ကြောင့်လို့ သမိုင်းအရ ပြောဆိုလိုပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တင်ပြ ခဲ့သလို နယ်ချဲ့ စနစ်နှင့်အတူ နိုင်ငံခြားသားစစ်စစ်တွေ ပြည်တွင်းကို ရောက်ရှိအခြေချခွင့်တွေ ရခဲ့သလိုပဲ လွတ်လပ်ရေးရပြီးစ ကာလမှာလည်း ပြည်တွင်းပဋိပက္ခတွေကြောင့် မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေတဲ့ နိုင်ငံတွေက အသွင်တူလူမျိုးများဟာ နိုင်ငံအတွင်းကို နည်းမျိုးစုံနဲ့ လွယ်ကူစွာ စိမ့်ဝင်၊ ရောနှော၊ အခြေချခွင့်၊ တိုးပွားခွင့်၊ နေထိုင်ခွင့်များ ရရှိခဲ့ကြတယ်ဆိုတာ အားလုံးအသိ ဖြစ်ပါတယ်။ ဒီနေရာမှာ အချိန်ကို ငဲ့ညှာသောအားဖြင့် နယ်စပ်တိုင်းက ရောနှော ဝင်ရောက်လာသမျှ လူမျိုးတွေအားလုံးကို တစ်မျိုးချင်းစီ ခွဲခြားမပြောတော့ဘဲနဲ့ ထင်သာမြင်သာ အောင် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းက စိမ့်ဝင်မှုအခြေအနေ တစ်ရပ်ကိုသာ ထုတ်နုတ် ပြောကြားရခြင်း ဖြစ်ပါတယ်။

စောစောက ကျွန်တော် တင်ပြခဲ့သလို ၁၈၂၄ ခုနှစ်ကနေစလို့ နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်း သူတစ်ပါးလက်အောက် ကျရောက်ခဲ့ရာက ၁၈၈၅ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး သူတစ်ပါး လက်အောက် ကျရောက်ခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေး ရပါတယ်။ လွတ်လပ်ရေးမရမီ ၁၈၂၄ ကနေ ၁၉၄၈ အထိ နှစ်ပေါင်း(၁၂၀)ကျော်ကြာ ကျွန်တော်တို့ နိုင်ငံဟာ တိုင်းတစ်ပါးလက်အောက်မှာ နေခဲ့ရပါတယ်။ အဲဒီကာလ တစ်လျှောက် လုံးဟာ သူ့ကျွန်ဖြစ်ခဲ့ရလို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးရပါတယ်။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်လည်း မရှိပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကိုလည်း မကာကွယ်နိုင်ဘူး။ ဒါကြောင့် ဒီနိုင်ငံမှာ နိုင်ငံခြားသားတွေ၊ နိုင်ငံခြားသားစစ်စစ်တွေ စတင်ဝင်ရောက် အခြေချခွင့်ကို ကာကွယ်

ထိန်းသိမ်းခွင့် မရှိနိုင်ဘူးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ လွတ်လပ်ရေး ရပြီးနောက်မှာ မြန်မာနိုင်ငံမှာ လွန်စွာများပြားနေပြီဖြစ်တဲ့ နိုင်ငံခြားသားနှင့် သွေးနှောကိစ္စကို ထိန်းကျောင်းနိုင်ဖို့အတွက် အဲဒီတုန်းက နိုင်ငံကို အုပ်ချုပ်ခဲ့သူတွေဟာ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေနဲ့ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနှစ်ရပ်ကို ပြဋ္ဌာန်းခဲ့တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ ဥပဒေဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များအပေါ်မှာ မူတည်ဆောင်ရွက်ရခြင်းဖြစ်လို့ အဲဒီ ဥပဒေ(၂)ခုဟာ ထိုစဉ်က ရှိခဲ့တဲ့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ် အခြေခံခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ)တို့မှာ နိုင်ငံသားဖြစ်ကြောင်း သတ်မှတ်ချက်တွေ ပါရှိ ပါတယ်။

ဒီနေရာမှာ ကျွန်တော် အချိန်ကို ငဲ့ညှာသောအားဖြင့် ပုဒ်မတစ်ခု၊ နှစ်ခုကိုပဲ နမူနာအဖြစ် ထုတ်နုတ်တင်ပြရရင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မခွဲ(ဃ)မှာ ဗြိတိသျှဘုရင်မင်းမြတ် အာဏာပျံ့နှံ့ရာ နယ်မြေတစ်ခုခုမှာ မွေးဖွားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီက ပြည်ထောင်စုမြန်မာနိုင်ငံမှာ အနည်းဆုံး(၈)နှစ် နေထိုင်ခဲ့ဖူးပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ ထာဝစဉ်နေထိုင်ရန် ရည်ရွယ်ကြောင်း ထုတ်ဖော်၍ သတ်မှတ်သော နည်းလမ်းနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်သူသည် နိုင်ငံသားဖြစ်သည်လို့ ဆိုထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ထိုစဉ်က ဗြိတိသျှဘုရင်မင်းမြတ် အာဏာပျံ့နှံ့ရာ နယ်မြေဆိုတာဟာ အားလုံးသိကြတဲ့အတိုင်း နေမဝင် အင်ပါယာ ဖြစ်ခဲ့တာကြောင့် ဗြိတိသျှပိုင်နယ်မြေဟာ ကမ္ဘာအနှံ့ ကျယ်ပြန့်ခဲ့ပါတယ်။ အဲဒီ ဥပဒေအရ ကျွန်တော်တို့ နိုင်ငံနဲ့ မည်မျှပင် ဝေးကွာပါစေ၊ အကျင့်စရိုက်များ လွန်စွာခြားနားလွန်းတဲ့ ဒေသကပင်ဖြစ်ပါစေ၊ မိမိနိုင်ငံသားရဲ့ သွေးပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ သတ်မှတ်ကာလအထိ နိုင်ငံမှာ နေထိုင်ခဲ့ဖူးတယ်ဆိုရင် နိုင်ငံသားဖြစ်နိုင်ခြေရှိတယ် ဆိုတဲ့ သဘောဖြစ်နေပါတယ်။ ဒါ့အပြင်အဲဒီ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ကို ဗြိတိသျှနိုင်ငံ တစ်နိုင်ငံတည်းကိုသာ ဦးစားပေး စဉ်းစားတဲ့ သဘော ဖြစ်နေပါတယ်။ အဲဒီလို ချို့ယွင်းအားနည်းချက်တွေ ရှိခဲ့ကြောင်း တင်ပြလိုခြင်း ဖြစ်ပါတယ်။ တစ်ခါ ဥပမာတစ်ခုကို ထပ်တင်ပြရရင် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၅ မှာ နိုင်ငံခြားသားတစ်ဦးဟာ

နိုင်ငံသားပြုမှု လက်မှတ်ကို တင်ပြလျှောက်ထားနိုင်သည်။ ဝန်ကြီးက ကျေနပ်လက်ခံလျှင် နိုင်ငံသားပြုမှုလက်မှတ်ကို ပေးအပ်နိုင်သည်လို့ ဖော်ပြထားပါတယ်။ နိုင်ငံတော် အချုပ်အခြာ အာဏာ အစိတ်အပိုင်း တစ်ရပ်ဖြစ်တဲ့ နိုင်ငံသားဖြစ်မှု ခွင့်ပြုပေးခြင်း လုပ်ငန်းစဉ်ကြီးတစ်ရပ် အပေါ်မှာ ဝန်ကြီးတစ်ဦးတည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ခွင့်ပြုမိန့်ပေးခြင်းဟာ အမျိုးသား အကျိုး စီးပွားကို စဉ်းစားရာမှာ အလွန်ပင် လွယ်ကူသည့်သဘော ဖြစ်နေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒါကလည်း အားနည်းချက် တစ်ခုဖြစ်ပါတယ်။ အခြားဥပမာများစွာ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ညှာသော အားဖြင့် အခြားဥပမာများကို ထပ်မံမတင်ပြတော့ပါ။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မည်သူတွေကို နိုင်ငံသားအဖြစ် လက်ခံသည် ဆိုတဲ့ကိစ္စဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွင်း ကျရောက်တဲ့ လုပ်ပိုင်ခွင့်သာ ဖြစ်သော်လည်းပဲ အဲဒီတုန်းက လွတ်လပ်ရေးအတွက် ကြိုးပမ်း နေရချိန်မျိုးမှာ နိုင်ငံသားဥပဒေများကို စဉ်းစားရေးဆွဲခဲ့ရတာဖြစ်တာကြောင့် နိုင်ငံတော်နှင့် ပြည်သူ့ရေရှည်အကျိုးစီးပွားထက် ထိုစဉ်က ဖြစ်နေတဲ့ အခြေအနေတွေကို ထည့်သွင်းတွက်ချက် စဉ်းစားခဲ့ရကြောင်း တွေ့ရပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း တိုင်းပြည်သစ်၊ နိုင်ငံသစ် အနေနဲ့ စတင်တည်ထောင်ရတဲ့အတွက် ကဏ္ဍတိုင်းမှာ တိုင်းရင်းသားပညာရှင်တွေ မပြည့်စုံခြင်းကြောင့် အကူအညီ လိုအပ်ချက်ပေါ်မူတည်ပြီး ဥပဒေများ ရေးဆွဲခဲ့ရတဲ့အတွက် နိုင်ငံသားဖြစ်မှု အပိုင်းမှာ အလျှော့ပေးခဲ့ရတဲ့ ချို့ယွင်းချက်၊ အားနည်းချက်များ ဖြစ်ပေါ် ခဲ့ရတာကိုတွေ့ရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ကမ္ဘာမှာ နိုင်ငံသားအဖြစ် စဉ်းစားကြတဲ့အချက် တစ်ချက်ကို တင်ပြလိုပါတယ်။ ကမ္ဘာတစ်ဝန်းမှာ နိုင်ငံသားအဖြစ် ဆုံးဖြတ်ရာမှာ မြေပေါ်မူတည် ဆုံးဖြတ်တဲ့နည်းနှင့် သွေးပေါ်မူတည် ဆုံးဖြတ်တဲ့ နည်းဟူ၍ နည်းလမ်း(၂)လမ်း ရှိပါတယ်။ မြေပေါ်မူတည် ဆုံးဖြတ်တဲ့နည်းဆိုတာက မိမိနိုင်ငံမြေပေါ်မှာ နေထိုင်နေတယ်ဆိုရင် သတ်မှတ် ကာလတစ်ခုမှာ နိုင်ငံသားဖြစ်ခွင့်၊ နိုင်ငံသားပြုခွင့်ရခဲ့တယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ သွေးပေါ် မူတည် စဉ်းစားခြင်းဆိုတဲ့ နည်းလမ်းကတော့ နိုင်ငံမြေပေါ်မှာ ဘယ်လောက်ပဲ ကြာနေပြီ ဖြစ်ပါစေ၊ မိမိတို့ နိုင်ငံသားတစ်ဦးဦးနှင့် သွေးသားဆက်နွယ်မှုတစ်ခုခု ဆက်နွယ်မှု ရှိမှသာ နိုင်ငံသားအဖြစ်ကို စဉ်းစားကြခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများမှာ မြေပေါ်မူတည်ပြီး စဉ်းစားတဲ့

နိုင်ငံတွေ များစွာရှိသလို သွေးပေါ်မူတည်ပြီး စဉ်းစားတဲ့ နိုင်ငံများလည်း များစွာရှိပါတယ်။ ပုံသေရယ်လို့ မရှိဘဲနဲ့ ဘယ်နိုင်ငံမဆို နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ အမျိုးသား အကျိုးစီးပွား အပေါ်မှာသာ အခြေခံစဉ်းစားတတ်ကြတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ လက်ရှိဥပဒေဟာ နိုင်ငံတကာ အခြေအနေနဲ့ ကိုက်ညီရန်လိုတယ် ဆိုတဲ့ အချက်ကို စဉ်းစားတဲ့နေရာမှာ နိုင်ငံတကာမှာသည်ပင်လျှင် နိုင်ငံသားဖြစ်မှုကို သက်ဆိုင်ရာ နိုင်ငံရဲ့ အကျိုးငှာ အမျိုးမျိုးစဉ်းစားနေခဲ့ကြတာ ဖြစ်တဲ့အတွက်ကြောင့် ပုံသေရယ်လို့ မရှိနိုင်ပါဘူးဆိုတဲ့ အချက်ကို ထောက်ပြပြောဆိုလိုခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ဆက်ပြီး တင်ပြရရင် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေအရ နိုင်ငံသားဖြစ်ချင်သူတွေကို ရွေးချယ်ခွင့်တွေ ပေးနေချိန်မှာ ၁၉၆၂ ခုနှစ်မှာ အဲဒီတုန်းက အစိုးရသစ် အာဏာရလာပါတယ်။ အဲဒီတုန်းက နိုင်ငံအတွင်းမှာ သွေးနှောတွေ၊ နိုင်ငံခြားသားစစ်စစ်တွေ များပြားနေပြီဖြစ်ကြောင်း သတိပြုမိပါတယ်။ ထိုစဉ်က တည်ဆဲဥပဒေတွေနဲ့ ဥပဒေရဲ့ အားနည်း၊ ချို့ယွင်းချက်တွေ ရှိနေတဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် လူမျိုးရေးနဲ့ အမျိုးသားအကျိုးစီးပွား၊ လုံခြုံရေးစတဲ့ အခြေအနေကို ထည့်သွင်းစဉ်းစားပြီး ၁၉၇၆ ခုနှစ်ကစပြီး ဥပဒေသစ်ကို ရေးဆွဲနိုင်ဖို့ စဉ်းစားလာကြခြင်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေအတွက် နိုင်ငံတော်ကောင်စီဟာ ဥပဒေကော်မရှင်တစ်ရပ်ကို သီးခြားဖွဲ့စည်းတာဝန်ပေးပြီး ဥပဒေကြမ်းကို စတင်ရေးဆွဲပါတယ်။

ဥပဒေရေးဆွဲခြင်းကို ၁၉၇၈ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး အဲဒီခေတ်က ပါတီ၊ ကောင်စီ၊ လူထုလူတန်းစား အဖွဲ့အစည်းများနဲ့ နယ်စပ်ဒေသမှာရှိတဲ့ ပြည်သူလူထုနှင့် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုများကို ကွင်းဆင်းထိတွေ့ပြီး လူတန်းစားစုံရဲ့ အကြံပြုချက်များကို ရယူထည့်သွင်း စဉ်းစားပြီး (၆)နှစ်ခန့် အချိန်ယူရေးဆွဲခဲ့ကြောင်း ထိုစဉ်က မှတ်တမ်းများမှာ ဖော်ပြထားရှိပါတယ်။ ဒီဥပဒေကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကို တင်ပြအတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းက အဓိကထားစဉ်းစားခဲ့တယ်ဆိုတဲ့အချက်မှာ နယ်ချဲ့စနစ်ကြောင့် ဖြစ်ခဲ့ရတဲ့ နိုင်ငံတွင်းမှာရှိတဲ့ နိုင်ငံသား၊ နိုင်ငံခြားသား တစ်နည်းအားဖြင့် ဧည့်သည်ဖြစ်သော ဧည့်နိုင်ငံသား၊ ၎င်းတို့နှင့် ပေါင်းပြီး ရလာတဲ့

သွေးနှောများရဲ့ ပြဿနာ၊ အဲဒီကိစ္စကို ကိုင်တွယ်ဖြေရှင်းဖို့ ဖြစ်လာတဲ့ ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ(၂)ခု၊ အဲဒီဥပဒေများရဲ့ အားနည်းချက်၊ ဒါကြောင့် ဆက်လက်တည်ရှိနေဦးမယ့် သွေးနှောပြဿနာ၊ အဲဒါတွေကို ဖြေရှင်းမယ့်နည်းလမ်း၊ သွေးသားဆက်စပ်မှုအပေါ်မှာ မူတည်စဉ်းစားတဲ့ နိုင်ငံသားဖြစ်ရေး၊ အဆုံးအဖြတ် စတာတွေကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် စဉ်းစားခဲ့ကြကြောင်း တင်ပြလိုတဲ့အတွက်ကြောင့် လေ့လာတွေ့ရှိချက်ကို တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် အထက်က တင်ပြသလို အချိန်ယူစဉ်းစားပြီး ပေါ်လာတဲ့ လက်ရှိ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေမှာ စောစောက တင်ပြသွားကြသလိုပဲ အခန်း(၁၀)ခန်း၊ ပုဒ်မ(၇၆)ခု ပါဝင်ပြီး နိုင်ငံသား တွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဆိုပြီး အမျိုးအစား ခွဲခြားထားပါတယ်။ ဒီဥပဒေဟာ နိုင်ငံသားအဖြစ် သတ်မှတ်ရေး ဆိုတဲ့အပိုင်းမှာ ဥပဒေပါ ပြဋ္ဌာန်းချက်တွေအပေါ်မှာပဲ အခြေခံဆုံးဖြတ်ပြီးတော့ လူမျိုး၊ ဘာသာအပေါ်မှာ အခြေခံဆုံးဖြတ်လေ့မရှိကြောင်း တင်ပြလိုပါတယ်။ နိုင်ငံသားဆိုရာမှာလည်း မွေးရာပါ နိုင်ငံသားနဲ့ ဥပဒေအရ နိုင်ငံသားဆိုပြီး (၂)မျိုး ရှိပါတယ်။ မွေးရာပါ နိုင်ငံသားဆိုတာကတော့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၃ အရ နိုင်ငံတော်မှာ ပါဝင်တဲ့ နယ်မြေတစ်ခုခုမှာ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကစပြီးတော့ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားများနဲ့ မျိုးနွယ်စုတွေဟာ မြန်မာနိုင်ငံသား ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီ ဥပဒေရဲ့ ပုဒ်မ ၅ မှာတော့ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါ နိုင်ငံသားများ ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးပင်ဖြစ်စေကာမူ နိုင်ငံတော်မှာ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခြင်း မရှိဘဲ အခြားနိုင်ငံများမှာ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်သူများသည် တိုင်းရင်းသားများ မဟုတ်ကြသလို ၁၈၂၄ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အတွင်းကို ဝင်ရောက်နေထိုင်အခြေချတဲ့ အမည်တူမျိုးနွယ်စုများသည်လည်း တိုင်းရင်းသားများ မဟုတ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ မွေးရာပါနိုင်ငံသားသည်

မွေးရာပါနိုင်ငံသားလည်း မဟုတ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ အခြားနိုင်ငံသားအဖြစ် ခံယူထားတဲ့ တိုင်းရင်းသားများသည်လည်းကောင်း၊ ထိုကဲ့သို့သော တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများသည်လည်းကောင်း မြန်မာနိုင်ငံသား မဟုတ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အင်မတန်မှတိကျတဲ့သဘောကို သိစေလိုသဖြင့် ဖော်ပြရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ဥပဒေအရ နိုင်ငံသားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာတော့ မွေးရာပါ နိုင်ငံသား မဟုတ်ကြသော်လည်းပဲ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရသော်လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်(ရွေးချယ်ရေး) အက်ဥပဒေအရသော်လည်းကောင်း ရွေးချယ်လျှောက်ထားမှုကြောင့် မြန်မာနိုင်ငံသားဥပဒေ တည်တဲ့ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ နိုင်ငံသားဖြစ်လာသူများဟာ မွေးရာပါ နိုင်ငံသား မဟုတ်သော်လည်း ဥပဒေအရ နိုင်ငံသား ဖြစ်လာကြသူများဖြစ်ကြောင်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၆ မှာ ပြဋ္ဌာန်းထားပါတယ်။

သို့ရာတွင် ထိုသူတွေဟာ မွေးရာပါ နိုင်ငံသားနှင့် မတူဘဲနဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နဲ့ ငြိစွန်းတယ်ဆိုရင်တော့ ယင်းဥပဒေအရ အရေးယူခြင်းခံရမည်လို့ ထပ်မံပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသား တိုင်းရင်းသားတွေနဲ့ ရုပ်ရည်သွင်ပြင်မတူတဲ့ သွေးနှောကပြား တစ်ဦးဦးက နိုင်ငံသားစိစစ်ရေး လက်မှတ် ကိုင်ထားတယ်ဆိုရင် ဒါဟာ ဥပဒေအရ ဖြစ်လာနိုင်တဲ့ နိုင်ငံသားတွေလည်း ဖြစ်နိုင်တယ် ဆိုတဲ့အချက်ကို သတိပြုမိအောင် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာ နိုင်ငံသား ဥပဒေအရ ယခင် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသား အဖြစ် လျှောက်ထားခဲ့ပြီးတော့ ခွင့်ပြုဖို့ ကျန်နေတဲ့သူတွေ၊ ဧည့်နိုင်ငံသားဖြစ်တဲ့ မိဘနှစ်ပါးက မွေးဖွားတဲ့ သူတွေဟာ ကျွန်တော်တို့ ဥပဒေအရ ဧည့်နိုင်ငံသားများအဖြစ် သတ်မှတ်ပါတယ်။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီ နိုင်ငံတော်အတွင်းမှာ ရောက်ရှိနေထိုင်သူများနဲ့ သူတို့ကနေပြီးတော့ နိုင်ငံတော်အတွင်း မွေးဖွားတဲ့သူတွေ၊ ဥပဒေအာဏာ တည်တဲ့နေ့ကနေ စပြီးတော့ နိုင်ငံတော်အတွင်းမှာပဲဖြစ်ဖြစ်၊ နိုင်ငံတော်ပြင်ပမှာပဲဖြစ်ဖြစ် နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးက မွေးဖွားတဲ့သူတွေ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးက မွေးဖွားတဲ့သူတွေ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသား

မိဘနှစ်ပါးက မွေးဖွားတဲ့သူတွေ၊ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးက မွေးဖွားတဲ့သူတွေ၊ နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသားမိဘနှစ်ပါးက မွေးဖွားတဲ့သူတွေဟာ ကျွန်တော်တို့ နိုင်ငံသားပြုခွင့်ရဖို့ လျှောက်ထားနိုင်ပါတယ်။ နိုင်ငံသား ဒါမှမဟုတ် ဧည့်နိုင်ငံသား ဒါမှမဟုတ် နိုင်ငံသားပြုခွင့်ရသူနှင့် အိမ်ထောင်ကျတဲ့ ဤဥပဒေအာဏာတည်တဲ့ နေ့မတိုင်မီက နိုင်ငံခြားသားလက်မှတ်ကိုင်ဆောင်ထားတဲ့ သူတွေဟာလည်း နိုင်ငံသားပြုခွင့်ရဖို့ လျှောက်ထားဖို့ ဤဥပဒေမှာ ပြဋ္ဌာန်းပါတယ်။

ဒါကြောင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေမှာ သွေးနှောတွေအတွက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ဆုံးဖြတ်ခြင်းကို အဖွဲ့ဝင်(၅)ဦးပါတဲ့ ဗဟိုအဖွဲ့က ဆောင်ရွက်ပါတယ်။ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားသူ တွေကို မြို့နယ်အဆင့်ကစပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူစိစစ်ရေးဘုတ်အဖွဲ့ ဆိုပြီးတော့ ဌာနစုံက အဖွဲ့စုံနဲ့ စတင်စိစစ်ပါတယ်။ အဲဒီကတစ်ဆင့် တိုင်းနဲ့ပြည်နယ်ဒေသကြီးအဆင့်ကို တင်ပါတယ်။ အဲဒီမှာလည်း နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့် ရသူစိစစ်ရေး ဘုတ်အဖွဲ့ဆိုပြီးတော့ ဌာနစုံကပါတဲ့ အဖွဲ့စုံနဲ့ ထပ်ပြီးစစ်ပါတယ်။ အဲဒီကနေ တစ်ဆင့်ပြီးမှ ဗဟိုအဖွဲ့ကို တင်ပါတယ်။ စိစစ်ရတဲ့ အချက်တွေကလည်း များစွာရှိပါတယ်။ ဗဟိုအဖွဲ့က စနစ်တကျ စိစစ်ပြီးတော့ ရွေးချယ်မှုကို အစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူပါတယ်။

ဗဟိုအဖွဲ့မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများ ပါဝင်ပြီးတော့ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက အတွင်းရေးမှူးအဖြစ်ပါဝင် ဖွဲ့စည်းထားတာကြောင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စီရင်ဆုံးဖြတ်ရာမှာ နိုင်ငံတော်ရဲ့ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးအမြင်များအဖြစ် ဆုံးဖြတ်နိုင်သော အားသာချက်များ ရှိနေတယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ရှေးယခင်ကတော့ ဝန်ကြီးတစ်ဦးတည်းကိုသာ ဆုံးဖြတ်ခွင့် ပေးခဲ့တာဖြစ်လို့ ဘက်စုံထောင့်စုံက စဉ်းစားနိုင်အောင် အခုလို ပြင်ဆင်ဆောင်ရွက်ခဲ့တာ လည်းဖြစ်ပါတယ်။ ဒ့ါအပြင် ဒီဥပဒေ ပုဒ်မ ၇၀ မှာ ဗဟိုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မကျေနပ်ဘူးဆိုရင် အစိုးရအဖွဲ့ကို အယူခံဝင်ရောက်နိုင်ခွင့် ရှိပြီးတော့ အစိုးရအဖွဲ့အနေနဲ့ ဗဟို အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ထပ်ဆင့်စိစစ် ဆုံးဖြတ်နိုင်တယ်လို့ ခွင့်ပြုထားတဲ့အတွက်ကြောင့် တရားမျှတမှု၊ ပွင့်လင်းမှု၊

ပြောင်းလွယ်ပြင်လွယ် ရှိမှုတွေများလည်း ရှိနေတယ်လို့ဆိုနိုင်မှာဖြစ်ကြောင်း တင်ပြလိုခြင်း ဖြစ်ပါတယ်။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကိုကြည့်ရင် အားသာချက်အနေနဲ့ တွေ့နိုင်တဲ့ အချက်တွေကို ကျွန်တော် နည်းနည်းလေး ရှင်းပြလိုပါတယ်။ နံပါတ်(၁)အနေနဲ့ ၁၉၈၂ ခုနှစ် ဥပဒေပါအချက်တွေဟာ အများပြောနေကြတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းက သတ်မှတ်ထားတဲ့ လူ့အခွင့်အရေး၊ State less(နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေး)၊ အိမ်ထောင်ပြုမှုကြောင့် အမျိုးသမီးများ နိုင်ငံသားဖြစ်မှု မပြောင်းလဲရေး၊ ကလေးသူငယ်များ မွေးဖွားကြောင်း မှတ်ပုံတင်ခွင့်နှင့် နိုင်ငံသားဖြစ်ပိုင်ခွင့်ရှိရေး၊ နိုင်ငံသားအဖြစ် သတ်မှတ်ရာမှာ လူမျိုး၊ ကျား/မ၊ အသားအရောင်၊ ကိုးကွယ်မှုဘာသာ မခွဲခြားရေး စသည့် မူများနှင့်လည်း ကိုက်ညီအကျုံးဝင် လျက်ရှိကြောင်းနဲ့ နိုင်ငံအကျိုးကို ကျွန်တော်တို့မျှော်ကိုးပြီး ဆောင်ရွက်ထားတယ် ဆိုသော်လည်းပဲ တစ်ဖက်သတ်ဆောင်ရွက်ထားတာ မဟုတ်ဘူးဆိုတာ တစ်ချက်ချင်းစီကို ကျွန်တော် ဥပမာအဖြစ် ဆွဲနုတ်ပြသ၍ ရနိုင်ပါကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် နိုင်ငံသားပြုခွင့် လျှောက်ထားသူတွေဟာ အချက်အလက်ပြည့်စုံတယ်ဆိုရင် စောစောက ကျွန်တော်တင်ပြခဲ့သလို မြို့နယ်အဆင့်က စတင်လက်ခံမှာဖြစ်ကြောင်း အဲဒီကနေ တစ်ဆင့် အဆင့်ဆင့်လက်ခံ ရရှိပြီးတယ်ဆိုတဲ့အချိန်မှာ မူလက ရရှိထားတဲ့ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ပြီးမှသာ ဤဥပဒေအရ ခွင့်ပြုချက်ကိုလက်ခံယူ၍ အချိန်ပေးထားခြင်းစတဲ့ အချက်တွေကိုကြည့်ရင် ဒါ့အပြင် နိုင်ငံတော်မှာ ပါဝင်နေတဲ့ စစ်မက်ဖြစ်ပွားနေတဲ့ ကာလအတွင်းမှအပ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခွင့်ပြုခြင်းစတဲ့ လွတ်လပ်တဲ့အခွင့်အရေးများ ပေးထားခြင်းစတာတွေကြောင့် ဒါတွေဟာ အများပြောနေကြတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းမှာ အဆိုပြုချက်များနဲ့ ကိုက်ညီနေကြောင်း တစ်ချက်ချင်းစီကို တိုင်းတာတွေ့ရှိချက် ကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ သွေးနှောများကို သတ်မှတ်ချက်နဲ့ ကိုက်ညီတယ်ဆိုရင် ကျွန်တော် စောစောက တင်ပြသလို မြို့နယ်အဆင့်၊ တိုင်းနဲ့ပြည်နယ်အဆင့်၊ အဖွဲ့စုံက အဖွဲ့တွေနဲ့ စိစစ်မယ်။ တိုင်းတာမယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ ဗဟိုအဆင့်ကို တင်မယ်။ အဲဒီကိစ္စတွေ အားလုံးဟာ လူ့အခွင့်အရေး ကိစ္စ၊ နိုင်ငံမဲ့မဖြစ်ရေးကိစ္စတွေကို အလေးထားတဲ့ သဘောပဲ ဖြစ်ပါတယ်။ သတ်မှတ်ချက်နဲ့ ကိုက်ညီတယ်ဆိုရင် ပထမအဆင့် ဧည့်သည်အဖြစ် ကျွန်တော်တို့ သတ်မှတ်

လက်ခံပါတယ်။ တစ်ခါ နိုင်ငံတော်ကို ဆက်ပြီးတော့ သစ္စာစောင့် သိမယ်။ တည်ဆဲဥပဒေတွေကို လိုက်နာနေမယ်ဆိုရင် အဲဒီအပေါ်မှာ အခြေခံပြီးစဉ်းစားပြီးတော့ တတိယမျိုးဆက် မြေးများ လက်ထက် ရောက်တဲ့အခါကျမှ နိုင်ငံသားဖြစ်ခွင့်ရှိလာမှာ ဖြစ်ပါတယ်။

ဒီအချက်တွေဟာ နိုင်ငံသားဖြစ်လာရေးအတွက် ခေတ်နဲ့အညီ ကြိုတင်မျှော်မှန်းပြီး ရေးဆွဲထားတာဖြစ်ခဲ့ကြောင်း အားသာချက်အနေနဲ့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက် အနေနဲ့ကတော့ လက်ရှိဥပဒေဟာ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် တွေနဲ့ ညီညွတ်နေပြီးတော့မှ နိုင်ငံသားများဖြစ်ပြီးသော မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်မှသာ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ကိုလည်းကောင်း အထောက်အကူပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရ ပါတယ်။

တစ်ခါ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ဆုံးဖြတ်ခြင်းကို ဗဟိုအဖွဲ့ကို တာဝန်အပ်နှင်းထားသဖြင့် စိစစ်ဆုံးဖြတ်ရာမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ခြင်း ရှိပါတယ်။ ဗဟိုအဖွဲ့ရဲ့လုပ်ဆောင်ချက်အပေါ်မှာ အစိုးရအဖွဲ့က ကြီးကြပ်ကွပ်ကဲမှုပေးနိုင်တဲ့ အတွက်ကြောင့် လုပ်ငန်း သွက်လက်၊ မှန်ကန်၊ မြန်ဆန်ရေးကိုလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့နိုင်ပါတယ်။ နောက် အားသာချက်တစ်ခုအနေနဲ့ မြန်မာနိုင်ငံသား ဥပဒေမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူဆိုပြီး (၃)မျိုးခွဲခြားထားပြီးတော့ တာဝန်နှင့် အခွင့်အရေး များကို ခွဲခြားသတ်မှတ် ပေးထားတဲ့ အခြေအနေကောင်းများလည်းရှိကြောင်း စိစစ်တွေ့ရှိရ ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီနေရာမှာ ကျွန်တော် အဓိကထား ပြောချင်တဲ့အချက်က ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ အတည်ပြု ရေးဆွဲခဲ့ စဉ်က လူ့အခွင့်အရေးတို့၊ အမျိုးသမီးအခွင့်အရေးတို့၊ ကလေးသူငယ်အခွင့်အရေးတို့ ဆိုတဲ့ အသုံးအနှုန်းတွေဟာ ကျွန်တော်တို့ဆီမှာ အဲဒီခေတ်ကာလတုန်းက ခေတ်စားဦးမယ် မဟုတ်သေး ပေမယ့် အဲဒီအချက်တွေနဲ့ အကျုံးဝင်အောင် ကြိုတင်စဉ်းစားဆောင်ရွက်ခဲ့သလိုမျိုး တွေ့နေရ

တယ်လို့ ကျွန်တော်တို့ စိစစ်ချက်တွေအရ ထောက်ခံတင်ပြဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ထပ်မံတင်ပြလိုတဲ့ အချက်က ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကလည်း စောစောက ကိုယ်စားလှယ်ကြီးများ အကြံပြု ပြောကြားသွားကြသလို အစိုးရအဖွဲ့သစ် စတင်တာဝန်ယူချိန်ကနေစပြီးတော့ ခေတ်နဲ့ညီတဲ့ ဥပဒေများအဖြစ် ပြင်ဆင်နိုင်ဖို့ ဥပဒေများကို တစ်ခုပြီးတစ်ခု ကြိုးပမ်းပြင်ဆင်ဆောင်ရွက်လျက် ရှိပါတယ်။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနဲ့ ပတ်သက်လို့လည်း လောလောဆယ်မှာ အချို့သော စာသားတွေ ဝေါဟာရ အသုံးအနှုန်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေပါ စာသားအချို့နှင့် ဒဏ်ကြေး ငွေကြေးသတ်မှတ်မှုများဟာ ခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့ အတွက်ကြောင့် ပြင်ဆင်နိုင်ဖို့အတွက်လည်း စောစီးစွာကပင် စီစဉ်ဆောင်ရွက်လျက် ရှိနေပါကြောင်း တင်ပြလိုပါတယ်။ အဆိုရှင် ကိုယ်စားလှယ်တော်ကြီး အဆိုပြုခဲ့တဲ့အချက်များမှာ အိမ်နီးနားချင်းနိုင်ငံများ၊ ဒေသအတွင်းမှာရှိတဲ့ နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း အသီးသီးတို့မှ မိမိတိုင်းပြည်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်တော့မှာဖြစ်လို့ ပြည်ပနိုင်ငံ အတော်များများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ရှိလာနိုင်မှာဖြစ်တဲ့အတွက် ခေတ်နဲ့ လျော်ညီတဲ့ မြန်မာနိုင်ငံသား ဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ပါတယ်ဆိုတဲ့ အချက်တစ်ချက်ကိုလည်း ထည့်သွင်းအတည်ပြုပြောကြားခဲ့ကြောင်း ကျွန်တော်သတိပြုမိပါတယ်။ ဒီနေရာမှာ တစ်ခု တင်ပြလိုတဲ့ အချက်ကတော့ နိုင်ငံတော်ရဲ့ ပြောင်းလဲလာတဲ့ စီးပွားရေးအခွင့်အလမ်းတွေအရ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူတွေ၊ ဆက်ဆံလိုသူတိုင်းအတွက် မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုဖို့ ထည့်သွင်းစဉ်းစားပေးရန် မလိုအပ်ဟု ယူဆပါတယ်။

ဒီလိုပုဂ္ဂိုလ်တွေအတွက် နိုင်ငံအတွင်းသို့ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်အောင် ပြည်ဝင်ခွင့်စနစ်ကြီး တစ်ခုလုံးအတွက် ကျွန်တော်တို့ ဌာနကနေ Visa Policy in Myanmar ဆိုပြီးတော့ ခေါင်းစဉ်တပ်ပြီး ဖြေလျော့မှုတွေနဲ့ လွယ်ကူအောင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီစနစ်မှာ ပထမအဆင့်အဖြစ် Business Visa ကိုင်ဆောင်ထားသူ နိုင်ငံပေါင်း (၂၇)နိုင်ငံက ရင်းနှီးမြှုပ်နှံလိုသူ စီးပွားရေးသမားတွေကို ပြည်ပမှာရှိတဲ့ သံရုံးတွေကို သွားဖို့မလိုဘဲနဲ့ လွယ်ကူအောင် ရန်ကုန်၊ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ Visa on Arrival ထုတ်ပေးတဲ့ စနစ်ကို အခုနှစ် ဇွန်လ (၁)ရက်နေ့ကနေစပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ယခင်ကထက်

ခရီးသည် (၁၀)ဆခန့် ပိုမိုဝင်ရောက်လျက်ရှိပါတယ်။ နိုင်ငံတကာရဲ့ တောင်းဆိုချက်အရ နောက်ထပ် (၂၂)နိုင်ငံကိုလည်း အလားတူ ခွင့်ပြုပေးဖို့ စီမံထားပြီး ဖြစ်ပါတယ်။ Passport Visa စစ်ဆေးခြင်းဆိုင်ရာ စက်ကိရိယာများ ဒါတွေကို နိုင်ငံတော် ဘဏ္ဍာငွေ ခွင့်ပြုချက်အပေါ် မူတည်ပြီးတော့ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ထပ်မံတိုးချဲ့ တပ်ဆင်နေပြီဖြစ်တဲ့ အတွက်ကြောင့် မကြာခင် Visa on Arrival စနစ်ကို မန္တလေး လေဆိပ်မှာ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ စစ်ဆေးရေးဆိုင်ရာ စက်ကိရိယာတွေ တပ်ဆင်ပြီးရင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှာလည်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒုတိယအဆင့်အဖြစ် Tourist Visa အပါအဝင် Visa အမျိုးအစား အချို့ကို E-Visa အဖြစ်ပြောင်းလဲနိုင်ဖို့အတွက် စတင်ဆောင်ရွက်နေပြီဖြစ်လို့ အစုလိုက် အပြုံလိုက် လျင်မြန်စွာ ဝင်ထွက်နိုင်အောင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအပေါ်မှာ ငွေပေး ငွေယူကိစ္စတွေအတွက် ကျန်နေသေးတဲ့ Sanction အချို့ ဖြုတ်လိုက်တာနဲ့ အဲဒီကိစ္စဟာ စတင်ပြီးတော့ လည်ပတ်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ဒါတွေဟာ နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံလိုသူ၊ ဆက်ဆံနိုင် သူတွေ လွယ်ကူနိုင်အောင် ကျွန်တော်တို့ အပိုင်းနဲ့ဆိုင်တဲ့ ကိစ္စတစ်ခုတည်းရဲ့ ဆောင်ရွက်ချက် ကိုသာ တင်ပြခြင်းဖြစ်ပါတယ်။

ဒါ့အပြင် စနစ်သစ်တစ်ခုအနေနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ဖို့ မလိုဘဲ မြန်မာနိုင်ငံအတွင်းကို နှစ်ရှည်လများ လာရောက်နေထိုင် စီးပွားရေးလုပ်ကိုင်လိုတဲ့ ပြည်ပမှာရှိတဲ့ လူတွေအတွက်လည်း အမြဲတမ်းနေထိုင်ခွင့်စနစ် (Permanence Resident System)ကို မကြာမီ အကောင်အထည်ဖော်နိုင်ရေးအတွက် အဖွဲ့ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အားလုံးသိပြီးဖြစ်နေတယ်လို့လည်း ယူဆပါတယ်။ ဤစနစ်များကြောင့် ပွင့်လင်းလာတဲ့ အခြေအနေများအပေါ်မှာ နိုင်ငံတကာဆက်ဆံမှုနဲ့ လာရောက်စီးပွားရေး လုပ်ကိုင်လိုသူတွေအတွက် နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ စနစ်များအတိုင်းပဲ ပြည်တွင်းမှာ နေထိုင်နိုင်တဲ့ အခွင့်အရေးတွေကို ဖော်ဆောင်ဖန်တီးပေးထားပြီး ဖြစ်တဲ့အတွက်ကြောင့် အဆိုရှင်ကြီး တင်ပြတဲ့ အချက်အပေါ် မူတည်ပြီး ထပ်မံပြီးခွင့်ပြုပေးရန် မလိုကြောင်း ဆောင်ရွက်ပြီးစီးမှုကို သိသာနိုင်ရန် အလျဉ်းသင့်သဖြင့် ပြောကြားရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားအဖြစ် ဆောင်ရွက်ပေးခြင်းဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်လို့ ပညာရှင်များက ထောက်ပြထားကြပါတယ်။ ဒီအချက်ဟာ စဉ်းစားကြည့်ရင်၊ တွေးကြည့်ရင်၊ စဉ်းစားသလောက်၊ တွေးသလောက် အဓိပ္ပာယ်များစွာ ကျယ်ဝန်းလှပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံ (၅)နိုင်ငံနှင့် နယ်နိမိတ် ဆက်စပ်တည်ရှိနေတဲ့အတွက် ဒီပထဝီဝင် အနေအထားအရ နိုင်ငံတော် လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို စဥ်ဆက်မပြတ် အလေးထားစဉ်းစားခဲ့သည်သာ ဖြစ်ပါသည်။ ဒါဟာ လိုအပ်ချက်ဖြစ်ပါတယ်။

မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မည်လို့ ဆိုရိုးစကားလည်း ရှိပါသည်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုခဲ့တဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေကို ပယ်ဖျက်ရန်နှင့် ဥပဒေအသစ် ရေးဆွဲသင့်ကြောင်း အဆိုနှင့် ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေရဲ့ မည်သည့် အခန်း၊ မည်သည့် ပုဒ်မများ အားနည်းနေတဲ့အတွက်ကြောင့် ပြင်ဆင်ရန်လိုအပ်ကြောင်း တိကျစွာအတည်ပြု ထောက်ပြပေးသင့်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေတစ်ရပ်လုံး ပြင်ဆင်မယ်ဆိုလို့ရှိရင်တော့ အစဥ်အလာနဲ့အညီ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီး နိုင်ငံတော် အကျိုးငှာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ တင်ပြချက်များဟာ တည်ဆဲ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအပေါ်မှာ ပြင်ဆင်လိုခြင်း၊ မပြင်ဆင်လိုခြင်း စတဲ့ အချက်များအပေါ်မှာ အခြေခံပြီး ဆန္ဒစွဲဖြင့် တင်ပြခြင်းမဟုတ်ပါ။ မိမိတို့ဌာနက တာဝန်ယူ ဆောင်ရွက်နေတဲ့ ဥပဒေတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် ဥပဒေရဲ့ လေးနက်မှုနဲ့ ရှေ့ကြောင်း၊ နောက်ကြောင်းကို ဆက်စပ်သိသာနိုင်ရန် အနှစ်ချုပ်တင်ပြရခြင်းသာ ဖြစ်ပါတယ်။

ပြည်သူအများရဲ့ သဘောတူညီချက်နဲ့ အဆင့်ဆင့် စနစ်တကျ အချိန်ယူစိစစ်ပြီးတော့ ဆောင်ရွက်သင့်ပြီဆိုပြီး ဥပဒေတစ်ရပ်အဖြစ် ပေါ်ပေါက်လာပါပြီ ဆိုရင်တော့ ကျွန်တော်တို့ဟာ ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်းကြောင့် ဤဥပဒေကို လိုက်နာအကောင်အထည်ဖော်ပေးရတော့မယ့် တာဝန်ရှိနေမှာ ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် ဥပဒေပါ အချက်များ ဥပဒေတစ်ရပ်လုံးကို ပယ်ဖျက်ရေးအဆိုနဲ့ ပတ်သက်ပြီးတော့ အခြေအနေ၊ အချိန်အခါအရ ဒီကိစ္စဟာ အချိန်ယူစဉ်းစားသင့်တဲ့ ကိစ္စတစ်ရပ်သာဖြစ်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံ

စဉ်းစားသင့်တဲ့ ကိစ္စတစ်ရပ်ဖြစ်ကြောင်း ထင်မြင်ယူဆမိပါတယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၄း၁၅။**

**ဥက္ကဋ္ဌ** ။ ။ မူလအဆိုရှင် ဦးတင်မြ ကသဘောထားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၄း၁၅။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကနဦး နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ရဲ့ သဘောဆန္ဒကို ဥက္ကဋ္ဌကြီးထံ မတင်ပြခင် ကျွန်တော် တင်သွင်းခဲ့တဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရဲ့ ရည်ရွယ်ချက်နဲ့ စေတနာ ဆန္ဒကို (၂)မိနစ်၊ (၃)မိနစ်လောက် အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ဒီနေ့ ကျွန်တော် တင်သွင်းခဲ့တဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့် ရည်ရွယ်ချက်က ကျွန်တော် ရှိပြီးသား ၁၉၈၂ ခုနှစ် ကျွန်တော်တို့ မြန်မာနိုင်ငံသား ဥပဒေကို သေချာအသေးစိတ် လေ့လာလိုက်တဲ့ အခါမှာ အားနည်းချက်ကလေးတွေကတော့ ပြင်ဆင်စရာတွေကအစ တွေ့နေပြီဆိုတဲ့ သဘောကို ကျွန်တော် သွားပြီးတော့မှ လေ့လာမိပါတယ်။

အဲတော့ဒီလို လေ့လာမိတဲ့ အခါမှာ ကျွန်တော်က ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့မှ ပိုမိုပြီးတော့မှ ခိုင်မာသွားစေချင်တဲ့ ရည်ရွယ်ချက်ပါ။ အဲတော့ အခန်း(၈)ခန်း၊ ပုဒ်မ(၇၆)ခုမှာ အခိုင်အမာရှိပြီးသား ပုဒ်မတွေကို ဆက်လက်ခိုင်မာစွာ လက်ကိုင်ထားပြီးတော့ အားနည်း သယောင်ရှိနေတဲ့ ပုဒ်မတွေ ပြန်လည် ပြင်ဆင်သင့်ရင် ပြင်ဆင် ဒီလို သဘောမျိုးကို ရည်ရွယ် ပြီးတော့မှ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝစေတနာနဲ့ ကျွန်တော် အဆိုတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အဲတော့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့မှ ကိုယ်စားလှယ်တော်များရော၊ ပြည်ထောင်စု အဆင့် ဝန်ကြီးရော၊ လာရောက်စိတ်ဝင်တစား ဆွေးနွေးကြတဲ့အခါကျတော့ အင်မတန်လည်း ကျွန်တော် ဝမ်းသာကြိုဆိုပါတယ်။ ဒီနေရာလေးမှာ ကျွန်တော် အချိန်ကို ငဲ့သောအားဖြင့် ရည်ရွယ်ချက်နဲ့ စေတနာကို ရှင်းပြလိုတာကတော့ ရှိပြီးသား ဥပဒေကို ကျွန်တော်တို့က

ပိုမိုခိုင်မာအောင် အရင်း မရှုံးအောင်၊ ကျစ်လစ်ခိုင်မာအောင် အသစ်ရေးဆွဲပြီးတော့ ဒီလို အသစ်ရေးဆွဲပေးလိုက်ပြီဆိုရင် ရှိပြီးတဲ့ ဥပဒေကို လွှမ်းမိုးပယ်ဖျက်ရတော့မှာ ဖြစ်ပါတယ်။

အဲဒီလို အခိုင်အမာရေးဆွဲ ပြီးပြီဆိုရင်တော့ ရှိပြီးသား ၈၂ ခုနှစ်၊ ဥပဒေကို ပြန်လည် ကျွန်တော်တို့က ပယ်ဖျက်သင့်တယ်ဆိုတဲ့ အဆိုကို တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က နိုင်ငံသားလို့ဆိုရာမှာ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ ဆိုရင်တော့ ဖခင်ကို ဖြစ်စေ၊ မိခင်ကိုဖြစ်စေ၊ ဒေသကိုဖြစ်စေ အခြေခံပြီးတော့မှ သတ်မှတ်ကြတာ ဖြစ်ပါတယ်။ အနည်းငယ် အချိန်ကိုငဲ့သောအားဖြင့် ထောက်ပြရမယ်ဆိုလို့ရှိရင် ပုဒ်မ ၇ ရဲ့ ကျွန်တော်တို့ ပုဒ်မခွဲ(ဃ)တို့၊ (င)တို့၊ (စ)တို့မှာ ဆွေစဉ်မျိုးဆက် ဆက်စပ်ထားတဲ့ဟာ အတော် အားနည်း နေတယ်။ ကျွန်တော်တို့ တော်တော် ကျွန်တော်တို့ဘက်က အရှုံးပေါ်နေတယ်လို့ ကျွန်တော် မြင်မိတဲ့သဘော ရှိပါတယ်။ အလားတူ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)ကနေ(င)အထိ နိုင်ငံသား ပြုခွင့်ရသူဆိုတဲ့ အပိုင်းမှာလည်း ကျွန်တော်တို့က တော်တော်အရှုံးပေးနေရတယ်ဆိုတဲ့ အမြင် မျိုးကိုသွားတွေးမိပါတယ်။

အဲဒီအခါကျတော့ ဒါကို ခိုင်မာစေချင်တယ်။ ဒါမှ ကျွန်တော်တို့က ဒီပုဒ်မလေးဟာ အတော်ကို နိုင်ငံသားဖြစ်ခွင့်၊ ဧည့်နိုင်ငံသားဖြစ်ခွင့် နိုင်ငံသားပြုခွင့် ဆိုတဲ့ အခွင့်အရေးကို အင်မတန် သွားပြီးတော့မှ အခွင့်အရေး အားသာစေပါတယ်။ ဒီဟာတွေကို ကျွန်တော်တို့ အသေးစိတ် ကြည့်ပြီးတော့ အမျိုးသားရေးစိတ်ဓာတ်အမြင်နဲ့ ကျွန်တော် တင်ခဲ့ခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်ခုနကပြောတဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ နိုင်ငံ တကာနဲ့ ဆက်သွယ်တော့မယ်၊ အရှေ့တောင်အာရှကအစ နိုင်ငံတကာတွေနဲ့ ဝင်/ထွက် သွားလာတော့မယ် ဆိုလို့ရှိရင် ကျွန်တော် ရည်ရွယ်ချက်က နိုင်ငံခြားသားတွေ အဝင်/ထွက် များလာလို့ရှိရင် အမျိုးဂုဏ်၊ ဇာတိဂုဏ် ကျွန်တော်တို့ တိုင်းရင်းသူ/တိုင်းရင်းသားတွေနဲ့ အထူးသဖြင့် အမျိုးသမီးတွေနဲ့ အိမ်ထောင်ဖက်တွေဖြစ်ပြီးတော့ ခုနက သွေးစပ်/သွေးနှောတွေ ရှိလာတော့မယ်ဆိုတဲ့ အဲဒီ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားပြီးတော့မှ တင်ပြခြင်း ဖြစ်ပါ တယ်။ ဒီလို ရောက်ရှိလာမယ့် စီးပွားရေးလုပ်ငန်းရှင်တွေ ကူးလူးဆက်ဆံမှုတွေကို ကျွန်တော်တို့က နိုင်ငံသားပြုခွင့် ပေးလိုက်မယ်၊ အနေကြာလို့ သူတို့ကို သတ်မှတ်ပေးလိုက်မယ်ဆိုရင် ဒီရည်ရွယ်ချက်ဘက်ကို ကျွန်တော် မရည်ရွယ်ပါဘူး။

အမျိုးသမီးတွေက အမျိုးဂုဏ်၊ ဇာတိဂုဏ် မစောင့်ရှောက်ခဲ့ရင်၊ သွေးနှောခဲ့လို့ရှိရင် အဲဒီပုဒ်မတွေနဲ့ အပေါ်မှာ အားနည်းမလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်ထည့်သွင်း တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးသူအားလုံးကို ကျွန်တော် အထူးလေးစားပါတယ်။ ဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်ကို အထူးမှတ်သား နာယူပါတယ်။ အဲဒီတော့ ဒီနေရာမှာ အလေးထားတာကတော့ အမှတ်စဉ်(၄)မှာ ဆွေးနွေးသွားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်က ဦးကျော်ကျော် အဲဒီတော့ ဆွေးနွေးတဲ့နေရာမှာ တော်တော်အလေးထားပါတယ်။ ဒီလိုကိစ္စ ဆောင်ရွက်မယ်ဆိုရင် ဖိအား မျိုးစုံ ဒီနေ့ ဒီကာလအခြေအနေမှာ ဖိအားမျိုးစုံ သက်ရောက်လာမလားဆိုတာ အဲဒါ အင်မတန် တန်ဖိုးရှိပါတယ်။ ဒါကြောင့်မို့လို ဒီလိုနေအထားမျိုးတွေ စုပေါင်းပြီး ပြန်လည် သုံးသပ်ခြင်းအားဖြင့် ကျွန်တော့်အနေနဲ့ ကျွန်တော် တင်သွင်းခဲ့တဲ့ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားသင့်ပါကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၄း၂၁။**

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်း ဥပဒေတစ်ခုကို အသစ်ပြန်လည်ရေးဆွဲ သင့်/မသင့် ဆိုတာက ဒီဥပဒေ ရှိပြီးသား ဥပဒေဟောင်းရဲ့ ရည်ရွယ်ချက်နဲ့ ခိုင်မာတဲ့ အချက်တွေကို ရာခိုင်နှုန်း ဘယ်လောက်အထိ ပြင်ဖို့လိုသလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ ရာခိုင်နှုန်း အများကြီး လိုတယ်ဆိုရင် အသစ်ရေးဆွဲပြီးတော့ မူလဥပဒေအဟောင်းကို လွှမ်းမိုးပယ်ဖျက်ရမှာ ဖြစ်ပါတယ်။ ပြင်ရမယ့် ရာခိုင်နှုန်းက နည်းတယ်ဆိုရင်တော့ အသစ်ရေးဆွဲပြီး ပယ်ဖျက်စရာ မလိုဘဲနဲ့ ပြင်ဆင်လို့ ရပါတယ်။ ဒါကြောင့်မို့လို့ မူလအဆိုရှင်ရဲ့ ဆန္ဒအရ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားကြောင်း ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ အစည်းအဝေးကို မိနစ်(၃၀) ခေတ္တရပ်နားပါမယ်။

**အချိန်။ ၁၄း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၂၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၄း၅၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်။ ၁၄း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်။ ၁၄း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် က နိုင်ငံတော် အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသား မျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန်နဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးစောထွန်းမြအောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၄း၅၆။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီနဲ့ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတို့ ပူးပေါင်းပြီး ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများပါဝင်သော အဖွဲ့နှင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရေး အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အဲဒီ အဆိုမတင်သွင်းခင်မှာ အဆိုတင်သွင်းရတဲ့ အကြောင်းအရာလေးကို အနည်းငယ် ရှင်းပြလိုပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေးကြားမှာ လွှတ်တော်ရပ်နားစဉ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနဲ့ ပူးပေါင်းပြီး တိုင်းရင်းသား ရေးရာကိစ္စရပ်များ မြှင့်တင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ မေလ နောက်ဆုံးပတ်နှင့် ဇွန်လ ဒုတိယပတ်အထိကို ကျွန်တော်တို့ တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ်(၇)ခုတို့မှာ ကွင်းဆင်းလေ့လာခဲ့ပါတယ်။

အဆိုပါ ကွင်းဆင်းလေ့လာရေးခရီးစဉ် ရောက်သည့်အခါတိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ တရားသူကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နဲ့ တိုင်းရင်းသား အဖွဲ့အစည်းများမှ မြို့မိမြို့ဖများနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီတွေ့ဆုံ ဆွေးနွေးခဲ့တဲ့ အပေါ်မှာ မူတည်ပြီးတော့ ဒေသခံ တိုင်းရင်းသားများက ဒီအချက်နဲ့ ပတ်သက်ပြီးတော့ တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများ၏ တင်ပြချက်အပေါ် အခြေခံပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ ဥက္ကဋ္ဌများ၏ တာဝန်ပေးချက်အရ ပြည်သူတို့၏ကိုယ်စား

ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ နောင်အခါ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသွင်းဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေး အတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သော အဖွဲ့နှင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်ဖွဲ့စည်းမှု ဆောင်ရွက်ပေးရန် အဆိုအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၄း၅၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်။ ၁၄း၅၉။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးစောထွန်းမြအောင် ကနေ တင်သွင်းသွားတဲ့ အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဖေသောင်း မှ ထောက်ခံပါတယ်ခင်ဗျား။

**အချိန်။ ၁၄း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစောထွန်းမြအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စု များ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်း သားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစောထွန်းမြအောင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၅း၀၀။**

**ဥက္ကဋ္ဌ။** ။ ဦးစောထွန်းမြအောင် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်း ကူညီပံ့ပိုးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်။ ၁၅း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုန်းခင်းပေါင် က အခြေခံပညာ ဆရာ/ဆရာမ များ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန်နဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးနိုန်းခင်းပေါင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၅း၀၁။**

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်

အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အခြေခံပညာဆရာ၊ ဆရာမများ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ ဖြည့်ဆည်းပေးခြင်းအဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ယင်း အဆိုကို မဆွေးနွေးခင်မှာ ၂၀၀၇ ခုနှစ်၊ မကွေးပညာရေးကောလိပ်မှာ မူလတန်း၊ အလယ်တန်းပြ ဆရာ၊ ဆရာမများ ဘာသာရပ်သင်တန်းမှာ ကျွန်တော်တို့ တက္ကသိုလ်အသီးသီးကနေ ပါမောက္ခချုပ် ကြီးများ နောက်ပြီးတော့ အခြေခံပညာဦးစီးဌာနကနေ ညွှန်ကြားရေးမှူးချုပ်တွေကနေ ကျွန်တော်တို့ ပူးပေါင်းပြီးတော့ ပညာရှင်တချို့နဲ့ ဒီဆွေးနွေးပွဲ၊ ဟောပြောမှု အစီအစဉ်လေးတွေ လုပ်သွားပါတယ်။ ဒီအစီအစဉ်တွေထဲကနေ ကျွန်တော်တို့ ပညာရေးအငြိမ်းစား၊ ပညာရေးအကြံပေးပုဂ္ဂိုလ်၊ ဒေါက်တာဦးစီထန်ဇသွင်း ရဲ့ အဆိုလေးကို ကျွန်တော် အချက်အလက်တွေ စုစည်းပြီးတော့ အဆို တစ်ရပ်အနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အခြေခံပညာသင်ယူခွင့်နဲ့ အရည်အသွေး မြင့်မားလာစေရန် ကလေးပျော်ကျောင်းများ တိုးချဲ့ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာများ လုပ်ငန်းစီမံချက်၊ အစီအမံဖြင့် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ရည်မှန်းချက်နယ်ပယ်မှာ မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့်တို့ သင်ကြားပို့ချတဲ့ ယေဘုယျ ရည်ရွယ်ချက်များ ပေါက်မြောက်ရန်အတွက် ကလေးဗဟိုပြု ချဉ်းကပ်နည်း သင်ကြားနည်း စနစ်ကို ထိရောက်စွာ အသုံးပြုနိုင်ခြင်းဖြင့် ပြဿနာဖြေရှင်းနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှုကို ဦးတည်သည့် စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ် တိုင်းတာမှုစနစ်ကို မှန်ကန်စွာ ကျင့်သုံးလာ နိုင်မည် ဖြစ်ပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံပညာရေးအဆင့်အတန်းနဲ့ ပညာရေးတိုးတက် မြင့်မားလာစေရန် ဆရာ၊ ဆရာမများ၏ အရည်အချင်း၊ အရည်အသွေး ခံယူချက်၊ လုပ်ဆောင်ချက် မြင့်တက်ရန်တို့ကို ဦးတည်ထားခြင်း ဖြစ်ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်း၌ ဆရာဟူသမျှကို အစဉ်လေးစား ကြည်ညိုရိုသေကြပါတယ်။ ဆရာသခင် ကျေးဇူးရှင်၊ ဘုရား၊ တရား၊ သံဃာ ဆရာ၊ မိဘများနဲ့ တန်းတူထား၍ အခိုင်အမာ သတ်မှတ်ခံယူထားကြပါတယ်။ မြတ်ဆရာများရဲ့ စေတနာ၊ မေတ္တာ၊ မုဒိတာ စတဲ့ တုနှိုင်းမဲ့ စိတ်ရင်းကောင်းများ၊ ဆရာ့တာဝန်၊ အကျင့်သိက္ခာ များကို အများအကျိုးအတွက် ထူးထူးခြားခြား စွန့်လွှတ်၊ စွန့်စားမှုများ စတဲ့ ဂုဏ်ပုဒ်တို့ကို ပညာရှင်ကြီးများသာမက ကျောင်းသူ၊ ကျောင်းသားများကလည်း ချီးကျူးဂုဏ်ပြု ကြပါတယ်။ ပညာရေးစနစ် လက်တွေ့အကောင်အထည်ဖော်နေတဲ့ ဆရာများအား မှန်ကန်တဲ့

အတွေးအခေါ်၊ အယူအဆ၊ စိတ်နေသဘောထားစတဲ့ စိတ်ပိုင်းဆိုင်ရာ၊ အသိပညာ၊ အရည်အသွေးများထားရှိပြီး သင်ပြရေး၊ စီမံခန့်ခွဲရေး၊ ဆက်ဆံရေး၊ လေ့လာသင်ယူရေး၊ လက်တွေ့ပိုင်းဆိုင်ရာ အတတ်ပညာ တတ်ကျွမ်းမှု ရှိရပါမည်။ အတွေးအခေါ်၊ အယူအဆမှန်ကန်မှုဖြင့်၊ မြင့်မြတ်မှုတို့ဖြင့် မြင့်သော ဘဝ၊ မြတ်သောဘဝအဖြစ် ခံယူလျက်ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်းလေး ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ပညာတတ်နှင့် ပညာရှင်တို့ရဲ့ အဓိပ္ပယ်ဖွင့်ဆိုရင် ပညာတတ်၊ ပညာရှိသော၊ သုတကြွယ်ဝသော၊ စာပေကျမ်းဂန်နှံ့စပ်သော၊ ရှေးပညာရှိအဆူဆူ၊ ပညာကြီးသော၊ အကြံဉာဏ်ရှိသူ၊ ချင့်ချိန်တတ်သော ဉာဏ်ပညာရှိသောသူ Men of Wisdom, Sage Savant, Philosopher ကို ဆိုလိုပါတယ်။ ပညာဟူသည် ဂန္ထဝင်မြောက်စာပေရှင်၊ ဘာသာရပ်တစ်ခုခု၌ နှံ့စပ်အောင်သိကျွမ်းသူ Scholar in a particular branch for knowledge of study skilled person. ကို ဆိုလိုပါတယ်။ ဆရာဟူသည် ပညာလည်းတတ်၊ ပညာရှင် အထူးသဖြင့် ဖြစ်စေရမယ်။ Illustration, Academic And Gown.

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သင်ကြားသင်ယူဖြစ်စဉ် ဆရာတိုင်း မပျက်မကွက် ဆောင်ရွက်ရန် အရေးကြီးဆုံးတာဝန် ဖြစ်ပါတယ်။ တနင်္လာနေ့တိုင်း တင်သည့်မှတ်စု နေ့စဉ်မှတ်တမ်းထားရှိရပါမယ်။ သင်နည်းမှတ်စုတွင် Objectives ဦးတည်ချက်၊ ရည်ရွယ်ချက်၊ Collection of Teaching Materials သင်ပြမှုအကြောင်းအရာများ စဉ်းစားခြင်း၊ Methods of Teaching သင်ပြနည်းကိုစဉ်းစားခြင်း၊ Evaluation စစ်ဆေးတိုင်းတာမှုကို မှန်ကန်အောင်စဉ်းစားခြင်း၊ လပိုင်းမာတိကာ သတ်မှတ်ချက်များနှင့်အညီ သင်ကြားနိုင်ရပါမည်။ သင်ခန်းစာကြိုတင်ပြင်ဆင်မှုနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုမှု ရှိရပါမည်။ ကလေးဗဟိုပြု ချဉ်းကပ်မှုနဲ့ သင်ပြနည်း၊ စစ်ဆေးတိုင်းတာခြင်း စနစ်နဲ့ ချိတ်ဆက်နေရပါမည်။ သင်ကြားနည်းလမ်းနှစ်သွယ်မှာ (၁) ဘာသာရပ် ဗဟိုပြုပုံစံ Rote Learning, Subject, Centered, Teacher Centered, Lecture and Note-Taking (၂) သင်ယူသူဗဟိုပြုပုံစံ Child-Centered, Learner-Centered ကလေးများ လက်တွေ့လုပ်ဆောင်ရသော အတွေ့အကြုံနဲ့ လုပ်ငန်းများပေးခြင်း၊ သင်ယူရာတွင် ကလေးများဟာ ပျော်ရွှင်လာရမည်။ စိတ်ပါဝင်စားလာရမည်။ တက်ကြွစွာသင်ယူလာရမည်။ ယုံကြည်မှုများ

ရှိလာရမည်။ နေ့စဥ်လူနေမှုဘဝ၌ အသုံးချတတ်လာရမည် ဖြစ်ပါသည်။ ဆရာသည် ကလေးများနှင့် ဆရာအကြားတွင်သာမက ကလေးအချင်းချင်းပါ ကောင်းမွန်သောဆက်ဆံရေးကိုပါ ဖန်တီးပေးရပါမည်။

ဆရာရဲ့လုပ်ဆောင်ချက်များမှာ ရင်းနှီးချစ်ခင်မှုရရှိ၍ ကြင်နာသော သဘောထားနဲ့ အပြုအမူ၊ ကလေးများနဲ့ပျူငှာစွာပြောဆိုဆက်သွယ်ခြင်း၊ တူညီသော မျက်လုံးအနေအထားတွင်ထား၍ ကလေးများအား စကားပြောဆိုခြင်း၊ လှည့်လည်ကြည့်ရှုခြင်းဖြင့် ကလေးတစ်ဦးစီအား လေ့လာကြည့်ရှုခြင်း၊ ကလေးများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးခြင်း၊ ကလေးများအား လေးလေးနက်နက်စဥ်းစားရန် တိုက်တွန်းအားပေးခြင်း၊ ကလေးများနှင့် တက်ကြွစွာပါဝင်ရောနှောခြင်း၊ စာရေးခုံများ နေရာချထားခြင်း အချုပ်ဆိုသော် ကလေးသူငယ် ကျောင်းသားများသည် သင်ယူလိုစိတ်ရှိအောင် Learning Want to Learn၊ စနစ်တကျ သင်ယူတတ်အောင် Learning how to learn and find information effectively တို့ကို ဖော်ထုတ်ပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျောင်းကောင်း၊ ဆရာကောင်းများအပေါ် မူတည်ပါသည်။ နိုင်ငံနဲ့လူမျိုး ရှင်သန်ဖွံ့ဖြိုးမှုသည် လူ့စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်ပေးရသော ပညာရေးအပေါ် လုံးဝတာဝန်ရှိပါသည်။

ပညာရေးခေတ်သစ်၏ ဘဝဇာတ်ဆရာဖြစ်တဲ့ ဥယျာဥ်မှူးဆရာသည် မိမိကိုယ်တိုင် သင်ယူမှုကို မြတ်မြတ်နိုးနိုး (Love for Learning) နဲ့ သင်ယူနည်းကို အစဥ်လေ့လာကြံဆ (How to Learn) ကို ရှာဖွေရပါမည်။ ထို့အပြင် မိမိ၏တပည့်များအား လေ့လာသင်ယူမှုကို အစဥ်မြတ်နိုးတန်ဖိုးထားတတ်အောင် (Love for Learning) တစ်နည်းအားဖြင့် လေ့လာသင်ယူခြင်းကို မြတ်နိုးမှု၊ တပည့်တို့က ကိန်းအောင်းပါရှိ သွားအောင် ကြံဆောင်ကြိုးပမ်းရပါမည်။ ဒါဟာ ဆရာတိုင်းလေ့လာ မှတ်သား ဆောင်ရွက်ရမယ့်တစ်ချက် ဖြစ်ပါတယ်။ အရည်အသွေးရှိသောပညာနဲ့ အရည်အချင်းရှိသော ဆရာ (Quality Teacher for Quality Education)၊ Quality Education အရည်အသွေးရှိသောပညာရေးသည် ပညာ (Knowledge)၊ တန်ဖိုးရှိမှု (Value)၊ ဘဝနှင့် ဟပ်စပ်မှု (Relevant To Life)၊ လက်တွေ့အသုံးဝင် လုပ်ဆောင်မှု (Practical Skills) ဒါ့အပြင် (၁) ဗဟုသုတ Up to Date ရှိရမယ်၊ (၂) သင်ရိုးညွှန်းတမ်းပါရမယ်၊ (၃) လူတွေကို တန်ဖိုးထားတတ်ရမယ်၊ (၄) ဘဝနှင့်ဟပ်စပ်မှု ရှိရမယ်၊ (၅) Life Skill

နှင့်ကျွမ်းကျင်မှု ရှိရမယ်။ Quality Teacher အရည်အချင်းရှိသော ဆရာသည် အောက်ပါ အရည်အချင်းများနဲ့ ပြည့်စုံရပါမည်။ ပညာအရည်အချင်းရှိ (Professional Qualification)၊ စိတ်နေသဘောထား ဖြူစင်ခြင်း (Purity and Honest of Heart)၊ အမိန့်နာခံတတ်ခြင်း (Obedience)၊ ပေါင်းသင်းဆက်ဆံရေးနွေးထွေးခြင်း (Warmth)၊ ဟန်ဆောင်မှုကင်းမဲ့ခြင်း (Genuineness)၊ စာနာထောက်ထားမှုရှိခြင်း (Empathy)၊ စေတနာကောင်းမွန်ခြင်း (Love and Good goodwill Mission)၊ အစဉ်လေ့လာသင်ယူခြင်း (Life long learner)။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ် ဖော်ဆောင်မယ့် အရည်အချင်းပြည့် ဆရာတွေဟာဆိုရင် Qualified Teachers for Quality Human Resource၊ သင်ယူသူတို့ ဖြည့်ဆည်းရမည့် အရည်အသွေးမှာ ဦးဆောင်မှုကို ကိုယ်ပိုင်စွမ်းရည် ရှိရမယ် (Initiative)၊ ဖန်တီးတီထွင်တတ်မှုရှိရန် (Creativity)၊ ဆန်းသစ်တီထွင်တတ်ရန် (Innovation)၊ ဆန်းသစ်ဝေဖန်တတ်ရန် (Critical Thinking)၊ ပြဿနာဖြေရှင်းတတ်ရန် (Problem Sloving)၊ ကျင့်သုံးလုပ်ဆောင်တတ်ရန် (Implementation)၊ လက်တွေ့အသုံးချ တတ်ရန် (Application)၊ တန်ဖိုးထားတတ်ရန် (Valuation)၊ ယဉ်ကျေးသောနိုင်ငံသားကောင်း ဖြစ်ရန်၊ (Civilized Citizenship)၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရန် (Upkeep of Tradition and Culture)၊ အမျိုးသားစိတ်ဓာတ်ရှိခြင်း (National Spirit)၊ ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်း (Union Spirit) အမျိုးသားလက္ခဏာပေါ်လွင်စေရန် (National Identity)၊ စည်းကမ်းသေဝပ်မှု ရှိရန် (Well Discipline) ထိုသို့သော လူ့စွမ်းအားအရင်းအမြစ် ဖော်ဆောင်ပေးမယ့် ဆရာ့အခန်းကဏ္ဍဟာ တင်ပြ တင်ဆက်ပြသသူ Prensenter of Knowledge Information and Conduct၊ ပညာကိုလွယ်ကူစွာပေးကမ်းသူ (Facilitator Role)၊ ပညာရေးပုံစံဗိသုကာ ရေးဆွဲသူ (Designer's Role)၊ စိန်ခေါ်မှုကို အဓိပ္ပာယ်ကို ဆက်လက်ဖွင့်ဆိုရမယ်ဆိုရင် မသိလို့မဖြစ်၊ မတတ်လို့မဖြစ်၊ မသုံးလို့မဖြစ်၊ မရှိလို့မဖြစ်၊ မဆောင်ရွက်လို့မဖြစ်၊ မပူးပေါင်း မပါဝင်လို့ မဖြစ်ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုသွားပါတယ်။

သို့ဖြစ်ပါ၍ ဆရာ့အား နောက်ဆုံးပညာရေး အတွေးအခေါ်နဲ့ ကျင့်သုံးမှုအရ ပညာရေးမျှော်မှန်းချက်၊ ပညာရေးမြှင့်တင်မှုအစီအစဉ်ကိုပါ နှစ်စဉ်စီမံကိန်းများ ဖော်ဆောင် နိုင်ရပါမယ်။ ကျော်ကြားထင်ရှားသော ပညာရှင်ဆရာတို့ရဲ့ ဂုဏ်အင်္ဂါ(၃)ရပ်မှာ ကတိကဝတ်ပြု

တာဝန်ခံတတ်သောသူ (Commitment to the Profession)၊ တပည့်များအား ချစ်မြတ်နိုးမှု ရှိသောသူ (A Sense for belongingness with students)၊ အမြဲတမ်းပညာ လေ့လာဆည်းပူး လိုသော ဆန္ဒပြင်းပြမှုရှိသူ (A deep Love for Lifelong Learning)။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသတိပြုရန် မှားယွင်းသော လုပ်ရပ်များ။ ဘာသာရပ် အလိုက် သင်ခန်းစာအားလုံးကို မသင်ဘဲ သင်ပြီးသလောက်သာ စစ်ဆေးအအောင်ပေးခြင်း၊ အားနည်းတဲ့ ဘာသာရပ်များ ကုစားသင်ကြားခြင်းမပြုဘဲ အမှတ်တိုးပေးခြင်း၊ စာသင်ခန်းတွင် ပြီးစလွယ်သင်ကြားပြီး ငွေကြေးရယူ၍ ပြင်ပတွင် ဖိဖိစီးစီးသင်ကြားခြင်း၊ ဖြေဆိုချက်တွင် ပြည့်စုံမှန်ကန်သော်လည်း မိမိသင်ပေးထားတဲ့အတိုင်း ဖြေဆိုခြင်းမဟုတ်၍ အခြားကျူရှင်တွင် တက်ရောက်သင်ယူမှုကို မလိုမုန်းထား၍ အမှတ်ကို လျှော့ပေးခြင်း၊ စာသင်ခန်းတွင် ကြိမ်လုံး၊ ဝါးလုံး ထားရှိအသုံးပြုခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ဘက်လိုက်ခြင်း၊ ခွဲခြား၍ ပြစ်ဒဏ်ပေးခြင်း၊ မလျော်သောပြစ်ဒဏ်ပေးခြင်း၊ မိမိ၏အခြားမကျေနပ်ချက်ကို အရင်းခံ၍ သာမန်ဖောက်ဖျက်မှု၊ ပျက်ကွက်မှုအပေါ် လူမဆန်သည့် ပြစ်ဒဏ်အဖြစ် အနာတရဖြစ်သည်အထိ၊ ရန်ငြိုးရှိသူကဲ့သို့ ရိုက်နှက် ပြစ်ဒဏ်ပေးခြင်း၊ သင်ခန်းစာကြိုတင်ပြင်ဆင်မှုမရှိဘဲ၊ စာသင်ခန်းသို့ ဝင်ရောက် လာပြီး သင်ခန်းစာ အကြောင်းအရာများကို နှုတ်တိုက်ကျက်မှတ်စေခြင်း ကလေးဗဟိုပြု ချဉ်းကပ်မှု မရှိခြင်း၊ သင်ထောက်ကူပစ္စည်း၊ သိပ္ပံလက်တွေ့ပစ္စည်း အသုံးမပြုခြင်း၊ အသုံးမပြုဘဲ သင်ကြားခြင်း၊

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်သိက္ခာ စောင့်ထိန်းရေးနှင့်စပ်လျဉ်းပြီး တော့ မြန်မာ့လူ့အဖွဲ့အစည်း သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟူ၍ သိက္ခာ (၃) ရပ်ရှိပါတယ်။ ဂုဏ်အားဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ဟူ၍ ဂုဏ်(၃) ရပ်ရှိပါတယ်။ သီလကိုမှန်ရောင်၊ သမာဓိကို ကျောက်တောင်၊ ပညာကို တန်ဆောင် ဟူ၍ တင်စား ဖော်ပြထားတာကိုလည်း လေ့လာမှတ်သားရပါတယ်။ ရှင်ရဟန်း၌ လည်းကောင်း၊ လူပုဂ္ဂိုလ်၌ လည်းကောင်း၊ ဆရာ၌လည်းကောင်း (ရဟန်းရှင်၊ လူပုဂ္ဂိုလ်၊ ဆရာ) အသီးသီး၌လည်းကောင်း အဆိုပါကျင့်ဝတ်သိက္ခာပိုင်း သိက္ခာ(၃)ရပ်၊ ဂုဏ်(၃)ရပ်တို့နှင့် ကောင်းစွာပြည့်စုံရန် လိုအပ်ပါ တယ်။ အားနည်းချက်များ၊ မှားယွင်းသောလုပ်ရပ်များကို ရှောင်ရှား၍ ဆရာနှင့်တူသော ဆရာ ဖြစ်ရေး၊ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေး၊ ကျောင်းသူ ကျောင်းသားများရဲ့ သင်ယူ

တတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေတဲ့ကလေးတိုင်း ကျောင်းပျက်ကွက်မှု မရှိရေး၊ ကျောင်းပြန်ဖွင့်ချိန်တွင် ကျောင်းအပ်နှံရန်ပျက်ကွက်သည့် ကလေးများအား ကျောင်းပြန်နေစေရေး၊ အပိုငွေကောက်ခံမှုများ ကင်းရှင်းရေး၊ ပြောဆိုနေထိုင် ကျင့်ကြံမှုများ၊ မိဘများနဲ့ ကျောင်းသူ၊ ကျောင်းသားများအတွက် စံနမူနာပြု ရရှိစေရေးတို့ ဖြစ်ပါတယ်။

မိမိကိုယ်ကို ဆန်းစစ်ဆင်ခြင်သုံးသပ်ရန်အချက်များ၊ အုမတောင့်မှ သီလစောင့်နိုင်မည်ဟု ပြောလေ့ပြောထ ရှိပါသည်။ သီလစောင့်မှ အုမတောင့်လာနိုင်ကြောင်း ကျွန်တော်တို့ အထူးဂရုပြုကြရပါမည်။ တစ်ခါတစ်ရံ၌ သိက္ခာကို ရိက္ခာနှင့် လဲလှယ်လိုက်သည်ဟူသော အတွေးအခေါ် အယူအဆမှာလည်း ဝင်လာတတ်ပါတယ်။ သိက္ခာနှင့် ရိက္ခာ ယှဉ်တွဲလာရင်တော့ ရိက္ခာပိုင်းမှာ ကိုယ့်လိပ်ပြာ အမြဲရှင်နေပါတယ်။ သိက္ခာကို ရိက္ခာနှင့်လဲလိုက်တဲ့အခါမှာ အသပြာဆရာအဖြစ်သို့ မရှုမလှ ကျဆင်းသွားတတ်ပြီး ဆရာ့ဘဝ၌ နလံမထူနိုင်တော့ပါ။ မွန်မြတ်သော ဆရာ့ဘဝ၊ ဆရာ့အလှဖြစ်၍ ဆရာ့သိက္ခာကျဆင်းသွား ရခြင်းကြောင့် ဆရာတစ်ဦး မဟုတ်တော့ပါ။ မွန်မြတ်သော ဆရာ့ဘဝ ဆုံးရှုံးသွားရပါတယ်။ မွန်မြတ်သောဆရာဟာ တပည့်များကို မိမိတို့ထက် ထူးချွန်ထက်မြက်နိုင်အောင် မွေးထုတ် ပေးနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မိမိတို့မြို့နယ်အတွင်းရှိ မြို့နယ် ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနဲ့ ကျောင်းအုပ်ကြီးများရဲ့ စီမံခန့်ခွဲမှု အောက်မှာရှိတဲ့ ကျောင်းများမှာ မိမိအတွက် စိစစ်ပြီးတော့ ပညာရေးဝန်ထမ်းစစ်စစ် နေချင်ပါသလား။ ကိုယ့်တာဝန် ကျေပွန်ဖို့ ကျောင်းတက်၊ ကျောင်းသွားဆိုတာ ကူညီပေးဖို့ပဲ ဖြစ်ပါတယ်။ အားနည်းချက်တွေ ကုစားဖို့၊ အချိန်မီ ပြုပြင်ဖို့၊ ဆွေးနွေးဖို့၊ အမှားရှိရင် ကြည်ဖြူဖို့၊ ကိုယ်ချင်းစာ၊ စာနာတတ်သော ဆရာ၊ ဆရာမများဖြစ်ဖို့ လိုပါတယ်ဟု သုံးသပ်ပါတယ်။ ခေတ်ဟောင်း၊ စနစ်ဟောင်း၊ လမ်းဟောင်းအတိုင်း လိုက်နေတာကို စိတ်ရောကိုယ်ပါ ပြုပြင်သင့်ပါသည်။ စိတ်အတွက်ရော ကိုယ်အတွက်ရော Change ရည်ရွယ်ချက်၊ Changes လုပ်သင့်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်နှင့်အညီ ပြည်သူတွေကို ပွင့်လင်းမြင်သာသော ရှင်းလင်းပြသ၍ ဆွေးနွေးကြရင်း ပြည်သူ့အသံတွေကို ကြားနိုင်သမျှကြားအောင် နားစိုက်ထောင်ပြီး ပြည်သူ့အတွက် ခြေသုတ်ပုဆိုး မြေခွေးစွယ်ကျိုးလို ကျင့်ကြံနေထိုင်ကာ ကောင်းမွန်သော

အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်အောင် အားလုံးပူးပေါင်း၍ ဒီမိုကရေစီ စနစ်မှန်ကို ဖော်ညွှန်း၍ ပညာရေးစနစ်ကောင်းအောင် ဖော်ဆောင်ခြင်းသာမက အမိမြန်မာ နိုင်ငံတော်ရဲ့ အနာဂတ်ကိုကောင်းအောင် ဖန်တီးရှင် ဆရာ၊ ဆရာမများဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများ၏ လိုအင်ဆန္ဒများ ဖြည့်ဆည်းကူညီပံ့ပိုးပေးနိုင်မယ့် အကြီးအကဲအဆင့်ဆင့်၊ အဆင့်ဆင့်ထံသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား လေးလေးနက်နက် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၅း၁၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်။ ၁၅း၁၇။**

**ဦးမနားနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဦးနိန်းခင်းပေါင် ၏ အခြေခံပညာဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လုပ်ငန်းဆွေးနွေးပွဲများ ဖြည့်ဆည်းပံ့ပိုးကူညီပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်။ ၁၅း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနိန်းခင်းပေါင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ သွားပါတယ်။ အဆိုမှာ အခြေခံပညာဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်း ကူညီပံ့ပိုးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးနိုန်းခင်းပေါင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၅း၁၈။**

**ဥက္ကဋ္ဌ။** ။ ဦးနိုန်းခင်းပေါင် တင်သွင်းမယ့်အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**အချိန်။ ၁၅း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၅း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့အစည်းအဝေးကို ၁၅း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]